ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday 3 June 2018 ၉၃၀၆

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

# တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

# တစ်နိုင်ငံလုံးတွင် မန္တလေးတိုင်းဒေသကြီး အောင်ချက်အကောင်းဆုံးဖြစ်

**မန္တလေး ဇွန် ၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံးတွင် ဇွန် ၂ ရက်က ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ၃၈ ဒသမ ၁၇ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာတွင် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးဖြင့် အောင်မြင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ယခင်နှစ်ထက် အောင်မြင်မှုရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောသည်။

"ပြီးခဲ့တဲ့နှစ်က တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းဒေသကြီးအနေနဲ့ တစ်နိုင်ငံလုံးမှာ ဒုတိယအောင်ချက်အကောင်းဆုံးဖြစ်ခဲ့ပြီး မွန်ပြည်နယ်က အောင်ချက်အများဆုံးဖြစ်ခဲ့တယ်၊ ဒီနှစ်မှာတော့ မန္တလေးတိုင်းဒေသကြီးက အောင်ချက် ရာခိုင်နှုန်းအများဆုံးပါ၊ ဒီနှစ်အောင်မြင်သူတွေထဲမှာ ထူးခြားချက်ကတော့ အိုးဘိုအကျဉ်းထောင်က အောင်မြင်သူအားလုံးနီးပါးက ဂုဏ်ထူးထွက်ကြတယ်၊ အထူးသဖြင့် ကလေးအများစုက ကျက်စာတွေဖြစ်တဲ့ အတွဲ ၂ မှာ ဂုဏ်ထူးထွက်တာများတယ်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

**အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲတွင် ပြုံယမ်းနျူကလီးယား အရေး အဓိက ဆွေးနွေးမည်**

စာမျက်နှာ - ၄

**မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် ၂၀၁၈ အတွက် အဆိုပြုလွှာများ ခေါ်ယူ**

စာမျက်နှာ - ၅

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူများ၏ ဝမ်းသာပီတိ စကားသံများ**

စာမျက်နှာ - ၉



**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြည့်ရှုသူများအား တွေ့ရစဉ်။** သန်းဝင်း(သန်လျင်)



# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဖဲကတာချောင်းကူးတံတားအား ဖွင့်လှစ်ပေးပြီး တရုတ်လှမြစ်ကမ်းထိန်း ကျောက်စီတမံအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဇွန် ၂ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ဖဲကတာကျေးရွာ ချောင်းကူးတံတားအား တက်ရောက်ဖွင့်လှစ်ပေးပြီး တရုတ်လှကျေးရွာရှိ သံလွင်မြစ်ကမ်းထိန်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဖဲကတာကျေးရွာချောင်းကူးတံတားဖွင့်ပွဲကို နံနက် ၈ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းနှင့် တာဝန်ရှိသူများက အဆိုပါတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဖဲကတာကျေးရွာ ချောင်းကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာထောက်ပံ့ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၁၀၀၊ လူသွားလမ်း တစ်ပေခွဲစီပါ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ အလှူရှင်များမှ လှူဒါန်းငွေကျပ် သိန်း ၂၀၀၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၂၁၂၁၆၈၃၀ စုစုပေါင်း ငွေကျပ် ၇၁၂၁၆၈၃၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် နံနက် ၁၀ နာရီတွင် တရုတ်လှကျေးရွာ သံလွင်မြစ်ကမ်းထိန်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောက်စီတမံတည်ဆောက်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

တရုတ်လှကျေးရွာသည် သံလွင်မြစ်ကမ်းနဖူးတွင် တည်ရှိပြီး ယခင်က ရေဝဲလှည့်ပြီးကမ်းပြိုသဖြင့် လူနေအိမ်များနှင့် နီးကပ်လာသည့်အတွက် ကျောက်စီတမံကို တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ရန်ပုံငွေကျပ် ၁၆၁ ဒသမ ၂၆ သန်းဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလျားပေ ၃၀၀၊ အမြင့် ၄၅ ပေခန့်ရှိ ကျောက်စီတမံကို တာဝန်ယူတည်ဆောက်ခဲ့ပြီး မေ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကြေးမုံ

## လူသားချင်းစာနာထောက်ထားမှုဖြင့် ကူညီ

မြန်မာနိုင်ငံအတွင်း ပြည်တွင်းပဋိပက္ခများကြောင့် နေရပ်မှစွန့်ခွာသွားကြသူများအား လူသားချင်းစာနာထောက်ထားသောအားဖြင့် ဒေသမရွေး၊ လူမျိုးမရွေး တစ်ပြေးညီကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ လက်ရှိတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများနှင့် ကချင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသွားကြရသော ပြည်သူများကို တွေ့ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများအနက် မိမိတို့သဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ မူလနေထိုင်ရာနေရာများ သို့မဟုတ် အနီးစပ်ဆုံးနေရာများသို့ နေရာချထားပေးလျက် ရှိသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းတို့အား နိုင်ငံသားလျှောက်ထားသည့် အစီအစဉ်တွင် ပထမအဆင့် NV Card ကိုင်ဆောင်ခြင်း၊ တစ်ပြိုင်တည်းမှာပင် နိုင်ငံသားစိစစ်မှုကို ဥပဒေနှင့်အညီ ခံယူရန်လိုအပ်သော လျှောက်လွှာများဖြည့်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရှိသော ၎င်းတို့၏မိသားစုဝင်များအား သံတမန်နည်းလမ်းဖြင့် ဆက်သွယ်ခေါ်ယူပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာနှင့်မိသားစုအသုံးအဆောင်များ ထောက်ပံ့ပေးဝေခြင်းတို့အပြင် နေထိုင်ရန်အတွက် အိမ်ရာများပါ စီစဉ်ပေးနေသည်ကိုတွေ့ရသည်။ တစ်ဆက်တည်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ နေရပ်ပြန်သူများအား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု၊ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် လူမှုပေါင်းစည်းနည်းပညာများဖြင့် ဆက်လက်ပံ့ပိုးကူညီရန် စီစဉ်နေခြင်းသည် လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်အပြည့်ဖြင့် ကူညီဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကို ကူညီဆောင်ရွက်ပေးနေသလို ကချင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာကြရသော ပြည်သူများကိုလည်း ပစ်ပယ်ထားခြင်းမရှိချေ။ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းမှအသင်းအဖွဲ့များ၊ လုပ်ငန်းများနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကချင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်းမှအသင်းအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ကူညီထောက်ပံ့ပေးနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်လပိုင်းက ကချင်ပြည်နယ်အတွင်း ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ပြည်သူများသည် ၎င်းတို့၏ကျေးရွာများမှ စွန့်ခွာသွားခဲ့ရကာ ဆင်းရဲဒုက္ခရောက်ကြရသည်။ စားဝတ်နေရေးအတွက် အခက်အခဲများဖြစ်ကြရသည်။ ဇွန်လ ၁ ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ရန် ငွေကျပ် သိန်း ၄၀၀ ကို ပေးအပ် လှူဒါန်းခဲ့ရာ နေရပ်စွန့်ခွာရသော ပြည်သူများ၏ စားဝတ်နေရေးအတွက် အထောက်အပံ့တစ်ခု ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူများအား နိုင်ငံတော်အစိုးရနှင့်အတူ ကူညီထောက်ပံ့ဆောင်ရွက်ပေးမှုများသည် ဘာသာလူမျိုးမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ်အပြည့် ဆောင်ရွက်ပေးနေသည်ကို သိမြင်နားလည်ကြပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်ဒုက္ခရောက်နေချိန်တွင် ကူညီဆောင်ရွက်ပေးခြင်းသည် မွန်မြတ်သော အမှုဖြစ်သည်ကို လူသားတိုင်း သိရှိနားလည်ထားကြပြီးဖြစ်ရာ မှန်ကန်သော ရပ်တည်ချက်များဖြင့် ကူညီထောက်ပံ့မှုများတွင် ပူးပေါင်းပါဝင်ကြလိမ့်မည်ဟု ယုံကြည်ထားပါသည်။ ။

## နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဝန်ထမ်း သားသမီးများအား ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ဦးဆောင်မှုဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တပ်ဖွဲ့လက်အောက်ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၃၁ ရက် ညနေ ၆ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး စုစုပေါင်း ၆၄ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာ တန်ဖိုးငွေကျပ် ၂၁၅၈၀၀ အား နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**




## သားသားကျောင်းတက်ချိန်

❖ သားသားမျက်နှာ ပြုံးရွှင်ကြည်

သားသားကျောင်းတက်ပြီ၊

ကျောင်းစိမ်းတူညီ ဝတ်ဆင်မြန်း

သားသားဇာနည် KG တန်း။

❖ ကျောင်းဝင်လမ်းက စံပယ်ရုံ

ဖြူဖွေးသင်းပျံ့ထုံ၊

ကျောင်းဝတ်စုံကို သူပြိုင်တော့

သားသားခေါင်းလေးမော့။

❖ ကြော့ကြော့ကလေး ကျောင်းဝင်လာ

ဖော်ပေါင်းစုံလင်စွာ၊

ယဉ်ကျေးလိမ်မာ မေ့ရင်သွေး

ဝလုံး ဝိုင်းဝိုင်းရေး။ ။

အောင်လံမြေ-နေညိုညို

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနားခဲ့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မောင်တော ဇွန် ၂**

မောင်တောဒေသ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် အမြန်ရေယာဉ်များဖြင့် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့်အဖွဲ့သည် မောင်တောမြို့ လေးမိုင်ရပ်ကွက်ရှိ တန် ၅၀၀ ဆံ့ Storage Silo တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိန္ဒူဘာသာဝင်များထားရှိသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းရှိသူများ၏ ကျန်းမာရေး၊ ပညာရေးအခြေအနေများနှင့် နေထိုင်ရေးအခြေအနေများကို တွေ့ဆုံမေးမြန်းပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ကညင်ချောင်းစီးပွားရေးဇုန် မြေသားလမ်းတည်ဆောက်နေမှုနှင့် ဟိန္ဒူဘာသာဝင်များအတွက် နေအိမ်ဆောက်လုပ်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောဒေသခံ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားနည်းချက်နှင့်အားသာချက်များကို ပွင့်လင်းမြင်သာစွာ အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကအရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေနှင့်အညီ စီရင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ထို့အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ် မလုပ်လျှင်မဖြစ်သည့် ကဏ္ဍကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ပို၍ အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်းရှိ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် အပြုသဘောဆောင်သည့် အကြံပြုဆွေးနွေးမှုများကို လွတ်လပ်ပွင့်လင်းစွာဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မောင်တောခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ကညင်ချောင်းစီးပွားရေးဇုန် မြေသားလမ်းတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့်အဖွဲ့သည် ကြိမ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကြိမ်ချောင်းကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် လှဖိုးခေါင်ကြားစခန်းသို့ရောက်ရှိကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် CITF စီမံကိန်း ဒါရိုက်တာ ဦးသက်နိုင်တို့က စခန်းတည်ဆောက်ထားရှိမှုအခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ငွေရည်ပုလဲကုမ္ပဏီအုပ်စုက ကျပ်သိန်း ၃၀၀ လှူဒါန်း

**တောင်ကြီး ဇွန် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများအတွက် ငွေရည်ပုလဲကုမ္ပဏီအုပ်စုက အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲကို မေ ၃၁ ရက် ညနေ ၄ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောသည်။ ငွေရည်ပုလဲကုမ္ပဏီအုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့် အမှုဆောင်ဒါရိုက်တာ ဦးစိန်မျိုးအောင်တို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က




လက်ခံခဲ့ပြီး**(အပေါ်ပုံ)** မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ ဂုဏ်ပြု ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# မင်းတပ်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ တိုးချဲ့ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**မင်းတပ် ဇွန် ၂**

ချင်းပြည်နယ် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးသည် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတိုးချဲ့အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုတို့ကို မေ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေကျပ် သန်း ၂၀၀ ဖြင့် (ပေ ၁၄၀ × ၅၆ ပေ) အကျယ်အဝန်းရှိ သားဖွား/မီးယပ်ဆောင် အာရ်စီ ကွန်ကရစ်နှစ်ထပ်တိုက်နှင့် ပြည်သူ့ဆေးရုံ ရှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေကျပ် သန်း ၂၀၀ ဖြင့်(၁၈၄ ပေ × ၄၃ ပေ)ကို ဆောက်လုပ်လျက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးက အရည်အသွေးမပြည့်မီသော အုတ်များမသုံးရန်၊ သံကူကွန်ကရစ် အဆောက်အအုံနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း အရည်အသွေး ပြည့်မီအောင် သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲတွင် ပြဲ့ယမ်းန်ျူကလီးယားအရေး အဓိကဆွေးနွေးမည်

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ယခင်သတ်မှတ်ထားသည့် ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် မြောက်ကိုရီးယားန်ျူကလီးယားစွန့်ပယ်ရေးကိစ္စရပ်ကို အဓိကဆွေးနွေးကြမည်ဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲတွင် မြောက်ကိုရီးယား၏ န်ျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့် ပတ်သက်ပြီး အကျိုးဖြစ်ထွန်းစေသော သဘောတူညီချက်တစ်ရပ် ထွက်ပေါ်စေရန် နှစ်နိုင်ငံခေါင်းဆောင်များက ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

သမိုင်းတွင်မည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ယခင်သတ်မှတ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သမ္မတထရန့်က ဇွန် ၂ ရက်တွင် ကြေညာခဲ့သည်။ ယခုကျင်းပမည့် ထိပ်သီးအစည်းအဝေးသည် ကမ္ဘာ့နိုင်ငံများအတွက် အကျိုးများစေနိုင်ကြောင်းနှင့် နှစ်နိုင်ငံအကြား အစည်းအဝေးပွဲများကျင်းပရန် လမ်းဖွင့်ပေးရာရောက်ကြောင်း သမ္မတထရန့်က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် န်ျူကလီးယားလက်နက်စွန့်ပယ်ရန် သဘောတူညီသည့်တိုင် ၎င်းအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပစ်မည်မဟုတ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။ သို့သော် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မှုမရှိသည့်အတွက် အကြီးစားစီးပွားရေးပိတ်ဆို့မှုများကို ချမှတ်မည်မဟုတ်ကြောင်း သမ္မတထရန့်က ဆိုသည်။

အမေရိကန်အစိုးရက မြောက်ကိုရီးယားနိုင်ငံအား ၎င်းပိုင်ဆိုင်ထားသော န်ျူကလီးယားလက်နက်ကို အပြီးတိုင် စွန့်ပယ်ရန် တိုက်တွန်းထားသည်။ ပြဲ့ယမ်းအနေဖြင့် န်ျူကလီးယားလက်နက်ကို စွန့်ပစ်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ သို့သော် အမေရိကန်အနေဖြင့် စစ်ရေးခြိမ်းခြောက်မှုများ မပြုလုပ်ရန်နှင့် မြောက်ကိုရီးယားအစိုးရ၏ လုံခြုံရေးကို အပြည့်အဝ အာမခံမှုပေးရန် မြောက်ကိုရီးယားနိုင်ငံက တောင်းဆိုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





# အာဖဂန်နစ္စတန်တွင် မေလအတွင်း ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၈၃ ဦးထက်မနည်း သေဆုံးခဲ့ရ

**ကဘူး ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် မေလအတွင်းက ဖြစ်ပွားသော လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၈၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အာဖဂန်အရေးစောင့်ကြည့်လေ့လာသည့် အဖွဲ့တစ်ဖွဲ့က ဇွန် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ်မေလအတွင်း၌ အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ ပြည်နယ် ၃၄ ခုအနက် ၂၃ ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် အရပ်သား ဦးရေ ၅၀၀ ကျော်ခန့်မှာ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းကိန်းဂဏန်း အရေအတွက်မှာ အရပ်သားများထိခိုက်သေဆုံးမှု ထိန်းချုပ်ရန်အတွက် သတိမမူကြခြင်းများကို ပြသနေကြောင်း လွတ်လပ်သော အရပ်သားကာကွယ်စောင့်ရှောက်မှု ထောက်ခံအားပေးရေးအဖွဲ့(စီပီအေဂျီ)၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လက်နက်ကိုင်အုပ်စုများ၏ အသေခံဗုံးခွဲတိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံးထောင်ဖောက်ခွဲခြင်း၊ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ စိန်ပြောင်းကျည်များကျရောက်ပေါက်ကွဲခြင်းနှင့် အာဖဂန်အစိုးရလုံခြုံရေးတပ်ဖွဲ့များက ညပိုင်းအချိန်များတွင် ပြုလုပ်သည့်စီးနင်းတိုက်ခိုက်သည့် စစ်ဆင်ရေးများကြောင့် မေလအတွင်း၌ အာဖဂန်အရပ်သားပြည်သူများ သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

မေလအတွင်း၌ အရပ်သားများ သေဆုံးခဲ့သည့် မှတ်တမ်း၌ နိုင်ငံအရှေ့ပိုင်းရှိ နန်ဂါယာပြည်နယ်သည် အမြင့်ဆုံးမှတ်တမ်းဝင်ခဲ့ပြီး အရပ်သား ၂၆ ဦးသေဆုံးကာ ၁၃၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ နန်ဂါယာပြည်နယ်နှင့် အရှေ့ပိုင်းရှိ ခို့စ်ပြည်နယ်တို့သည်လည်း ထိခိုက်သေဆုံးသူ အရေအတွက် မြင့်မားသည့်ပြည်နယ်များဖြစ်သည်။

တာလီဘန်အကြမ်းဖက်များနှင့် အာဖဂန်နစ္စတန်အစိုးရတို့အနေဖြင့် အရပ်သားများ ဘေးကင်းလုံခြုံရေးကို အလေးပေးကြရန် အဆိုပါအဖွဲ့ကတောင်းဆိုခဲ့ပြီး စစ်သွေးကြွအဖွဲ့များအနေဖြင့် ၎င်းတို့၏တိုက်ခိုက်ရေးသမားများအား အရပ်သားများနေထိုင်ရာ ဒေသများ၌ တိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးလုပ်ငန်းများ ရပ်ဆိုင်းပေးရန် အဆိုပါအဖွဲ့က တိုက်တွန်းခဲ့သည်။

ယခုနှစ် ဧပြီလအတွင်းက အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်စစ်သွေးကြွများ၏ တိုက်ခိုက်မှုနှင့် အခြားလက်နက်ကိုင်တိုက်ပွဲများကြောင့် အရပ်သား ၁၈၈ ဦးသေဆုံးကာ ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း စီပီအေဂျီအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

# အနောက်ဘက်ကမ်း ဟီဘရွန်မြို့၌ အစ္စရေးစစ်သားများအား ကားဖြင့်တိုက်ရန် ကြိုးပမ်းသည့် ပါလက်စတိုင်းလူမျိုးတစ်ဦး သေနတ်ဖြင့် အပစ်ခံရ၍ သေဆုံး

**ဂျေရုဆလင် ဇွန် ၂**

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသတောင်ပိုင်းရှိ ဟီဘရွန်မြို့တွင် ဇွန် ၂ ရက်က အစ္စရေးစစ်သားများအား ၎င်း၏ကားဖြင့် တိုက်ရန်ကြိုးပမ်းသည့် ပါလက်စတိုင်းလူမျိုးတစ်ဦးသည် အစ္စရေးစစ်သား၏သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)မှ တပ်ဖွဲ့ဝင်များရှိနေသည့်နေရာသို့ ၎င်း၏ကားကိုမောင်းနှင်ကာ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းသည့်အတွက် အစ္စရေးစစ်သားများက ၎င်းအား ဦးတည်တုံ့ပြန်ပစ်ခတ်ရာ အကြမ်းဖက်တိုက်ခိုက်သူမှာ သေဆုံးသွားခဲ့ကြောင်း၊ အိုင်ဒီအက်ဖ်တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း အစ္စရေးစစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းသူမှာ ပါလက်စတိုင်းလူမျိုးဖြစ်ကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းများအကြား ပဋိပက္ခများဖြစ်ပွားနေသည့် ဂါဇာကမ်းမြောင်ဒေသနယ်စပ်ခြံစည်းရိုးအနီးတွင် ဇွန် ၁ ရက် အစ္စရေးစစ်သားများ၏ ပစ်ခတ်မှုကြောင့် အသက် ၂၁ နှစ်အရွယ် ပါလက်စတိုင်းအမျိုးသမီးတစ်ဦးသေဆုံးခဲ့ရသည်။

သေဆုံးသူမှာ ရာဇန်အယ်လ်နက်ဂျာဟု အမည်ရှိသူဖြစ်ပြီး ဂါဇာဒေသ ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ဇွန် ၁ ရက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း အစ္စရေးစစ်ဘက်မှ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ၄၀ ထိခိုက်ဒဏ်ရာရကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**အေအက်ဖ်ပီ**



# သဘင်ပညာရှင်များနဲ့ ပြည်သူများက သဘင်အနုပညာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမယ်ဆိုရင် သဘင်အနုပညာဟာ တိမ်ကောပျောက်ကွယ်မသွားနိုင်ပါဘူး

ဦးရဲထွဋ်(နာယက၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)

ရန်ကုန် ဇွန် ၂

သဘင်ပညာရပ်များ ရှင်သန်နိုင်ရေးနှင့် သဘင်ပညာရှင်များ ရပ်တည်နိုင်ရေးဆိုသည့် ရည်ရွယ်ချက်ဆောင်ပုဒ်ဖြင့် ဝါရင့်သဘင်ပညာရှင်များနှင့် ရိုးရာအနုပညာမြတ်နိုးသူများဖြင့် ပေါင်းစုဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း၏ မြန်မာ့သဘင်ရှုခင်း(၂၀၁၈)တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီကရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း၏ သုံးနှစ်ကျော်သက်တမ်းကာလအတွင်း သဘင်လောကအကျိုး၊ ပြည်သူလူထုအကျိုးသယ်ပိုးနိုင်မှုကို မီဒီယာများအား ရှင်းလင်းတင်ပြခဲ့ပြီး သဘင်ပညာရှင်များက မြန်မာ့ရုပ်သေးရုပ်စုံတင်ဆက်မှု အပါအဝင် ရိုးရာသဘင် အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သဘင်ပညာရှင်ကြီးများ၏ စကားသံများမှာ-



မန္တလေးသိန်းဇော်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)



ပန်တျာ မြကြည်(နာယက၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)



ဦးရဲထွဋ်(နာယက၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)



ဦးနန်းဝင်း(အတွင်းရေးမှူး၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)

**မန္တလေးသိန်းဇော်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)**

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ သဘင်ပညာရပ်တွေကို လက်လှမ်းမီသလောက် ဆက်လက်ရှင်သန်နိုင်ရေးကို အားစိုက်လုပ် ဆောင်ပါတယ်။ သဘင်ပညာရှင်တွေရဲ့ လူမှုရေးကဏ္ဍတွေထက် သဘင်ပညာနဲ့ပတ်သက်တဲ့ ဇာတ်ရုံတွေ ပေါ်ပေါက်ရေးကို လှုံ့ဆော်မယ်၊ တင်ပြမယ်၊ တောင်းဆိုမယ်၊ ဇာတ်ခုံပေါ်မှာ ဇာတ်ပညာတွေ၊ ဆို၊ ငို၊ ပြော ပညာတွေ အားနည်းလာတာတွေနဲ့ ပတ်သက်ပြီး ပရိသတ်ကို လှုံ့ဆော်မယ်၊ သဘင်အနုပညာရှင်တွေကိုလည်း တိုက်တွန်းမယ်၊ အားပေးမယ်၊ မြန်မာ့သဘင်၊ဂီတအနုပညာတွေ မတိမ်ကောအောင်၊ မပျောက်ကွယ်စေရအောင် အားပေးမှုတွေလည်း သူ့တန်ဖိုးနဲ့သူ ညီမျှစွာရှိနေအောင် ကြိုးစားသွားမယ်။

မြန်မာ့သဘင်မှာ ခေတ်အလိုက်ပြောင်းလဲမှုကို လက်ခံနိုင်တာရှိသလို ထိန်းသိမ်းရမယ့် အရာတွေက အများကြီးပါ။ အရိုးကို အရွက်မဖုံး ရအောင် ကမ္ဘာကနေလည်း ယဉ်ကျေးမှုကို ယူသင့်တာယူရမယ်။ ပေါင်းသင့်တာ ပေါင်းရမယ်။ မြန်မာဆိုတဲ့ သဇော်တကို ညှိုးနွမ်းပျောက်ကွယ်သွားအောင် လက်ခံလို့ မဖြစ်ပါဘူး။ အနုပညာသမားတွေက ငွေကြေးတစ်ခုတည်းကိုမကြည့်ဘဲ မြန်မာ့ရိုးရာအမွေအနှစ်တွေကိုထိန်းသိမ်းပြီး မျှတစွာလုပ်ဆောင်ရင် သဘင်အနုပညာဆိုတာ ရေရှည်တည်တံ့မှာ ဖြစ်ပါတယ်။

**ပန်တျာ မြကြည်(နာယက၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)**

မြန်မာနိုင်ငံ သဘင်ဖောင်ဒေးရှင်းကို သဘင်ထုအတွက် တတ်စွမ်းသမျှ ပံ့ပိုးဖို့၊ သဘင်ပညာ ထိန်းသိမ်းဖို့၊ သဘင်အနုပညာရှင်တွေ ရပ်တည်နိုင်ဖို့ တတ်စွမ်းသမျှ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတာပါ။ သဘင်ဖောင်ဒေးရှင်းအနေနဲ့ သဘင်အနုပညာ မပျောက်ကွယ်သွားဖို့အတွက် ရှေးမူမပျက်ရှိနေတဲ့ သဘင်ပညာတွေကို ထိန်းသိမ်းသွားမယ်။ သဘင်ဖောင်ဒေးရှင်းကနေ သဘင်ပညာသည်တွေကို မွေးထုတ်ပေးမယ်။ သဘင်နဲ့ပတ်သက်တဲ့ အဆို၊ အငို၊ အပြောတွေ ပြည်သူအများသိအောင် စွမ်းနိုင်သမျှ ကြိုးစားနေမှာပါ။

**ဦးရဲထွဋ်(နာယက၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)**

မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို အင်မတန်မှ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ လေးစားတယ်။ မြန်မာလူမျိုးဆိုတာ နှစ်ပေါင်းထောင်ချီပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဂီတ၊ ကိုယ်ပိုင်အနုပညာရှိတဲ့လူမျိုးပါ။ ကမ္ဘာမှာ မြန်မာလူမျိုးရယ်လို့ ကြွားကြွားဝံ့ဝံ့ရပ်တည်နိုင်အောင် ခိုင်မာတဲ့မြန်မာ့ဇာတ်သဘင်အနုပညာတွေကို ထိန်းသိမ်းပြီး ဘိုး၊ ဘွားတွေက ဆောင်ရွက်ပေးခဲ့တယ်။ သဘင်အနုပညာဆိုတာ အင်မတန် ဂုဏ်ယူစရာကောင်းပါတယ်။ မြန်မာ့ဇာတ်သဘင်မှာ အဆို၊ အက၊ အရေး၊ အတီး၊ အပြော စတဲ့ ပညာရပ်တွေ ပါသလို အသက်မဲ့တဲ့ အရုပ်ကြိုးဆွဲပြီးကတဲ့ ရုပ်သေးအကတွေပါပါတယ်။ အရုပ်ကြိုးဆွဲပြီးကတဲ့ ရုပ်သေးအနုပညာဆိုတာ ကမ္ဘာမှာ မရှိပါဘူး။

ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာတွေရှိပါတယ်။ သက်ရှိသဘင်ပညာရှင်တွေက သာမန်ကပြဖျော်ဖြေမှု မဟုတ်ဘဲ ပြည်သူတွေကို အသိပညာတွေ၊ သင်ခန်းစာတွေပေးတယ်။ ကောင်းတဲ့လမ်းကြောင်းတွေအပေါ် ခေါ်ဆောင်ပေးတယ်။ သဘင်အဖွဲ့အစည်းဆိုတာ အမျိုးသားယဉ်ကျေးမှုကြီးကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်တာ ဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှုရဲ့ ဘိုးဘွားအမွေအနှစ် ရတနာအဖြစ် ဇာတ်သဘင်ဆိုတာ ရှိခဲ့တယ်။ ဇာတ်သမားလာရင် မှတ်သားစရာ ပါရမယ်၊ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရမယ်။ မှတ်သားစရာဆိုတာ လူ့လောကရဲ့ လောကခံကို ဘယ်လိုရင်ဆိုင်ဖြတ်သန်းကြမလဲဆိုတဲ့ စိတ်ဓာတ်တွေရစေဖို့ဖြစ်ပါတယ်။ ဒါဟာ မြန်မာ့သဘင်ပညာရဲ့ တန်ဖိုးတွေပါ။

ရှေးခေတ်သဘင်ပညာရှင်ကြီးတွေက ဝမ်းရေးအတွက် ပြည်သူတွေကို အသိပညာပေးအနေနဲ့ ကပြဖျော်ဖြေတင်ဆက်ခဲ့သလို ပြည်သူတွေထဲက ပြည်သူတွေကို အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ သဘင်ပညာကို သင်ပေးတယ်။ လွတ်လပ်ရေးရပြီး တိုးတက်ပြောင်းလဲလာတဲ့ ခေတ်တွေမှာ နိုင်ငံတော်ကနေ ပန်တျာကျောင်းတွေဖွင့်ပြီး သဘင်ပညာတွေကို သင်ပေးတယ်။ သဘင်ပညာရှင်ကြီးတွေကလည်း လက်ဆင့်ကမ်းအမွေအနေနဲ့ သဘင်အနုပညာတွေကို ကပြဖျော်ဖြေတင်ဆက်ပေးခဲ့ပြီး မြန်မာ့သဘင်ပညာကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်။ အခုခေတ်ရေစီးကြောင်းအရ နိုင်ငံတကာကနေ ယဉ်ကျေးမှုတွေ စိမ့်ဝင်ထိုးဖောက်လာတဲ့အခါမှာ သဘင်ပညာရှင်များနဲ့ ပြည်သူများက သဘင်အနုပညာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမယ်ဆိုရင် သဘင်အနုပညာဟာ တိမ်ကောပျောက်ကွယ်မသွားနိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ မျှော်လင့်ချက်တွေ အများကြီးထားတယ်။ မြန်မာ့သဘင်ဟာ အရိုးကို အရွက်ဖုံးမယ့် အနေအထားမျိုးရှိနေတယ်။ မြန်မာ့သဘင်ရဲ့ဝမ်းစာစစ်စစ်ကို သဘင်နယ်ပယ်ကနေရစေချင်တယ်။

**ဦးနန်းဝင်း(အတွင်းရေးမှူး၊ မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်း)**

မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်းရဲ့ အဓိကရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ သဘင်ပညာရပ်များ ရှင်သန်နိုင်ရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သဘင်အခြေခံသင်တန်းတွေဖွင့်လှစ်တယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ဇာတ်စာ၊ ဇာတ်စကားတွေ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဇာတ်သဘင်ဆိုတာတွေကို အခါအားလျော်စွာ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး သဘင်ပညာတွေ ပူးပေါင်းဖလှယ်တယ်။

ယနေ့တွေ့ဆုံပွဲကို မြန်မာ့သဘင်လောက၏ သမိုင်းတန်ဖိုးနှင့်တကွ မျက်မှောက်ခေတ်သဘင်လောက အရွေ့များကြောင့် မြန်မာ့သဘင် စင်မြင့်မှ ဆို၊ ငို၊ ပြောဇာတ်သဘင်ပညာများ တိမ်မြုပ်ပျောက်ကွယ်လာကြောင်း ဇာတ်အဖွဲ့၊ ဆိုင်းအဖွဲ့များ ခေတ်အမြင်အတွေး ခေတ်သစ်နည်းပညာများဖြင့် ရိုးရာသဘင်ကို မြှင့်တင်ထိန်းသိမ်းလုပ်ဆောင်ကြရေးအတွက် သက်ရှိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရိုးရာသဘင်ကို ဝိုင်းဝန်းစောင့်ရှောက်ကြရန် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဝင်းဝင်းမော်၊ မီမီဖြိုး၊ ဓာတ်ပုံ-လှမိုး**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် ၂၀၁၈ အတွက် အဆိုပြုလွှာများ ခေါ်ယူ

**ရန်ကုန် ဇွန် ၂**

မြန်မာ-ဂျပန်အသင်း (MJA) သည် "မြန်မာ-ဂျပန် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ချစ်ခင်ရင်းနှီးမှုကို ကျောင်းသားလူငယ်ချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန်"၊ "အနာဂတ် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်"၊ "ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကိုရွေးချယ်ပြီး နိုင်ငံတော်ကိုယ်စား၊ မိဘပြည်သူများကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန်"ဟူသော ရည်ရွယ်ချက်များဖြင့် "မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်(MJA Outstanding Students Award- Japan Exchange Visit) ကို ၂၀၁၄ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင်လည်း ပဉ္စမအကြိမ်မြောက်အဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အစီအစဉ်တွင်လည်း ယခင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အစီအစဉ်အတိုင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူအချို့နှင့် နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ဂျပန်ဘာသာအဓိကသင်ကြားနေသူများမှ ထူးချွန်ကျောင်းသား ကျောင်းသူအချို့ကို ရွေးချယ်ပေါင်းစပ်ဖွဲ့စည်းပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်ကို ယခုနှစ် အောက်တိုဘာလတွင် စေလွှတ်သွားမည်ဖြစ်သည်။

ယခုနှစ် အစီအစဉ်အတွက် အဆိုပြုလွှာ တင်သွင်းခွင့်ရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသူ သိပ္ပံဘာသာတွဲမှ ၁၀ ဦး၊ ဝိပ္ပံ၊ ဝိဇ္ဇာဘာသာတွဲမှ ၁၀ ဦး ပေါင်း ၂၀ ဦး၊

(ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် (နေပြည်တော်ကောင်စီနယ်မြေအပါအဝင်) အမှတ်အများဆုံးရရှိသူ ငါးဦးစီဖြင့် ပေါင်း ၇၅ ဦး၊

(ဂ) နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန် YUFL နှင့် မန္တလေး MUFL)ဂျပန်ဘာသာ တတိယနှစ်အတန်းများမှ ပဏာမအဆင့်ရွေးချယ်မှုတွင် အောင်မြင်သူ ၂၅ ဦးစီဖြင့် ပေါင်း ၅၀ ဦး

အဆိုပြုလွှာတင်သွင်းခွင့်ရှိသူများသည် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းရုံး၊ Shwe Zabu River View Complex,23G-1, No.3B,Tower A&C, ပထမထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် မြန်မာ-ဂျပန်အသင်းရုံးသို့ ဇူလိုင် ၂၇ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဒေါက်တာဌေးလွင် အတွင်းရေးမှူး (+95-9-26 277 2705) နှင့် ဦးနေဝင်းထက် ရုံးအဖွဲ့မှူး (+95-9-42 116 2331) တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်

**နေပြည်တော် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၅ ရက်နှင့် ၇ ရက်တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ရွှေလင်ပန်း၊ ထန်းတပင်၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော်၊ တွံတေး၊ ဒလ၊ ကျောက်တန်း၊ သန်လျင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ဒေါပုံ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

# မြန်မာသမိုင်းအဖွဲ့နှင့် သမိုင်းသုတေသနဌာနဖြစ်တည်လာမှုနှင့် အနာဂတ်

သုတေသီ(သမိုင်း)

တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတွင် ရှည်လျားသော ယဉ်ကျေးမှုသမိုင်းကြောင်း ရှိနေပေသည်။ ယင်းသမိုင်းကြောင်း အနိမ့်အမြင့်၊ အလှည့်အပြောင်း ရေစီးကြောင်းကို အများပြည်သူ သိရှိသဘောပေါက်နားလည်နိုင်ရေးသည် အရေးပါသောအခန်းကဏ္ဍအဖြစ် တည်ရှိနေပေသည်။ မြန်မာ့သမိုင်းကို အကြမ်းဖျင်းခြုံငုံသဘောပေါက်နားလည်နိုင်လျှင်ပင် ခိုင်မာနက်နဲသော မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခိုင်မာမှန်ကန်ပြည့်စုံသော သမိုင်းကျမ်းကြီးများ ပေါ်ထွက်လာရေးသည် လူမှုအဖွဲ့အစည်းတစ်ရပ်တွင် အရေးပါသောကဏ္ဍမှ တည်ရှိနေပေသည်။

သို့အတွက်ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် ရှေးရှုသောအားဖြင့် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာ့သမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျဖော်ထုတ်ပြုစုရေးသားရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံသမိုင်းကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်မှအစပြု၍ ခေတ်အဆက်ဆက် အဆင့်ဆင့်ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးနောက် ယနေ့အချိန်ကာလတွင် မြန်မာသမိုင်းအဖွဲ့ဟူ၍ ဖြစ်တည်လာခြင်းဖြစ်သည်။

အရပ်သားအစိုးရသစ်ကာလ မြန်မာ့သမိုင်းအား တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်လာရေးတွင် အချက်အလက်အထောက်အထား ပြည့်စုံခိုင်မာမှုရှိပြီး သမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းမှား မဖြစ်ရလေအောင် စနစ်တကျရေးသားပြုစုနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၇ ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး မြန်မာသမိုင်းအဖွဲ့ဝင် အင်အားများကိုပါ သက်ကြီးအုပ်စုပညာရှင်များနှင့် သက်လတ်တန်းပညာရှင်များအပါအဝင် အချိန်ပြည့်နှင့် အချိန်ပိုင်းများကို ထပ်မံအင်အားဖြည့်ကာ မြန်မာသမိုင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ မြန်မာသမိုင်းအဖွဲ့နှင့်ပူးပေါင်း၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပေသည်။

(က) ပရိုင်းမိတ်ရှာဖွေဖော်ထုတ်ရေးလုပ်ငန်း၊
(ခ) ကျောက်ခေတ်သုတေသနလုပ်ငန်း၊
(ဂ) ကြေးခေတ်၊ သံခေတ် သုတေသနလုပ်ငန်း၊
(ဃ) ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းအစရှိသည့် ပျူမြို့ဟောင်းများ သုတေသနလုပ်ငန်း၊
(င) သုဝဏ္ဏဘူမိ(သထုံ)မြို့ဟောင်းသုတေသနလုပ်ငန်း၊
(စ) ရခိုင်ခေတ်ဦးနှင့် မြောက်ဦးမြို့ဟောင်းသုတေသနလုပ်ငန်း၊
(ဆ) ဟံသာဝတီပဲခူးမြို့ဟောင်းသုတေသနလုပ်ငန်း၊
(ဇ) တကောင်းမြို့ဟောင်းသုတေသနလုပ်ငန်း၊
(ဈ) ပုဂံခေတ် သုတေသနလုပ်ငန်း၊
(ည) ပင်းယနှင့် စစ်ကိုင်းခေတ် သုတေသနလုပ်ငန်း၊
(ဋ) အင်းဝခေတ် သုတေသနလုပ်ငန်း၊
(ဌ) တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ် သုတေသနလုပ်ငန်း၊
(ဍ) ကုန်းဘောင်ခေတ် သုတေသနလုပ်ငန်း၊
(ဎ) ကိုလိုနီခေတ် သုတေသနလုပ်ငန်း၊
(ဏ) ဂျပန်ခေတ် သုတေသနလုပ်ငန်း၊
(တ) လွတ်လပ်ပြီးခေတ်(၁၉၄၈-၁၉၆၂) သုတေသနလုပ်ငန်း၊
(ထ) လွတ်လပ်ပြီးခေတ်(၁၉၆၂-၁၉၈၈) သုတေသနလုပ်ငန်း၊
(ဒ) လွတ်လပ်ပြီးခေတ်(၁၉၈၈-မျက်မှောက်ခေတ်) သုတေသနလုပ်ငန်း၊
(ဓ) ပြည်တွင်းပြည်ပရှိ အထောက်အထားစုဆောင်းခြင်းနှင့် အချက်အလက်ဘဏ် တည်ဆောက်ခြင်းလုပ်ငန်း။

ဖော်ပြပါသုတေသနလုပ်ငန်းများအပြင် မျက်မှောက်မြန်မာ့သမိုင်းတွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသူများအနက် အသက်ထင်ရှားရှိသော ပုဂ္ဂိုလ်ကြီးများကို ၁၉၇၈ ခုနှစ်မှစ၍ အတတ်နိုင်ဆုံး လက်လှမ်းမီသရွေ့ တွေ့ဆုံမေးမြန်းမှတ်တမ်းယူခဲ့သည့် (Oral History) လုပ်ငန်းလည်း သုတေသနလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ခေတ်များခွဲ၍ ဖြစ်ရပ်မှန်သမိုင်းပေါ်ပေါက်ရေးအတွက် သုတေသနလုပ်ငန်းများကို မြေပေါ်အထောက်အထားများသာမက မြေအောက် အထောက်အထားများကိုပါ ကွင်းဆင်းသုတေသနပြု လေ့လာမှတ်တမ်းတင်ပြီး သုတေသနအစီရင်ခံစာများ၊ စာတမ်းများကို "မြန်မာသမိုင်းသုတေသနစာစောင်" များတွင် ထည့်သွင်းထုတ်ဝေခဲ့သည်။ ယခင်က "မြန်မာသမိုင်းသုတေသနစာစောင်"ကို တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေရာမှ ယခုအခါ တစ်နှစ်လျှင် သုံးကြိမ်အထိ ထုတ်ဝေနိုင်ခဲ့ရာ အမှတ်စဉ် ၃၅ တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ဖော်ပြပါသမိုင်းစာအုပ်များအပြင် အခြားသော သမိုင်းစာအုပ်များကိုလည်း ပြုစုရေးသားထုတ်ဝေနိုင်ခဲ့ပေသည်။ ထို့ပြင် နိုင်ငံအတွက် သမိုင်းအထောက်အထားများ၊ အချက်အလက်များ၊ တိမ်မြုပ်နေသည့်အချက်များ ဖော်ထုတ်နိုင်ရန်အတွက် နိုင်ငံတကာနှင့် ကျယ်ပြန့်စွာ ဘက်စုံထောင့်စုံမှ ပေါင်းစပ်ဆက်သွယ်၍ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် ညီလာခံများပြုလုပ်ပြီး ယင်းမှထွက်ပေါ်လာသော ရလဒ်များကို စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်များလည်း ရှိပေသည်။ ယခုအခါ ဖော်ပြသည်တို့သာမက မြန်မာသမိုင်းသုတေသနစာစောင်အပါအဝင် စာအုပ်ပေါင်း ၁၇၂ အုပ် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။

ယခင်ပဒေသရာဇ်ခေတ်တွင် ရဟန်း၊ လူပညာရှင်ကြီးများ ပြုစုခဲ့ကြသော ရာဇဝင်ကျမ်းကြီးများကို ဖတ်ရှုရခြင်းအားဖြင့် မြန်မာ့သမိုင်းကြောင်းကို သိရှိလာရပေသည်။ ထိုသိရှိလာရသော မြန်မာ့သမိုင်းကြောင်းကို သုတေသနပြုမှုများဖြင့် ထပ်မံပေါင်းစပ်လိုက်သောအခါ အသစ်ထွက်ရှိလာသော သမိုင်းမှန်များကို သိရှိလာရပေသည်။ သမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းဖျောက်များကိုလည်း ဖော်ထုတ်လာနိုင်ပေသည်။ အမှားကိုမြင်၍ အမှန်ပြင်လာနိုင်လေသည်။

ယခုအခါ မြန်မာသမိုင်းအဖွဲ့သည် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းပြုစုရေးသားရေး၊ သမိုင်းဆိုင်ရာအဆုံးအဖြတ်များအတွက် အကြံပြုသုံးသပ်ပေးခြင်း၊ သမိုင်းသုတေသနလုပ်ငန်းဆိုင်ရာမူဝါဒများ ရေးဆွဲခြင်း၊ သမိုင်းသုတေသီများ၊ ပညာရှင်များဖြစ်လာစေရန် မွေးထုတ်ပေးရေးတို့ကို အဓိကထား ဆောင်ရွက်နေသကဲ့သို့ သမိုင်းသုတေသနဌာနသည်လည်း ရှားပါးသမိုင်းအထောက်အထားများ ရှာဖွေစုဆောင်းထိန်းသိမ်းရေး၊ အချက်အလက်အထောက်အထားပြည့်စုံသော သမိုင်းများရေးသားပြုစုခြင်း၊ ရက်စဉ်သမိုင်းများရေးသားပြုစုခြင်း၊ သမိုင်းသုတေသနစာတမ်းများ ပြုစုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အများပြည်သူသိရှိစေရန် ပုံနှိပ်ထုတ်ဝေခြင်း၊ သမိုင်းဆိုင်ရာစာတမ်းဖတ်ပွဲများ ကျင်းပခြင်း(လစဉ် ဌာနတွင်း သုတေသနစာတမ်းဖတ်ပွဲ၊ လစဉ် မြန်မာသမိုင်းအဖွဲ့ဝင်များ၏ သမိုင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် စာတမ်းများဖတ်ကြားခြင်း)၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး သမိုင်းပညာများဖလှယ်ခြင်း စသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိပေသည်။

သက်ြ်န်အလွန် ၂၀၁၈ ခုနှစ် နှစ်သစ်ကာလ အစိုးရသက်တမ်းကာလ နှစ်နှစ်သက်တမ်းကျော်လွန်လာပြီးသည့်နောက် မြန်မာသမိုင်းအဖွဲ့ဝင်များသည် သမိုင်းဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောမှုနှင့်တကွ စာတမ်းတစ်စောင်စီကို ဖတ်ကြားသွားခဲ့ကြသည့် စာတမ်းများအား နှစ်အလိုက်စုစည်းပြီး အတွဲနှစ်တွဲ ပုံနှိပ်ထုတ်ဝေခဲ့သည်သာမက ၂၀၁၇ ခုနှစ်အတွင်း ဖတ်ကြားခဲ့ကြသောစာတမ်းများအား စုစည်းပြီး အတွဲ ၃ အဖြစ် ပုံနှိပ်ထုတ်ဝေသွားရန် ပြင်ဆင်လျက် ရှိနေပေသည်။

၂၀၁၇ ခုနှစ်အတွင်းတွင် ဖော်ပြပါစာအုပ်များအပြင် မြန်မာသမိုင်းသုတေသနစာစောင် လေးအုပ်၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်၏ လက်ရွေးစင်စာတမ်းများစာအုပ်၊ အရပ်ရပ်လေ့တော်ပုံစုနှင့် တက်ရေးတက်ချင်းစုဘုရားစာအုပ်၊ ၁၉၀၆-၁၉၃၀ မြန်မာ့နိုင်ငံရေးစာအုပ်များကို အသစ်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် မြန်မာသမိုင်းမြေပုံများစာအုပ်၊ အနော်ရထာမင်းစောစာအုပ်၊ အလောင်းမင်းတရားစာအုပ်တို့ကို ထုတ်ဝေနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ၁၁ အုပ် ထုတ်ဝေနိုင်ခဲ့ပြီး၊ တစ်နည်းအားဖြင့် တစ်လတစ်အုပ်နှုန်း ထွက်ရှိနိုင်သည့်အတွက် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းဖြစ်ပေါ်လာရေးတွင် အရှိန်ကောင်းရနေပြီဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ခြောက်လတာကာလဘတ်ဂျက်တွင် တစ်လတစ်အုပ်နှုန်းခန့် ပြုစုရေးသားပုံနှိပ်ထုတ်ဝေသွားရန် လျာထား ထားပါသည်။ ထို့နောက် ၂၀၁၇ ခုနှစ်အတွင်း မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဆရာကြီးဒေါက်တာတိုးလှ ဦးဆောင်သည့် ကျောက်ခေတ်ဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီး ကွင်းဆင်းခရီး၊ ဒုတိယဥက္ကဋ္ဌ(၂) ဆရာကြီးဒေါက်တာတိုးလှနှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်တို့ ဦးဆောင်သော ချင်းပြည်နယ် ကွင်းဆင်းခရီး၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးစံဝင်း ဦးဆောင်သော မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကွင်းဆင်းခရီး၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးနီတွတ် ဦးဆောင်သော ပုဂံဒေသ ကွင်းဆင်းခရီး အစရှိသည့်နေရာဒေသများ၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာသမိုင်းအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ(၂) ဆရာကြီးဒေါက်တာတိုးလှ ပြုစုရေးသားသည့် အကြိုသမိုင်းစာအုပ် ထွက်ရှိလာတော့မည် ဖြစ်သည်။

ထို့ပြင် မြန်မာသမိုင်းအဖွဲ့ဝင် ဦးစံဝင်း၏ အောက်မြန်မာနိုင်ငံကွင်းဆင်းခရီးမှ မုတ္တမ ၃၂ မြို့စစ်တမ်းကို ယခင်ပြုစုရေးသားသူများထက် ပိုမိုပြည့်စုံခိုင်မာအောင် ပြုစုရေးသားနိုင်ပြီး ပုံနှိပ်ထုတ်ဝေသွားမည်ဟု ရည်မှန်းချက်ထားရှိပါသည်။ မြန်မာသမိုင်းအဖွဲ့ဝင် ဦးနီတွတ် ဦးဆောင်သော ပုဂံဒေသကွင်းဆင်းခရီးသည် သမိုင်းသုတေသနဌာန သုတေသနဝန်ထမ်းများအား လက်တွဲခေါ်ယူပြီး ပညာအမွေလက်ဆင့်ကမ်း ကွင်းဆင်းခရီးသာမက ယင်းကွင်းဆင်းခရီးမှ ကျောက်ရုပ်တုအဆင့်ဆင့် ဖြစ်ပေါ်လာပုံကို မည်သို့မည်ပုံချဉ်းကပ်ပြုစုရမည်နည်းဆိုသည်ကို အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပြုသည့်အတွက်ကြောင့် သုတေသနဝန်ထမ်းများ၏ အသိပညာတိုးပွားရုံသာမက အသိသစ်၊ အမြင်သစ် သမိုင်းကျမ်းများ ပေါ်ထွက်လာတော့မည်ဖြစ်ပေသည်။

ယခု ၂၀၁၈ ခုနှစ် ခြောက်လတာဘတ်ဂျက်တွင် မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး ဦးသိန်းလှိုင် ဦးဆောင်သော ညောင်ရမ်းခေတ်နှင့်ပတ်သက်သည့် သမိုင်းကျမ်းစာအုပ်အပြီးသတ်ရန် လိုအပ်သောအချက်အလက်အထောက်အထားများ မျက်မြင်တွေ့ရှိအတည်ပြုရန်နှင့် အသစ်တွေ့ရှိမှုများအား ထပ်တိုးဖြည့်စွက်နိုင်ရန်အတွက် အင်းဝ၊ စစ်ကိုင်းကွင်းဆင်းခရီးကို အလေးထားသုတေသနပြုလျက်ရှိနေပေသည်။

တိုင်းရင်းသားလူမျိုးများအရေးဖြင့် ၁၉၄၇ အခြေခံဥပဒေအတွဲနှစ်တွဲကို ဒုတိယအကြိမ်အဖြစ် ပြင်ဆင်ချက်မရှိဘဲ ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။ ထိုသမိုင်းစာအုပ်သာမက လိုအပ်သော သမိုင်းအချက်အလက်များ ပြင်ဆင်ဖြည့်စွက်ရေးသားထားသော ၁၉၆၂-၁၉၇၄ ခုနှစ် မြန်မာ့နိုင်ငံရေး အတွဲလေးတွဲနှင့် အသစ်ထွက်ရှိလာမည့် ၁၉၄၈-၁၉၅၈ ခုနှစ် ဖဆပလခေတ် စာအုပ်များသည်လည်း သတ်မှတ်ချိန်အတိုင်းပြီးစီးရန် ဆောင်ရွက်နေပါသည်။

ယခုလာမည့် ဩဂုတ်လကုန်ပိုင်းခန့် ပြည်တွင်းစာတမ်းဖတ်ပွဲကို "ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း"ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် ကျင်းပသွားတော့မည် ဖြစ်သည်။ အဆိုပါသုတေသနစာတမ်းဖတ်ပွဲကို (က) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမိုင်းကို အထောက်အကူပြုသော သမိုင်းစာပေများထွက်ပေါ်လာစေရန်၊ (ခ) အယူအဆသစ်များ၊ အတွေးအခေါ်သစ်များပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ (ဂ) အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံ အသိအမြင်၊ ဗဟုသုတများဖလှယ်ခြင်းအားဖြင့် ပိုမိုကျယ်ဝန်းသောပညာရပ်နယ်ပယ်တစ်ခုပေါ်ထွက်လာစေရန်၊ (ဃ) ဖတ်ကြားတင်သွင်းသော စာတမ်းများမှ အရည်အသွေးပြည့်မီသော စာတမ်းများအား ရွေးချယ်ပြီး ပုံနှိပ်ထုတ်ဝေခြင်းဖြင့် တိုင်းရင်းသားပြည်သူအတွင်း ပျံ့နှံ့ရောက်ရှိစေကာ ဒီမိုကရေစီဖက်ဒရယ်သမိုင်းကြောင်းကို ပိုမိုနားလည်လာစေပြီး နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ဤသို့ဖြင့် မြန်မာသမိုင်းအဖွဲ့သည် သမိုင်းကိုပုံဖျက်ရေးသားခြင်း၊ ထိမ်ချန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ မေးမှိန်အောင် ပြုလုပ်ခြင်း၊ မွမ်းမံခြင်းတို့မှ ရှောင်ကြဉ်ကြပြီးသမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းမှားမဖြစ်ရလေအောင် သမိုင်းမှန် ပေါ်ထွက်လာရေးကို ဦးတည်ဆောင်ရွက်နေသည့်အပြင် သမိုင်းဖြစ်ရပ်မှန်များ ဖော်ထုတ်လေ့လာခြင်းဖြင့် အတိတ်သမိုင်းသင်ခန်းစာများကို ရယူ အသုံးချကာ ပိုမိုပြည့်စုံခိုင်မာကောင်းမွန်မှန်ကန်သော သမိုင်းကျမ်းများ ထွက်ပေါ်လာခြင်းဖြင့် မင်းအစိုးရ ရဟန်းရှင်လူအများအား အသိသစ်၊ အမြင်သစ်များရရှိစေကာ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး နိုင်ငံတော် တည်ဆောက်ရာတွင် အထောက်အပံ့ရရှိ၍ စုပေါင်းအင်အားဖြင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပေသည်။ ။

> **"မြန်မာသမိုင်းအဖွဲ့သည် သမိုင်းကိုပုံဖျက်ရေးသားခြင်း၊ ထိမ်ချန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ မေးမှိန်အောင်ပြုလုပ်ခြင်း၊ မွမ်းမံခြင်းတို့မှ ရှောင်ကြဉ်ကြပြီး သမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းမှားမဖြစ်ရလေအောင် သမိုင်းမှန် ပေါ်ထွက်လာရေးကို ဦးတည်ဆောင်ရွက်နေသည့်အပြင် သမိုင်းဖြစ်ရပ်မှန်များ ဖော်ထုတ်လေ့လာခြင်းဖြင့် အတိတ်သမိုင်းသင်ခန်းစာများကို ရယူ အသုံးချကာ ပိုမိုပြည့်စုံခိုင်မာကောင်းမွန်မှန်ကန်သော သမိုင်းကျမ်းများ ထွက်ပေါ်လာခြင်းဖြင့် မင်းအစိုးရ ရဟန်းရှင်လူအများအား အသိသစ်၊ အမြင်သစ်များ ရရှိစေကာ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး နိုင်ငံတော်တည်ဆောက်ရာတွင် အထောက်အပံ့ ရရှိ၍ စုပေါင်းအင်အားဖြင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပေသည်"**

# "လက်စားချေ နတ်သမီး" ရုပ်ရှင်ဇာတ်ကား ဇွန် ၈ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသသွားမည်

ရန်ကုန်   ဇွန်   ၂

ဒေါ်ခင်ပြုံးရီ (မော်လမြိုင်) စီစဉ်ပြီး Top One ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် "လက်စားချေ နတ်သမီး" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ဒါရိုက်တာ ညိုမင်းလွင်



သရုပ်ဆောင် ဩဘာ



သရုပ်ဆောင် နန်းဆုဦး



သရုပ်ဆောင် ဖြိုးငွေစိုး



သရုပ်ဆောင် သက်မွန်မြင့်

အဆိုပါ ဇာတ်ကားကို ဇာတ်လမ်းနှင့် ဒါရိုက်တာ ညိုမင်းလွင်က ရိုက်ကူးထားခြင်းဖြစ်ပြီး ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး အလွန်ချစ်ပါလျက်နှင့် သံသယကြောင့် ဝေးကွာခဲ့ရပြီး ချစ်သူနှင့် သူငယ်ချင်းကြားတွင် ဗျာများရာမှ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လက်စားချေရန် ဖြစ်လာပုံတို့ကို အဓိက အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် ဖြိုးငွေစိုး၊ ဩဘာ၊ ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်၊ နန်းဆုဦးနှင့် အခြားအနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး တစ်မူထူးခြားစွာ ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်းနှင့် ဒါရိုက်တာ ညိုမင်းလွင်က "ဒီဇာတ်လမ်းကတော့ အချစ်ရေးဇာတ်လမ်းဖြစ်ပါတယ်၊ အဓိကကတော့ ဒီကားမှာ လက်စားချေတာ မှန်တယ်ဆိုတဲ့ ဘက်ကနေ ရိုက်ထားတာပါ၊ ထူးခြားမှုအနေနဲ့ကတော့ ဒီဇာတ်ကားမှာ ဘယ်သူမှ နောင်တမရပါဘူး၊ မြန်မာဇာတ်ကားဆန်စွာ ဇာတ်သိမ်းပိုင်းမှာ နောင်တရသွားတာမျိုး မဟုတ်ပါဘူး၊ ဇာတ်ကားအစကနေ အဆုံးအထိ လက်စားချေတာ မှန်တယ်၊ လက်စားချေတာဟာ လုပ်သင့်တဲ့ ကိစ္စတစ်ခုဆိုပြီး ရိုက်ထားတာပါ၊ သရုပ်ဆောင် အသစ်အနေနဲ့ကတော့ ဒီဇာတ်ကားမှာ ဩဘာ တစ်ယောက်ပဲပါပါတယ်၊ ဇာတ်ကောင်စရိုက်တွေအနေနဲ့ပြောရရင် လူငယ်အချစ်ဇာတ်လမ်းတွေထဲကအတိုင်း မြင်နေကျဇာတ်ကောင်စရိုက်တွေပါပဲ၊ ဒါပေမယ့် မြင်နေကျဇာတ်ကောင်စရိုက်နဲ့ မတူတာတွေကတော့ သူတို့အားလုံးဟာ လူတစ်ယောက်အပေါ်ကို လက်စားချေတာခံမင်တယ်၊ ကိုယ့်ကိုလာထိရင် စကားလုံးနဲ့ပဲဖြစ်ဖြစ် ပြန်လည်တုံ့ပြန်ရမှ ကျေနပ်ကြတဲ့သူတွေပေါ့၊ ဒီဇာတ်ကားဟာ လူတစ်ယောက်ကို လက်စားချေတာကို စိတ်ဝင်စားတဲ့ သူတွေအတွက်ကတော့ တစ်နာရီခွဲစာ အချိန်ဖြုန်းလို့ကောင်းတဲ့ ကော်ဖီတစ်ခွက်လိုပါပဲ၊ လူတစ်ယောက်ကို ခွင့်လွှတ်တတ်တဲ့သူ၊ သဘောထားကြီးတတ်တဲ့သူဆိုရင်တော့ ဒီဇာတ်ကားအတွက် အချိန်ကုန်မခံပါနဲ့၊ သေချာပါတယ်၊ ဒီဇာတ်ကားကို ကြိုက်မှာမဟုတ်ပါဘူး၊ ဒီဇာတ်ကား အနေနဲ့ ပေးချင်တဲ့အကြောင်းအရာကတော့ လက်စားချေတာ မှန်တယ်၊ လက်စားချေတာ ရှိသင့်တဲ့ ကိစ္စတစ်ခုဆိုတဲ့ ရှုထောင့်ကနေ ရိုက်ပြထားတာဖြစ်ပါတယ်၊ အမြင်မတူဘဲနဲ့ သဘောထားကွဲလွဲမှုတွေလည်း ရှိနိုင်ပါတယ်၊ ဒါကတော့ လက်စားချေတတ်တဲ့သူတွေကို ကိုယ်စားပြုပြီး ရိုက်ထားတာဖြစ်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ဖြိုးငွေစိုးက "ချစ်သူနှစ်ယောက်ကြားက ပြဿနာနဲ့ အဲဒီနှစ်ယောက်ကြားကို ဝင်လာတဲ့လူတစ်ယောက်အကြောင်း ပုံဖော်သွားတဲ့ဇာတ်လမ်းပါ၊ ဒီဇာတ်ကားမှာ ကျွန်တော်နဲ့ သက်မွန်က ချစ်သူတွေပါ၊ ကျွန်တော်တို့ နှစ်ယောက်ကြားကို တခြားတစ်ယောက် ဝင်လာတယ်၊ အဲဒီမှာပြဿနာလေးတွေဖြစ်ကြတယ်ဆိုတဲ့ ဇာတ်လမ်းပုံစံပါ၊ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကြားမှာ အချစ်နဲ့ပတ်သက်တဲ့ ပြဿနာလေးတွေကို ရိုက်ထားတာပါ၊ အဓိကကတော့ ဩဘာကို ဦးတည်ထားတဲ့ ဇာတ်ကားပါ၊ ကျွန်တော့် ကာရိုက်တာကတော့ ချစ်သူကိုသဝန်တိုပြီး မယုံသင်္ကာဖြစ်တဲ့ သဘောမျိုးလေးပါ၊ ဒီဇာတ်ကားမှာဆိုရင် ကိုညိုမင်းလွင်ရဲ့ ကြိုးစားထားတာလေးတွေနဲ့ ဩဘာရဲ့ ကြိုးစားထားမှုတွေကို တွေ့မြင်ရမယ့်အချစ်ကားလေးပါ၊ ဒီဇာတ်ကားမှာ ကျွန်တော်ပါဝင်တဲ့ အခန်းကဏ္ဍတွေကို အားလုံးတာဝန်ကျေအောင် လုပ်ပေးထားပါတယ်၊ ကျန်တဲ့သူတွေအနေနဲ့လည်း သူ့နေရာနဲ့သူ တာဝန်ကျေအောင် လုပ်ပေးထားကြပါတယ်၊ အဓိကကတော့ ကိုညိုမင်းလွင် ပေးဆပ်ထားတာလေးတွေက ဆွဲဆောင်မှုရှိပါတယ်၊ ကျွန်တော်ကတော့ အဲဒါလေးတွေကို ဦးစားပေးပြီးခံစားပေးစေချင်ပါတယ်"ဟုပြောသည်။

ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်က "အချစ်ကားလေးကိုမှ လှည့်စားထားတာမျိုးလေးတွေပါ၊ တအားကြီးဆန်းနေတာမျိုးတော့ မဟုတ်ပါဘူး၊ အဲဒီဇာတ်ကားရိုက်နေတုန်းက အဓိကပြဿနာအနေနဲ့ သက်မွန်နေမကောင်းဖြစ်ခဲ့တယ်၊ နေမကောင်းဖြစ်နေတဲ့ အချိန်မှာရိုက်ရတာဆိုတော့ တော်တော်စိတ်နှစ်ပြီး ကြိုးစားရိုက်ခဲ့ရတာပါ၊ ဇာတ်ကားနဲ့ပတ်သက်ပြီး ကြိုတင်ပြောရတာထက် ပရိသတ်ကိုလာရောက်ကြည့်ရှုစေချင်ပါတယ်၊ ဇာတ်ကားလေးဟာ ရိုးရိုးလေးမဟုတ်ဘဲ လှည့်စားထားတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ဩဘာက "လက်စားချေတဲ့ဇာတ်ကောင်ကို စနစ်တကျစီစဉ်ထားတဲ့ ကာရိုက်တာမျိုးဖြစ်ပါတယ်၊ အသစ်တစ်ယောက်အနေနဲ့ စကားပြောပိုင်းဆိုင်ရာ အဖြတ်အတောက်တွေမှာ အခက်အခဲတွေရှိခဲ့ပါတယ်၊ အမှတ်တရတွေကတော့ အများကြီးပါ၊ ဒီဇာတ်ကား ရိုက်နေတုန်းက ကန်တော်ကြီးထဲမှာ မသက်မွန်မြင့်နဲ့ ကျွန်တော်နဲ့ ဇာတ်ဝင်ခန်းတစ်ခုရိုက်နေတုန်း ကျွန်တော့်ကို ပရိသတ်တွေက မမြင်ဖူးတော့ အရိုက်ခံရမလိုတောင် ဖြစ်ခဲ့ပါသေးတယ်၊ ဒီဇာတ်ကားမှာ အကြိုက်ဆုံးအခန်းဆိုရင်တော့ ကျွန်တော် မသက်မွန်မြင့်ကို သူငယ်ချင်းလို လမ်းခွဲတဲ့အခန်းကို အကြိုက်ဆုံးပါပဲ" ပြောသည်။

သရုပ်ဆောင် နန်းဆုဦးက "လက်စားချေနတ်သမီး ဇာတ်ကားရိုက်နေတဲ့ အချိန်မှာလည်း ဇာတ်လမ်းအရ အချိန်းအပြောင်းလေးတွေလုပ်ခဲ့ပါတယ်၊ ဦးညိုမင်းလွင်ကလည်း စိတ်ကူးရရင်ရသလို အချိန်းအပြောင်းလေးတွေ လုပ်တတ်တဲ့ အကျင့်ရှိတော့ ရိုက်နေရင်းနဲ့ အချိန်းအပြောင်းလေးတွေ ဖြစ်သွားတာပါ၊ ဇာတ်ကောင်အပိုင်းမှာလည်း ဦးညိုမင်းလွင်ပြောတဲ့အတိုင်း လုပ်ခဲ့ပါတယ်၊ တစ်ခါတလေကျရင် ဘာတွေဖြစ်လာမယ်ဆိုတာ မပြောဘဲ လျှို့ဝှက်ထားတာမျိုးတွေ ကြုံခဲ့ရတယ်၊ ကိုယ်တိုင်လည်း ဘာတွေဖြစ်လာမလဲဆိုတာ မသိဘဲ ရိုက်ခဲ့ရတာမျိုးတွေ ရှိခဲ့ပါတယ်၊ ညီမအနေနဲ့ကတော့ ကိုယ်လက်ခံထားတဲ့ ဇာတ်ကောင်စရိုက်အတိုင်း စဉ်းစားပြီး လုပ်ဆောင်ခဲ့တာပါ၊ ဒီဇာတ်ကားကို လွန်ခဲ့တဲ့နှစ်နှစ်ခန့်က ရိုက်ကူးခဲ့တာပါ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်၊ နောက်ထပ်လည်း ဒီထက်ပိုကောင်းအောင် ကြိုးစားသွားမှာပါ၊ ညီမအနေနဲ့ကတော့ ဘယ်လိုဇာတ်ကောင်စရိုက်ကို ကြိုက်နှစ်သက်တယ်ဆိုတာမျိုး မရှိပါဘူး၊ ဒီဇာတ်ကားကို ရုံတင်တဲ့အခါမှာ ပရိသတ်တွေအနေနဲ့ ကြည့်ရှုအားပေးကြပါ၊ နန်းဆုရဲ့ ကာရိုက်တာကိုလည်း ဝေဖန်အကြံပြုပေးကြပါ၊ ဒီဇာတ်ကားလေးကတော့ ဇာတ်ကောင်စရိုက်တွေမတူတဲ့ အချစ်ဇာတ်ကားလေးပါပဲ၊ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး အမှတ်တရတွေကတော့ အများကြီးပါပဲ၊ မသက်မွန်မြင့်နဲ့ ပထမဆုံးဆုံတဲ့ ဇာတ်ကားလေးလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

လက်စားချေ နတ်သမီး ရုပ်ရှင်ဇာတ်ကားသည် ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး အလွန်ချစ်ပါလျက်နှင့် သံသယကြောင့် ဝေးကွာခဲ့ရပြီး လက်စားချေရန်အတွက် လက်စားချေနတ်သမီးရုပ်တုအရှေ့သို့ ရောက်ရှိသွားပုံ၊ လက်စားချေနတ်သမီး၏ စိတ်ဝင်စားဖွယ်အကြောင်းအရာများ၊ ချစ်သူနှင့် သူငယ်ချင်းကြားတွင် ဗျာများရာမှ မမျှော်လင့်သောဖြစ်ရပ်ကြောင့် လက်စားချေရန် ဖြစ်လာရပုံ၊ လူသားများသည် ဥပါဒါန်အစွဲကြောင့် ဥပဒ်ရောက်တတ်ကြောင်းနှင့် တစ်ဖက်စွန်းရောက်အောင် သံသယမပွားသင့်ကြောင်း၊ လက်စားချေခြင်းထက် ခွင့်လွှတ်နားလည်ပေးခြင်းသာလျှင် စစ်မှန်သည့် ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို ယနေ့လူငယ်များ နားလည်သဘောပေါက်စေရန်အတွက် လူငယ်တို့၏ အချစ်၊ အလွမ်း၊ အလှအပ အံ့ဩဖွယ် ဖြစ်ရပ်ဆန်းများဖြင့် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး အတုယူမမှားစေဘဲ လက်စားချေခြင်းသည် ဆိုးကျိုးကို ရရှိနိုင်ကြောင်း၊ လူငယ်များ ဆင်ခြင်နိုင်ဖွယ်ကောင်းသော၊ message ပေးနိုင်စွမ်းရှိသော ဇာတ်ကားကောင်းတစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**



လက်စားချေနတ်သမီး ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

**✱ ရှေ့ဖုံးမှ**

သူတို့တွေက ရောက်တဲ့နေရာမှာ အားမာန် အပြည့်နဲ့ ကြိုးစားသင်ယူကြတာ တွေ့ရတယ်"ဟု ၎င်းက ပြောသည်။

၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့သူ စုစုပေါင်း ၁၁၁၃၉၈ ဦးရှိ၍ အောင်မြင်သူစုစုပေါင်း ၄၂၅၁၇ ဦးရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၈ ဒသမ ၁၇ ဖြစ်ကြောင်း၊ ဂုဏ်ထူးဖြင့် အောင်မြင်သူများတွင် ခြောက်ဘာသာ ဂုဏ်ထူး ၂၈၉ ဦး၊ ငါးဘာသာ ဂုဏ်ထူး ၆၄၀၊ လေးဘာသာ ဂုဏ်ထူး ၁၁၃၄ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၁၆၆ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၇၄၃ ဦး၊ တစ်ဘာသာဂုဏ်ထူး ၆၈၉၆ ဦးဖြစ်ရာ စုစုပေါင်း ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၁၈၆၈ ဦးရှိကြောင်း သိရသည်။ ၎င်းတို့အနက် မန္တလေးအကျဉ်းထောင်မှ ဝင်ရောက်ဖြေဆို သူ ၅၅ ဦးရှိခဲ့ပြီး အောင်မြင်သူ စုစုပေါင်း၂၇ ဦးတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများမှာ သုံးဘာသာ လေးဦး၊ နှစ်ဘာသာ လေးဦး၊ တစ်ဘာသာ ၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ခြောက်ဦးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်၂၀၁၆- ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၉၉၈၄၅ ဦးတွင် အောင်မြင်သူ ၄၀၁၅၄ ဦးရှိရာ အောင်ချက်ရာနှုန်းမှာ ၄၀ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပြီး ဂုဏ်ထူးဖြင့်အောင်မြင်မှုစာရင်းများအရ တစ်ဘာသာဂုဏ်ထူးရှင် ၄၄၆၇၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၃၄၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၄၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၂၂၊ ငါးဘာသာ ဂုဏ်ထူးရှင် ၅၂၄ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၃၈ ဦး စုစုပေါင်း ၈၅၄၄ ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျွန်တော်တို့ အစိုးရသစ်စတက်တက်ချင်း IDP စခန်းတွေပိတ်သိမ်းနိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ရခိုင်ပြည်နယ် ဗဟိုကော်မတီဖွဲ့ကတည်းက ဒီလုပ်ငန်းစဉ်ပါပါတယ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

"IDP စခန်းဆိုတာ အဓိကပြည်တွင်းနေရပ်စွန့်ခွာသူတွေနေတဲ့ ဒုက္ခသည်စခန်းတွေ ဖြစ်ပါတယ်၊ ပြည်တွင်းနေရပ်စွန့်ခွာသူတွေက ပြည်နယ်လေးခုမှာရှိတယ်၊ နှစ်ချက်ရှိပါတယ်၊ တစ်ချက်ကတော့ တိုက်ပွဲတွေကြောင့် မငြိမ်းချမ်းလို့ နေရပ်စွန့်ခွာပြီးတော့ စခန်းတွေမှာ ရောက်နေတာရှိတယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာရှိတယ်၊ နောက်တစ်ချက်က ရခိုင်မှာကတော့ ပြည်တွင်းနေရပ် စွန့်ခွာသူတွေရှိတယ်၊ သူတို့ကတော့ ပဋိပက္ခတွေကြောင့်ပေါ့၊ ဒါတွေကိုပိတ်သိမ်းဖို့ အရင်အစိုးရလက်ထက်တုန်းကလည်း ကြိုးစားခဲ့တယ်၊ ကျွန်တော်တို့အစိုးရစတက်တက်ချင်း ဒါတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ ရခိုင်ပြည်နယ်အတွက် ဗဟိုကော်မတီဖွဲ့ကတည်းက ဒီလုပ်ငန်း စဉ်ပါပါတယ်၊ အဲဒီအထဲက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသည့် အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ထားရသည့် IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲအပြီး သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "ကျန်တဲ့ပြည်နယ်သုံးခုမှာလည်း ပိတ်သိမ်းရေးတွေ ကြိုးစားနေပါတယ်၊ ပိတ်သိမ်းရေးကြိုးစားတဲ့နေရာမှာ တချို့နေရာတွေက မလွယ်ကူတာတွေ တွေ့ရပါတယ်၊ ဒါကြောင့်မို့ မပိတ်သိမ်းခင် စခန်းမှာနေရတဲ့ကာလမှာ အကျိုးရှိအောင် ဆုံးရှုံးရတဲ့ အလုပ်အကိုင်အခွင့်အရေး အဆင်မပြေတာတွေ၊ ပညာရေးအဆင်မပြေတာတွေ၊ စားဝတ်နေရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတာတွေ ဒါတွေအတွက်ကို ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် ဒီစခန်းတွေရှိနေသရွေ့တော့ မှီခိုမှုနဲ့နေရတာပဲရှိတယ်၊ သူတို့နေရာကိုသူတို့ပြန်ရောက်ပြီး ပိတ်သိမ်းနိုင်ဖို့ကအရေးကြီးတယ်၊ ဒါတွေနဲ့ ပတ်သက်ပြီးတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ အမျိုးသားမဟာဗျူဟာကြီး တစ်ခု၊ လုပ်ထုံးလုပ်နည်းတစ်ခု ပေါ်ပေါက်လာဖို့ဆိုပြီး ဒီအလုပ်ရုံဆွေးနွေးပွဲကို လုပ်တာပါ၊ ဒီမှာကတော့ ရခိုင်ပြည်နယ်အတွက်လည်းပါသလို ကျန်တဲ့ပြည်နယ်သုံးခုအတွက်လည်း ပါပါတယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီစခန်းတွေ ပိတ်သိမ်းပြီးတော့ စနစ်တကျနေရာချထားဖို့ဆိုတဲ့ လုပ်ငန်းစဉ်ကြီးကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ဖို့လုပ်တာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

"ပြည်နယ်လေးခုမှာ IDPစခန်းပေါင်း ၁၄၀ လောက်ရှိတယ်လို့ သိရပါတယ်၊ စခန်းအလိုက် ပိတ်သိမ်းဖို့ကိုလုပ်နေတယ်၊ ရခိုင်ပြည်နယ်ရဲ့ ပဋိပက္ခတွေဖြစ်တဲ့ အခြေခံအကြောင်းအရင်းတွေကို ဖော်ထုတ်ထားတဲ့ မစ္စတာ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေထဲမှာလည်းပါတယ်၊ အကောင်အထည်ဖော်ရေးကော်မတီရဲ့ ဦးစားပေးလုပ်ငန်းတွေထဲမှာလည်း ပါပါတယ်၊ နောက်ပြီးတော့ တစ်ဖက်နိုင်ငံကို ရောက်သွားတဲ့သူတွေ ပြန်လည်ဝင်လာရောက်လာတဲ့နေရာမှာလည်း သူတို့အနေနဲ့ စခန်းကြီး ကြာရှည်စွာဖြစ်သွားမှာကို စိုးရိမ်မှုရှိတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့က နဂိုကတည်းက ဒါမျိုးရည်ရွယ်တာမရှိဘူး၊ စခန်းသစ်ပေါ်ပေါက်ရေးကို လုံးဝရည်ရွယ်တာမရှိဘူး၊ ဒါကြောင့်မို့ လက်ရှိစခန်းတွေကိုလည်း ပိတ်သိမ်းနေတယ်၊ ဆက်လက်ပြီးတော့လည်း ကြာရှည်မယ့်စခန်းတွေလုပ်မှာမဟုတ်ပါဘူး၊ ဒါကအရေးကြီးပါတယ်၊ ကျွန်တော်တို့ အစိုးရလက်ထက်မှာဆိုရင် ရခိုင်ပြည်နယ်မှာ သုံးခုပိတ်သိမ်းတယ်၊ နောက်ပြီး လေးခုကတော့ ပိတ်သိမ်းဖို့ ပြီးလုနီးပါးဖြစ်နေပါပြီ၊ ပိတ်သိမ်းတယ်ဆိုတာက စနစ်တကျဖြစ်ဖို့လိုပါတယ်၊ နောက်ဆက်တွဲ ဖြစ်ပေါ်လာမယ့်ကိစ္စတွေကိုလည်း စဉ်းစားဆောင်ရွက်ရတာရှိပါတယ်" ဟု ဒေါက်တာဝင်းမြတ်အေးက ဆက်လက်ပြောကြားသည်။

ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ဝင်ရောက်လာသူများနှင့် ပတ်သက်ပြီး "နှစ်နိုင်ငံ သဘောတူစာချုပ်ထဲမှာပါတယ်၊ ပြန်ဝင်လာတဲ့သူတွေကို ကျွန်တော်တို့ ဖမ်းဆီးလို့ မရပါဘူး၊ ပြန်ဝင်လာတယ်ဆိုတာကလည်း စထွက်သွားကတည်းက နေရပ်ကိုစွန့်ခွာသွားကြတယ်၊ အဲဒီတုန်းကလည်း သူ့ဘာသာသူထွက်သွားတယ်၊ ပြန်ဝင်လာတဲ့အချိန်မှာလည်း နှစ်နိုင်ငံသဘောတူညီချက်အတိုင်း ဆောင်ရွက်မှုနဲ့ လက်ခံမယ်၊ လက်ခံပြီးတော့ ပြန်လည်နေရာချထားပေးမယ်၊ ဟိုဘက်မှာက ပုံစံကျပြန်လာမယ့် သတင်းအချက်အလက်တွေမရဘူးလို့သိရတယ်၊ မရရှိတဲ့အခါကျတော့ သူတို့လည်း ဒုက္ခရောက်နေတယ်၊ မိုးရာသီရောက်တော့မှာဖြစ်လို့ သူတို့စိုးရိမ်နေတယ်၊ တချို့က သူတို့နည်း သူတို့ဟန်နဲ့ဝင်လာတယ်၊ ဝင်လာတဲ့အခါကျတော့ ခိုးဝင်တဲ့ပုံစံဖြစ်သွားတယ်၊ ဒီနိုင်ငံက လူဝင်မှုဥပဒေရှိတော့ ဖမ်းဆီးရမယ်၊ သို့သော် ဖမ်းဆီးပြီးတဲ့အခါမှာလည်း ကျွန်တော်တို့က စဉ်းစားရတယ်၊ နှစ်နိုင်ငံသဘောတူညီချက်ထဲမှာလည်းရှိတယ်၊ ဒုက္ခရောက်လို့ထွက်သွားတယ်၊ ဒုက္ခရောက်လာလို့ ပြန်လာတယ်၊ ပြန်ဝင်လာတဲ့သူတွေကို မဖမ်းဘူး၊ ဒါပေမယ့် စိစစ်ရမယ်၊ စိစစ်တဲ့လုပ်ငန်းစဉ်ထဲကို ဝင်ရတယ်၊ ဒါကြောင့် သူတို့ လက်ခံရေးစခန်းကိုလည်းသွားတယ်၊ ကြားစခန်းကိုလည်းသွားတယ်၊ လက်ခံရေးစခန်းမှာ ကျကျနနစိစစ်တယ်၊ လက်ခံရေးစခန်းမှာ အကြမ်းဖက်ပါလား၊ မပါလားစိစစ်တယ်၊ ဖော်ထုတ်တယ်၊ စိစစ်ပြီးမှ ကြားစခန်းကိုပို့တယ်၊ နောက်နေရပ်ကိုပြန်ပို့တာဖြစ်ပါတယ်၊ အခုတော့ UNHCR ရော၊ UNDPရော၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရော လက်မှတ်ထိုးပြီးသွားပါပြီ၊ ဒါကြောင့်နောက်လုပ်ငန်းစဉ်တွေက အရှိန်အဟုန်မြင့်လာမယ်၊ ပီပြင်လာမယ်၊ ပုံစံကျတွေ ဆောင်ရွက်လာနိုင်မယ်လို့ ယူဆပါတယ်"ဟု ပြောကြားသည်။

**သတင်း- မျိုးမြင့်၊ ဓာတ်ပုံ- ကျော်ရဲဆွေ**

---

**❖ ကျောဖုံးမှ**

လုပ်ထုံးလုပ်နည်းများချမှတ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ စခန်းများပိတ်သိမ်းရာတွင် နိုင်ငံတကာနှင့်ပူးပေါင်း၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရပါကြောင်း၊ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် မေလမှစ၍ အဆိုပါ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအောက်တွင် လုပ်ငန်းကော်မတီတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားပြည်နယ်များတွင်လည်း တိုက်ပွဲရှောင်ပြည်သူများ၏ အခွင့်အရေးများကို ဖော်ဆောင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ထောက်ပံ့မှုသာမက အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ အရင်းအနှီးများထုတ်ပေး၍ လုပ်ငန်းများဆောင်ရွက်စေခြင်းများ စနစ်တကျဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ IDP စခန်းများကို ပြုပြင်ခြင်း၊ ထောက်ပံ့မှုပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေသည့်အပြင် ပြည်ထောင်စုစီမံကိန်း(UEHRD)ဆောင်ရွက်ချက်များတွင်လည်း ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကိုဖော်ဆောင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ IDP စခန်းများ ပိတ်သိမ်းရာတွင် ဥပဒေအရလွတ်လပ်စွာသွားလာခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီစေခြင်း စသည့်အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများအကြား ပဋိပက္ခများမဖြစ်ပွားစေရန်၊ ပဋိပက္ခဖြစ်ပွားသည့်အခါ တရားဥပဒေစိုးမိုးရေးမှာ အဓိကဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှသာ ဥပဒေအတိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့်စသဖြင့်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ရာ ထာဝရငြိမ်းချမ်းမှုရရှိရေး၊ ရေရှည်ပဋိပက္ခ ကင်းဝေးရေးသည်အရေးကြီးပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း လူတိုင်း ဥပဒေအရ အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ မျှတသောအကျိုးခံစားခွင့် ရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရေးတို့ကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှလက်ခံနိုင်သည့် မဟာဗျူဟာစီမံချက်ဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကာလကြာရှည်ပြီဖြစ်သော IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပဉ္စမအကြိမ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ် ဗိုလ်လုပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၂**

ပဉ္စမအကြိမ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ် (WLC-5)လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗိုလ်လုပွဲအပါအဝင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ်ပွဲစဉ်များကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ်ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံသား စောဘဦး(တောင်ကလေး)နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဒိုက်တို့၏ လိုက်မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်လုပွဲအပါအဝင် ပွဲစဉ်ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ၏ အဓိကပွဲစဉ်ဖြစ်သည့် လိုက်မစ်ဒယ် ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မြန်မာနိုင်ငံသား စောဘဦး(တောင်ကလေးကလပ်)နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဒိုက်တို့ ပွဲစဉ် ပထမအချီ အစပိုင်းတွင် ပညာစမ်းရင်း ပွဲအေးသလိုဖြစ်ခဲ့ သော်လည်း ဘယ်ညာလက်သီးတွဲလုံးများကြောင့် အသက်ဝင်ခဲ့သည်။

ဒုတိယအချီတွင် ပိုမိုမြန်ဆန်ခဲ့ပြီး စောဘဦးက ဘယ်ညာလက်သီးတွဲလုံးများနှင့် တိုက်စစ်ဆင်ခဲ့သည့်အတွက် အာသာ ဆာလာဒိုက်က ပြန်လည်ကာကွယ်ရင်း ခြေကန်ချက်များနှင့် လက်သီးချက်များဖြင့် တန်ပြန်ချေပခဲ့သည်။

တတိယအချီတွင် အာသာဆာလာဒိုက်က ထိုးစစ်ဆင်နိုင်၍ တရစပ်ဖိအားပေးခဲ့ပြီး စောဘဦးကို အခက်တွေ့စေခဲ့ကာ စတုတ္ထအချီတွင် အာသာဆာလာဒိုက်က ဒူးတိုက်ချက်ဖြင့် စောဘဦးကို အလဲထိုးအနိုင်ယူကာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ရွှေခါးပတ်ကို အရယူနိုင်ခဲ့သည်။

ယခင်ကျင်းပခဲ့သည့် WLC-4 တွင် ပြိုင်ဘက်များကို အနိုင်ရရှိပြီး မြန်မာပြည်ချန်ပီယံဗိုလ်လုပွဲ သို့ တက်ရောက်ခဲ့ကြသည့် လိုက်ဝယ်တာဝိတ်တန်း မြန်မာပြည်ချန်ပီယံ ဗိုလ်လုပွဲတွင် စောဒါဝိတ်(တောင်ကလေးကလပ်)နှင့် ကျော်ဇင်လတ်(၉ သထုံကလပ်) တို့ပွဲစဉ်မှာ အစမှာပင် လျှင်လျှင်မြန်မြန် ယှဉ်ပြိုင်ခဲ့ကြပြီး စောဒါဝိတ်၏ လက်သီးကြောင့် ကျော်ဇင်လတ် အနှောင့်အယှက်ဖြစ်ခဲ့ပြီး ကျော်ဇင်လတ်၏ ချုပ်ကွက်များကလည်း စောဒါဝိတ်ကို အခက်တွေ့စေခဲ့သည်။

ဒုတိယအချီတွင် စောဒါဝိတ်၏ ညာတံတောင်ကြောင့် ကျော်ဇင်လတ်လဲကျခဲ့ရပြီး အစောပိုင်းတွင် ကျော်ဇင်လတ်၏ ချုပ်ကွက်ကြောင့် စောဒါဝိတ်၏ သွေးထွက်ခဲ့သည့်နဖူးကို ဆေးစစ်မှုလုပ်ခဲ့ရသည်။

တတိယအချီနှင့် စတုတ္ထအချီတို့တွင် လက်သီးတွဲလုံးများ၊ ခြေကန်ချက်များ၊ ဒူးတံတောင်များဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်ကို ပွဲဆူစေခဲ့သည်။ ငါးချီအထိ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ပြီး နောက်တွင် ဒိုင်အမှတ်ဖြင့် ကျော်ဇင်လတ်က အနိုင်ရရှိကာ မြန်မာပြည်ချန်ပီယံခါးပတ်ကို အရယူနိုင်ခဲ့သည်။

ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုနှင့် မြန်မာနိုင်ငံသား စောငမန်း(ရွှေဖူးကလပ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည့် စူပါမစ်ဒယ်ဝိတ်ပွဲစဉ်တွင် အစပိုင်း၌ ပညာသားပါပါ အရှောင်အတိမ်းများဖြင့် တစ်ဦးနှင့်တစ်ဦး ဟာကွက်စောင့်ကာ ယှဉ်ပြိုင်ခဲ့ကြသည်။

ဒုတိယအချီတွင် ဟာကွက်များကို အပိုင်အနိုင်အသုံးချကာ ခြေကန်ချက်များ၊ ဒူးတိုက်ချက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး စောငမန်း(ရွှေဖူးကလပ်)က အမှတ်ဖြင့် အနိုင်ရခဲ့သည်။

လိုက်ဝယ်တာပွဲစဉ်အဖြစ် စောထူးအောင်(တော်ဝင်ရိုးရာကလပ်)နှင့် လက်သီးမိုး(၉ သထုံကလပ်)တို့၏ ပွဲစဉ်တွင် စောထူးအောင်(တော်ဝင်ရိုးရာကလပ်)က ငါးချီပြည့် ယှဉ်ပြိုင်အနိုင်ယူခဲ့ပြီး လိုက်ဝိတ်ပွဲစဉ် မိုက်ရိုင်း(ရွှေဖူးကလပ်)နှင့် ပေါ်တူဂီနိုင်ငံသား အန်တိုနီယို အယ်ဘာတို ဖာရီရာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ သုံးချီမြောက်တွင် ဒိုင်ပွဲရပ်ဖြင့် အန်တိုနီယို အယ်ဘာတို ဖာရီရာက အနိုင်ရခဲ့သည်။

ဝယ်တာဝိတ်တန်းပွဲစဉ်အဖြစ် သပြေညို(Adventure)နှင့် ဖိုးလပြည့်(ရွှေဖူးကလပ်)တို့ပွဲစဉ်တွင် သပြေညိုက ပွဲအစမှစ၍ တရစပ်ထိုးစစ်ဆင်ခဲ့ကာ ဒုတိယအချီတွင် သပြေညို၏ အားပါသည့် ညာလက်သီးဖြင့် ဖိုးလပြည့်ကို အလဲထိုးအနိုင်ယူခဲ့ပြီး ရွှေနဒီ(ရွှေဘားလားကလပ်)နှင့် ကမ္ဘောဒီးယားနိုင်ငံသူ နိုဆရီပေ့ါတို့ ယှဉ်ပြိုင်ခဲ့ကြသည့် အမျိုးသမီး ဖယ်သာဝိတ်တန်းပွဲစဉ်တွင် နိုဆရီပေ့ါက သုံးချီပြည့် ယှဉ်ပြိုင်အနိုင်ယူခဲ့သည်။

**မျိုးသူဟိန်း**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူများ၏ ဝမ်းသာပီတိစကားသံများ

ရန်ကုန် ဇွန် ၂

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ယနေ့နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာရာ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံဘာသာတွဲမှ အမှတ်အများဆုံးရရှိခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ၊ ကြိုးစားခဲ့ပုံများနှင့် ရည်မှန်းချက်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်း- ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**


မသင်းမြန္နေး


မစုရည်ဝင်း


မစုနေခြည်မိုး


မယမင်းအောင်


မစုမြတ်ဦး

**မသင်းမြန္နေး (ခြောက်ဘာသာဂုဏ်ထူးရှင်၊ အထက-၁၊ ဒဂုံ)(မြန်မာတစ်နိုင်ငံလုံးပထမ)**

ညီမက ရမှတ်ပေါင်း ၅၅၃ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံး ပထမဆုရရှိတဲ့အတွက် အလွန်အံ့အားသင့်မိပါတယ်။ ဒီလိုမျိုးရရှိခဲ့တာလည်း ဆရာ ဆရာမတွေ၊ မိဘဆွေမျိုးတွေ၊ သူငယ်ချင်းတွေရဲ့ ကူညီထောက်ပံ့မှုတွေကြောင့် ရရှိခဲ့တာပါ။ တကယ်ကို ပျော်ရွှင်မိပါတယ်။ ဆေးတက္ကသိုလ်နဲ့ ရန်ကုန်နည်းပညာတက္ကသိုလ် တစ်ခုခုတက်ဖို့ စဉ်းစားထားပါတယ်။ နှစ်စကနေစပြီးတော့ စာကိုတစ်နေ့စာတစ်နေ့ အကြွေးမထားဘဲ လုပ်တယ်။ စာတွေကို မှန်ပုံကျက်တယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတဲ့ဟာတွေကိုလည်း သေချာမှတ်သားလိုက်နာတယ်။ စာတွေကို ကြိုးစားလုပ်သလို ဘာသာတရားဘက်ကိုလည်း ပုံမှန်လုပ်ပါတယ်။ ကျောင်းမသွားခင် ဘုရားရှိခိုးတယ်။ ကျောင်းမှာသင်တဲ့ စာတွေကို လေ့လာမှတ်သားပြီး အိမ်မှာပုံမှန်ပြန်လုပ်ပါတယ်။ ငယ်ငယ်ကတည်းက သင်္ချာထူးချွန်၊ စာစီစာကုံးထူးချွန်၊ ဘက်စုံထူးချွန်ဆုတွေလည်း နှစ်တိုင်းရရှိခဲ့ပါတယ်။ သူငယ်တန်းကနေ ရှစ်တန်းအထိ ပထမဆုရရှိခဲ့ပါတယ်။ မိဘတွေကလည်း ပညာရေးဘက်မှာ လစ်ဟာမှုမရှိအောင်၊ ကျန်းမာရေးဘက်မှာလည်း အာဟာရပြည့်ဝအောင် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးပါတယ်။ ဆက်လက်ပြီးတော့လည်း ထူးချွန်တဲ့သူတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပြီး နိုင်ငံနဲ့ လူမျိုးအကျိုးကို တတ်နိုင်တဲ့ဘက်က ဖြည့်ဆည်းဆောင်ရွက်သွားမှာပါ။ တက္ကသိုလ်ဝင်တန်း တက်ရောက်မယ့် မောင်ငယ်၊ ညီမငယ်တွေအတွက်လည်း အခုက မေးခွန်းပုံစံပြောင်းသွားတဲ့အတွက် ကိုယ်ဖြေဆိုမယ့် မေးခွန်းပုံစံတွေကို အကျွမ်းတဝင်ဖြစ်အောင် ဆရာ ဆရာမတွေ သင်ကြားတာကို လေ့လာမှတ်သားပြီး ဘာသာတရားကိုလည်း ကိုင်းရှိုင်းပါ။ ကျန်းမာရေးကိုလည်း ဂရုစိုက်စေချင်ပါတယ်။

**မစုရည်ဝင်း (ခြောက်ဘာသာဂုဏ်ထူးရှင်၊ အထက-၁၊ ဒဂုံ)(မြန်မာတစ်နိုင်ငံလုံးဒုတိယ)**

ညီမက အမှတ်ပေါင်း ၅၅၂ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိခဲ့တာပါ။ Top Ten ဝင်ဖို့တော့ မျှော်လင့်ထားပါတယ်။ ဒုတိယရမယ်လို့တော့ မမျှော်လင့်ထားပါဘူး။ မမျှော်လင့်ဘဲ ရရှိခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ငယ်ငယ်တုန်းက ထူးခြားတဲ့ပညာရေးမှတ်တိုင်တော့ မရှိခဲ့ပါဘူး။ ဆုတွေတော့ ရခဲ့ဖူးပါတယ်။ အချိန်ဇယားဆွဲပြီးတော့ စာကျက်ခဲ့တာမျိုးတော့ မရှိခဲ့ပါဘူး။ တစ်နေ့စာတစ်နေ့ ပြီးအောင်လုပ်တယ်။ ဆရာ ဆရာမတွေ အိမ်စာပေးလို့ရှိရင်လည်း မလစ်ဟင်းအောင် သေသေချာချာလုပ်ခဲ့ပါတယ်။ စာသင်တဲ့အခါမှာလည်း သေချာလိုက်နာပြီး သင်ယူခဲ့ပါတယ်။ စာသင်တဲ့အခါမှာ သေချာလိုက်မှတ်ပြီး အိမ်မှာပြန်လုပ်ရင် ပိုပြီးလွယ်ကူပါတယ်။ ဘာသာရပ်တိုင်းကို စေ့စပ်သေချာစွာ ကြိုးစားခဲ့ပါတယ်။ မိဘတွေအနေနဲ့လည်း အဘက်ဘက်ကနေ အစစအရာရာ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးကအစ လစ်ဟာမှုမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကိုလည်း မြှင့်တင်ပေးခဲ့ပါတယ်။ အနာဂတ်မှာလည်း ထူးချွန်ထက်မြက်တဲ့ နှလုံးအထူးကု ဆရာဝန်မကြီးတစ်ယောက်ဖြစ်ချင်ပါတယ်။ ကိုယ့်တတ်ကျွမ်းတဲ့ ပညာရပ်နဲ့ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ ကူညီထောက်ပံ့ပေးသွားမှာပါ။ နောင်လာမယ့် မောင်ငယ်၊ ညီမငယ်တွေကိုလည်း စာကိုလည်းကြိုးစားပါ။ ဆရာ ဆရာမတွေရဲ့ ဆုံးမသွန်သင်မှုတွေကိုလည်း လိုက်နာပါ။ ဘုရားတရားကိုလည်း မမေ့ဘဲ အမြဲတမ်း ဦးထိပ်ထားပါ။ ကျန်းမာရေးလည်း ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။

**မစုနေခြည်မိုး (ခြောက်ဘာသာဂုဏ်ထူးရှင်၊ အထက-၁၊ ဒဂုံ)(မြန်မာတစ်နိုင်ငံလုံးတတိယ)**

ညီမက အမှတ်ပေါင်း ၅၅၁ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံး တတိယဆုရရှိခဲ့တဲ့အတွက် စိတ်လှုပ်ရှားသလို ဝမ်းလည်းဝမ်းသာပါတယ်။ Top Ten မဝင်ဘဲ ကျန်နေခဲ့တဲ့ သူငယ်ချင်းတွေအတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ Top Ten ဝင်ဖို့တော့ မမျှော်မှန်းခဲ့ပါဘူး။ အထူးတလည်ကြိုးစားခဲ့တာတော့ မရှိပါဘူး။ ပုံမှန်ပဲ ကြိုးစားခဲ့တာပါ။ တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်ခဲ့တယ်။ ငယ်ငယ်တုန်းကတော့ ဆုတံဆိပ် သုံးခု၊ လေးခုလောက် ရဖူးပါတယ်။ ဆေးတက္ကသိုလ်တက်ဖို့ ရည်မှန်းထားပါတယ်။ ဒီထက်လည်း ပိုပြီးကြိုးစားသွားမှာပါ။ လူနာဦးရေ နည်းနိုင်သမျှ နည်းအောင် ကိုယ့်တတ်တဲ့ပညာနဲ့ တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီဆောင်ရွက်သွားမှာပါ။ အခုနှစ်ဖြေဆိုမယ့် မောင်ငယ်၊ ညီမငယ်တွေကိုလည်း ကြိုးစားစေချင်ပါတယ်။ ကြိုးစားတဲ့နေရာမှာ နည်းမှန်လမ်းမှန်နဲ့ ကြိုးစားစေချင်ပါတယ်။ မိဘတွေရဲ့ ကူညီပံ့ပိုးမှုက ငယ်ငယ်ကတည်းက ရှိခဲ့ပါတယ်။ ငယ်ငယ်က အင်္ဂလိပ်စာအခြေခံ ခိုင်မာခဲ့လို့ စာမေးပွဲမှာ အင်္ဂလိပ်စာဉာဏ်စမ်းပုံစံကို အကောင်းဆုံးဖြေဆိုနိုင်ခဲ့ပါတယ်။ မိဘတွေရဲ့ကူညီထောက်ပံ့မှုတွေ ရှိပေမယ့်လည်း ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားလုပ်ဆောင်စေချင်ပါတယ်။

**မယမင်းအောင် (ခြောက်ဘာသာဂုဏ်ထူးရှင်၊ အထက-၁၊ ဒဂုံ)(မြန်မာတစ်နိုင်ငံလုံးဆဋ္ဌမ)**

အမှတ်ပေါင်း ၅၅၀ ရရှိတဲ့ သုံးယောက်ထဲမှာ ညီမက မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဆင့်ခြောက် ရရှိခဲ့ပါတယ်။ အဲဒီအတွက် ဝမ်းသာပါတယ်။ တစ်နှစ်ပတ်လုံး ကြိုးစားခဲ့သမျှ အရာထင်သွားတယ်လို့ ပြောရမှာပေ့ါ။ ဒီလိုအောင်မြင်မှုရရှိဖို့အတွက် ကိုးတန်းဖြေပြီး မတ်လလောက်ကတည်းက စကြိုးစားခဲ့တာပါ။ ဆရာတွေပြောသမျှ သေချာပြန်လုပ်တယ်။ အချိန်ဇယားဆွဲပြီးတော့ လုပ်တာတော့ မရှိပါဘူး။ ကိုယ်လိုရင်လိုသလောက် လိုအပ်တဲ့ဘာသာကို ဖြည့်ပြီး ကြိုးစားလိုက်တာပါ။ ညီမရဲ့ရည်မှန်းချက်က ဗိသုကာပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်။ ငယ်စဉ်ကတည်းက မြို့နယ်ဘက်စုံထူးချွန်ဆု၊ သင်္ချာထူးချွန်ဆု တစ်နိုင်ငံလုံး တတိယ၊ အင်္ဂလိပ်ထူးချွန်ဆုတွေ ရရှိခဲ့ပါတယ်။ ဒီလိုအောင်မြင်ဖို့အတွက် မိဘမောင်နှမ၊ ဆရာသမားတွေဘက်ကလည်း ပြောစရာမရှိအောင် သေချာဂရုစိုက်ပေးကြပါတယ်။ ၁၀ တန်းဖြေဆိုကြမယ့် မောင်ငယ်၊ ညီမငယ်တွေကို ပြောချင်တာကတော့ မေးခွန်းပုံစံတွေ ပြောင်းထားပေးမယ့် စိုးရိမ်စရာမရှိပါဘူး။ ကိုယ်ဘာပဲလုပ်လုပ်အောင်မြင်ဖို့က အဓိကပါ။ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ပစ်မှတ်ထားပြီး စိတ်ဓာတ်မာမာနဲ့ဇွဲမလျှော့တမ်း ကြိုးစားမယ်ဆို အောင်မြင်မှာပါ။ ကိုယ်ဖြစ်ချင်တာကို သေချာပစ်မှတ်ထားပြီး စိတ်တွေမလေဘဲ အာရုံစိုက်ပြီး ကြိုးစားစေချင်ပါတယ်။

**မစုမြတ်ဦး (ခြောက်ဘာသာဂုဏ်ထူးရှင်၊ အထက-၁၊ ဒဂုံ)(မြန်မာတစ်နိုင်ငံလုံးဒသမ)**

အမှတ်ပေါင်း ၅၄၈ မှတ်ရရှိတဲ့ သုံးယောက်ထဲမှာ ညီမက မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဆင့် ၁၀ ရရှိခဲ့တာပါ။ အလွန်ဝမ်းသာပါတယ်။ ကိုးတန်းဖြေပြီး မတ်လကတည်းကစပြီးတော့ ၁၀ တန်းအတွက်ပဲ သေသေချာချာ တစိုက်မတ်မတ် လုပ်ခဲ့ပါတယ်။ အခြားအရာတွေ ဘာမှမစဉ်းစားဘူး။ စာကိုလည်း တစ်နေ့စာတစ်နေ့ မှန်မှန်လုပ်ခဲ့တယ်။ ကျောင်းကိုလည်း မှန်မှန်တက်ခဲ့တယ်။ အားရင်အားသလို ဘာသာရေးလည်း လုပ်ပါတယ်။ မနက်ဆိုရင် စောစောထပြီး ပရိတ်ရွတ်တယ်။ ညဘက် ကိုးနာရီဆို ပဋ္ဌာန်းရွတ်တယ်။ နှစ်စကတည်းက ခြောက်ဘာသာဂုဏ်ထူးမှန်းပြီး ကြိုးစားခဲ့တယ်။ Top Ten ဝင်တာလည်း မထင်မှတ်ဘဲ ဖြစ်ခဲ့တာပါ။ ရည်မှန်းချက်ကတော့ ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ရည်မှန်းထားပါတယ်။ ငယ်ငယ်တုန်းကလည်း ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အခန်းထဲမှာ ထူးချွန်တဲ့ ကျောင်းသားထဲမှာတော့ မပါဘူး။ အလယ်အလတ်လောက်ပဲ ရှိတာပါ။ ဒီနှစ်ကျမှ ရအောင်လုပ်ရမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ဖြစ်သွားတာပါ။ ဒီလိုအောင်မြင်ဖို့အတွက် မိဘ ညီအစ်ကိုမောင်နှမတွေ၊ အဒေါ်တွေကအစ ဝိုင်းဝန်းကူညီပေးပါတယ်။ မထင်မှတ်ဘဲဖြစ်ခဲ့တာဆိုတော့ ပြောမပြတတ်အောင် ပျော်ရွှင်မိပါတယ်။ နောက်နှစ်ဖြေမယ့် မောင်ငယ်၊ ညီမငယ်တွေကို ပြောချင်တာက နှစ်စကတည်းက တခြားဘာမှမတွေးဘဲနဲ့ စာတစ်ခုကိုပဲ တစိုက်မတ်မတ်လုပ်ပါ။ အပျော်အပါးတွေကိုလည်း ခဏဖယ်ထားပါ။ တစ်နှစ်လောက် ရပ်လိုက်ရုံနဲ့ လောကကြီးနဲ့ အဆက်အသွယ်မပြတ်သွားပါဘူး။ အကောင်းဆုံးကိုရည်မှန်းပြီးလုပ်ပါ။ ဘုရားတရားလည်းလုပ်ပြီး စိတ်ထားကောင်းကောင်းနဲ့ ကိုယ်သိတာတွေကို မျှဝေပေးပါလို့ ပြောချင်ပါတယ်။



## မောင်တော၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ယခုနှစ် နှစ်ဆတိုးလာ

**မောင်တော ဇွန် ၂**

ယနေ့တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာပေးခဲ့ရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ဆတိုးလာကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က မောင်တောမြို့နယ်ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းက ကိုးရာခိုင်နှုန်းပဲရှိခဲ့ရာကနေ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၁၈ ဒသမ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်မှုရှိခဲ့ပါတယ်"ဟု မောင်တောမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နုက ပြောသည်။

မောင်တောမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖြေဆိုသူ ၆၉၀ ရှိခဲ့ပြီး အောင်မြင်သူ ၁၂၅ ဦး ရှိခဲ့ကြောင်း သိရသည်။ ယင်းသို့ ဖြေဆိုအောင်မြင်သူများထဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူဦးရေ ၁၄ ဦးအထိ ထွက်ပေါ်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မောင်တောမြို့နယ်တွင်ဖွင့်လှစ်မည့် အခြေခံပညာကျောင်းပေါင်း ၁၁၄ ကျောင်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မဖွင့်လှစ်နိုင်မည့် ကျောင်းပေါင်း ၆၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**သတင်း- နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ- သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**

# တာချီလိတ်မြို့ ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် ဆိုဒီယမ်ဆိုင်ရာနိုက်များ သိမ်းဆည်းရမိ



**တာချီလိတ် ဇွန် ၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် တာချီလိတ်-မယ်ဆိုင်မြို့ရှိ အမှတ်(၂) ချစ်ကြည်ရေးတံတား မြန်မာဘက်ခြမ်းတွင် ဇွန် ၂ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံသားတစ်ဦး မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၉၀၀ ခန့်တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ရာနိုက်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၏ သတင်းဖလှယ်ဆက်သွယ်ဆောင်ရွက်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ အမှတ်(၂) ချစ်ကြည်ရေးတံတား မြန်မာဘက်ခြမ်းတွင် ထိုင်းနိုင်ငံမယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်သို့ ထိုင်းနိုင်ငံသား Mr.Sawat Kaeodam မောင်းနှင်လာသည့် ထိုင်းနံပါတ်-၇၀-၇၁၆၂ နံပါတ်ပါ MESA FL အမျိုးအစား အဖြူရောင် ဆယ်ဘီးယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းတွင် အနက်ရောင် မိုးကာဖြင့်အုပ်လျက် မသင်္ကာဖွယ်ရာ သံပုံးများတွေ့ရှိရသဖြင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်သို့ မောင်းနှင်ခေါ်ဆောင်၍ ဖွင့်ဖောက်စစ်ဆေးသည်။ ယင်းသို့စစ်ဆေးရာမှ အမြင့် လက်မ ၂၀၊ အချင်း ၁၄ လက်မရှိ အနက်ရောင်သံပုံးများဖြင့် ထည့်လျက် ဆိုဒီယမ်ဆိုင်ရာနိုက် အလေးချိန် ၅၀ ကီလိုခန့်စီပါ ပုံး ၃၀၀ (စုစုပေါင်း အလေးချိန် ကီလို ၁၅၀၀၀ ခန့်) ဒေသတန်ဖိုးငွေကျပ်သိန်း ၉၀၀ ခန့်နှင့်အတူ မော်တော်ယာဉ်ရှေ့ခန်းမှ Mr.Sawat Kaeodam အမည်ပါ ID ကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင် တစ်ခု၊ Visa ကတ်တစ်ခု၊ ထိုင်းဘဏ်ငွေစုစာအုပ်တစ်အုပ်၊ နိုင်ငံကူးစာအုပ်တစ်အုပ်၊ Vivo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။ အဆိုပါ ဆိုဒီယမ်ဆိုင်ရာနိုက်များနှင့်အတူ ဖမ်းဆီးရမိသော ထိုင်းနိုင်ငံသား Mr.Sawat Kaeodam အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# ရေပူစစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့ မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၁ ရက်က CANTER ခြောက်ဘီးယာဉ် လေးစီးနှင့် ယာဉ်ငယ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ ၂၄၆ ဖာ အပါအဝင် လူသုံးကုန်ပစ္စည်း ငါးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၃၆၄ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၉ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၃၆၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၅၁၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၈၇၉ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲလေဆိပ်လမ်းမကြီးပေါ်တွင် ကားတစ်စီး အရှိန်လွန်တိမ်းမှောက်

**ငပလီ ဇွန် ၂**

ငပလီမြို့ သံတွဲလေဆိပ်သွားလမ်းပေါ်တွင် ကားတစ်စီး အရှိန်လွန်တိမ်းမှောက်၍ ယာဉ်မောင်းမှာ နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်ပါတစ်ဦးမှာ စိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကာ လမ်းဘေးတွင် လမ်းလျှောက်သူ နှစ်ဦးမှာ ပွတ်တိုက်မိ၍ ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် ည ၇ နာရီခွဲတွင် ယာဉ်မောင်း ဦးသက်ဦး မောင်းနှင်လာသော SURF အမျိုးအစားယာဉ်သည် သံတွဲမှ သံတွဲလေဆိပ်ဘက်သွားလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ယာဉ်အားအရှိန်မထိန်းနိုင်ဘဲ လမ်းလျှောက်လာသူနှစ်ဦးကို ပွတ်တိုက်ကာ လမ်း၏ညာဘက်ခြမ်း ပလက်ဖောင်းအား ကျော်တက်ပြီး လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ပြုတ်ကျ၍ လမ်းပလက်ဖောင်းနှင့် ဦးခေါင်းရိုက်မိကာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်ပေါ်လိုက်ပါလာသူ ရန်နိုင်မော်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာ (စိုးရိမ်ရ)၊ လမ်းဘေးလမ်းလျှောက်လာသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိ၍ သံတွဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**

# ပုသိမ်ခရိုင်တရားရုံးက သက်ငယ်မုဒိမ်းမှုအား ထောင်ဒဏ် အနှစ် ၂၀ ချမှတ်

**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တရားရုံးက မေ ၃၁ ရက်တွင် သက်ငယ်မုဒိမ်းမှုကို ထောင်ဒဏ်အနှစ် ၂၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် မေလက ငပုတောမြို့နယ် ဟင်းအိုးချောင်းကျေးရွာနေ မ---၁၅ နှစ်သည် ပုသိမ်မြို့ အမှတ်(၈)နယ်မြေ မဟာဗောဓိလမ်းအနီးရှိ ရွှေလက်ရာစားသောက်ဆိုင်တွင် အကူအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်နေသည်။ တစ်နှစ်တာအချိန်ရောက်ရှိလာစဉ် ဆိုင်ပိုင်ရှင် ဒလစ်(ခ)ဇော်မင်းဦးက မ---အား အလိုမတူသားမယား သုံးကြိမ်ပြုကျင့်ပြီး တစ်ဦးဦးသိရှိသွားပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

မ---သည် မိခင်အား ခေါ်ရန်အကြောင်းကြားပြီး ဆိုင်မှထွက်လိုကြောင်း ပြောဆိုကာ အမှတ်(၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူထံ သွားရောက်တိုင်ကြားသည့်အခါ သက်ငယ်မုဒိမ်းမှုဖြစ်နေသဖြင့် ပုသိမ်နယ်မြေရဲစခန်းသို့ လွှဲပြောင်း၍ မိခင် ဒေါ်ဝင်းရွှေက အမှုဖွင့်လှစ်ခဲ့ရာ ဒလစ်(ခ)ဇော်မင်းဦးအား ဖမ်းဆီးအရေးယူ၍ ပုသိမ်ခရိုင်တရားရုံး၌ စစ်ဆေးခဲ့သည်။ မေ ၃၁ ရက်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဒလစ်(ခ)ဇော်မင်းဦးအား သက်ငယ်မုဒိမ်းမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# မိုင်းထိသေဆုံးပြီဟုထင်၍ တောထဲထားခဲ့ရာမှ အသက်ရှင်လျက် ပြန်ရောက်လာ

**မိုးကောင်း ဇွန် ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာတွင် မေ ၂၆ ရက်က ညီအစ်ကိုနှစ်ဦး ငါးရှာရန် တောတွင်းသို့ သွားရာမှ နင်းမိုင်းနင်းမိ၍ သေဆုံးပြီဟု ထင်မှတ်ကာ ညီဖြစ်သူအား ထားခဲ့ရာမှ ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာနေ ညီအစ်ကိုနှစ်ဦးဖြစ်သူ စိုင်းအောင်(ခ)ဟိန်းထက်အောင် (၂၀)နှစ်နှင့် နိုင်နိုင်(ခ)နိုင်လင်း (၁၆)နှစ်တို့ နှစ်ဦးသည် ဆားမော်ကျေးရွာ၏ အရှေ့တောင်ဘက် ဒေသအခေါ် ဘန်ဂျက်ချောင်းသို့ မေ ၂၆ ရက်က ငါးရှာဖွေရန်သွားရောက်စဉ် နင်းမိုင်းနင်းမိကာ နှစ်ဦးစလုံး ဒဏ်ရာကိုယ်စီရရှိခဲ့ပြီး ညီဖြစ်သူ နိုင်နိုင်(ခ)နိုင်လင်းမှာ မိုင်းထိဒဏ်ရာများကြောင့် သတိမရှိတော့သဖြင့် အစ်ကိုဖြစ်သူက ကုန်းပိုးသယ်ဆောင်ခဲ့သော်လည်း သေနတ်ပစ်ခတ်သံများကြားရ၍ ညီဖြစ်သူ၏ဒဏ်ရာပြင်းထန်သည်ကတစ်ကြောင်း၊ ကိုယ်တိုင်လည်း မိုင်းစထိမှန်ဒဏ်ရာများ ရရှိထားသည်ကတစ်ကြောင်းကြောင့် ဆက်၍ မသယ်ဆောင်နိုင်တော့ဘဲ နောက်မှ ပြန်လာခေါ်မည်ဟု ဆုံးဖြတ်ကာ ပြေးခဲ့ရာ မေ ၂၈ရက်(သုံးရက်ကြာ)မှ လယ်တဲတစ်ခုသို့ ရောက်ရှိခဲ့ပြီး နယ်မြေခံတပ်မှ လာရောက်ခေါ်ဆောင်ခဲ့ကာ မြစ်ကြီးနား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

တောထဲတွင် ကျန်ရစ်ခဲ့သည့် ညီဖြစ်သူမှာ ရရှိထားသည့်ဒဏ်ရာများကြောင့် သေဆုံးရန်ရာခိုင်နှုန်းများခြင်း၊ လမ်းမမှတ်မိတော့ခြင်း၊ သွားရောက်ရှာဖွေမည့်သူများလည်း အန္တရာယ်ရှိနိုင်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများမှလည်း တွေ့ရှိသွားနိုင်ခြင်းတို့ကြောင့် မောင်နိုင်လင်းအား သေပြီဟုယူဆကာ ခုနစ်ရက်မြောက်နေ့ ဇွန် ၁ ရက်က ဆားမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆွမ်းသွတ်အမျှဝေပေးခဲ့သည်။

ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မောင်နိုင်လင်းမှာ မသေဘဲလယ်တဲတစ်ခုတွင် ဒဏ်ရာများဖြင့် ရောက်ရှိနေကြောင်း သိရှိရသဖြင့် နယ်မြေခံတပ်နှင့် မိဘများက သွားရောက်ခေါ်ဆောင်ခဲ့ပြီး မြစ်ကြီးနားတပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ၎င်းရရှိထားသည့်ဒဏ်ရာများမှာ ဝဲဘက်လက်တံတောင်ဆစ်အောက်အရိုးကျိုးဒဏ်ရာ၊ ဝဲဘက်ပေါင်ဖောက်ဝင်ဒဏ်ရာ၊ ယာဘက်နားထင် ရှပ်ထိဒဏ်ရာ၊ ယာဘက်ခြေဖမိုး ဖောက်ဝင်ဒဏ်ရာနှင့် ခန္ဓာကိုယ်အနှံ့အပြား မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

မောင်နိုင်လင်းမှာ တောထဲတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သော်လည်း အသက်ရှင်ရေးကိုသာ အဓိကထားပြီး ခြောက်ရက်တိတိ တောထဲတွင် ဒုက္ခများနှင့် ကြုံတွေ့ခဲ့ရကြောင်းနှင့် ဇွန် ၁ ရက်က မြစ်ကြီးနား တပ်မတော်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကျောက်မဲမြို့၌ ပေါက်ကွဲမှုဖြစ်ပွား

**ကျောက်မဲ ဇွန် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်သစ်တောရုံးဝင်းအတွင်း၌ ဇွန် ၁ ရက် ညပိုင်းက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားကြောင်း သတင်းအရ နယ်မြေခံတပ်မှ တပ်မတော်အရာရှိများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်နှင့် မြို့မရဲစခန်းမှူးတို့ ဦးစီးရဲတပ်ဖွဲ့ဝင်များသည် သွားရောက်စစ်ဆေးခဲ့ကြသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် ည ၁၀ နာရီခွဲက ကျောက်မဲမြို့ အမှတ်(၁)ရက်ကွက်ရှိ မြို့နယ်သစ်တောရုံးဝင်းအတွင်း၌ ရပ်တန့်ထားသော မြို့နယ်သစ်တောဦးစီးမှူး ဦးသူရကျော်ပိုင်ဆိုင်သည့် 7C/---- MII ခဲရောင်ယာဉ်၏ အရှေ့အင်ဂျင်အောက်ပိုင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါယာဉ်၏အနီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ယမ်းနံ့ရသောဘောစေ့များကို တွေ့ရှိရပြီး ယခုပေါက်ကွဲခဲ့သောမိုင်းမှာ ဒေသန္တရလုပ်ရီမုတ်မိုင်းဟု ယူဆကြောင်း နယ်မြေခံတပ်မှ ပြောကြားချက်အရ သိရသည်။

**ကိုကိုလတ်**

# မူဆယ်မြို့ နှစ်နိုင်ငံ နယ်စပ်အနီးရှိ ကေတီဗွီမီးလောင်

**မူဆယ် ဇွန် ၂**

မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ဆင်ဖြူ (မြန်မာ-တရုတ်နှစ်နိုင်ငံဝင်၊ ထွက်ဂိတ်) အနီးရှိ ကေတီဗွီသုံးထပ်အဆောက်အအုံ၌ ဇွန် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ကျွမ်းသောနေရာသို့ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးညွန့်၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းစိုးတို့ ရောက်ရှိခဲ့ပြီး ၎င်းတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ သန္နှေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၅ စီးဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံ ကြယ်ဂေါင်မီးသတ်တပ်ဖွဲ့မှ ဗိုလ်မှူးဝမ်တရှန် ဦးဆောင်သော တရုတ်မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦးသည် မီးသတ်ယာဉ် သုံးစီးဖြင့်လည်းကောင်း မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးညွန့်ကျိုးခဲ့သည်။

ကေတီဗွီဝန်ထမ်းဖြစ်သော အသက်(၂၁)နှစ်အရွယ် ရန်ချန်းဖျင့်သည် ဆိုင်အတွက် စားပွဲပြုလုပ်ရန် သံနှင့်သစ်သားအား မော်တာတပ်သစ်သားဖြတ်စက်ဖြင့် ဖြတ်တောက်နေစဉ် မီးအားမနိုင်သဖြင့် တတိယထပ်ရှိ မီးပလတ်ခုံမှ ဝါယာကြိုးအပူလွန် ရှော့ဖြစ်ပြီး မီးလောင်ကျွမ်းရသည်ဟု သိရသည်။ ဆိုင်အတွင်းရှိ အသုံးအဆောင်များ၊ ထိုင်ခုံ၊ စားပွဲအစရှိသည့် ပရိဘောဂများ မီးလောင်ကျွမ်းခဲ့သဖြင့် ရန်ချန်းဖျင့်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

## မြန်မာ့ရုပ်မြင်သံကြား

၃-၆-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "လက်ဆင့်ကမ်း အမွေသာသနာ့မြေ"
- ၈း၃၅ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၄)
- ၁၀း၃၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၁၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၃၀ ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ်ဆီးချို၊ သွေးချိုတက်လျှင် ဘယ်လိုကုသရမလဲ" (အပိုင်း-၁)
- ၁၂း၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် "အဖေတစ်ခု သားတစ်ခု" (စိန်မြင့်၊ ဇော်လင်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-မောင်နန္ဒ)

**ညပိုင်း**

- ၁၅း၁၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar Fc Vs Zwekepin United Fc)
- ၁၈း၂၀ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "မြိတ်ဒေသ၏ ရေထွက်ကုန် ကဏန်းပျော့မွေးမြူရေး"
- ၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း-၉၅)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "In & Out" (Taiwan ခရီးစဉ်) (အပိုင်း-၂) (လေးဖြူနှင့်အဖွဲ့) -"သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် မြန်မာမှုတေးဂီတတင်ဆက်ပွဲ" -"တိမ်စင်လ" -အစီအစဉ်ပြီး၏။



# ရီးယဲလ်ကွင်းလယ်ကစားသမား မက်စကာရယ်အား ဘိုင်ယန်မြူးနစ် ဝယ်ယူရန် ပစ်မှတ်ထားနေ

ဘိုင်ယန်မြူးနစ်အသင်းသည် ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား မက်စကာရယ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ ကွင်းလယ်ကစားသမား မက်စကာရယ်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းမှ ဖရန့်ဖက်အသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့သူဖြစ်သည်။

ယင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသော်လည်း ဖရန့်ဖက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းအား ယူရိုတစ်သန်းပေးမည်ဆိုပါက ကွင်းလယ်ကစားသမား မက်စကာရယ်အား ဖရန့်ဖက်အသင်းက ပိုင်ဆိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဖရန့်ဖက်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်အရ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း ယူရိုလေးသန်းဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက ပြန်လည်ဝယ်ယူနိုင်မည့်အချက်လည်း ပါဝင်နေသည်။

လက်ရှိတွင် ဖရန့်ဖက်အသင်းတွင် အငှားချထားသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်မှာ တစ်နှစ်ကျန်ရှိနေသေးခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အဆိုပါကွင်းလယ်ကစားသမား မက်စကာရယ်အား ရောင်းချဖွယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ကွင်းလယ်ကစားသမား မက်စကာရယ်အား ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအပါအဝင် မက်စကာရယ်အား ဟော်ဖန်ဟိမ်းအသင်း၊ ဗီလာရီးယဲလ်အသင်း၊ ဆီဗီလာအသင်း၊ ရှော်လ်ကေးအသင်းနှင့် ဒေါ့မွန် အသင်းတို့ကလည်း ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

# ဒမ်ဘီလီကိုခေါ်ယူပြီး ဆာလာအား လီဗာပူး ရောင်းချဖွယ်ရှိနေ



ငွေကြယ်-ရေးသားသည်

လီဗာပူးအသင်းနည်းပြ ကလော့သည် တိုက်စစ်မှူး ဒမ်ဘီလီကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး ယင်းသို့ခေါ်ယူမည်ဆိုပါက တိုက်စစ်မှူး ဆာလာကို ရောင်းချသွားဖွယ်ရှိနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်း နာဘီကီတာနှင့် ဖာဘင်ဟိုတို့ကို ခေါ်ယူအားဖြည့်ခဲ့သော်လည်း တိုက်စစ်ပိုင်းအတွက် ဒမ်ဘီလီကို ထပ်မံခေါ်ယူရန်စီစဉ်နေခြင်း ဖြစ်သည်။

သို့ရာတွင် ဘာစီလိုနာအသင်းနှင့် ဒမ်ဘီလီတို့အကြား အငှားစာချုပ်ဖြင့် သဘောတူညီမှုအပေါ်တွင် မူတည်နေပြီး မိုဟာမက်ဆာလာကို လီဗာပူးအသင်းတွင် ဆက်ထားမည်ဆိုပါက ဒမ်ဘီလီအား ခေါ်ယူနိုင်မည်မဟုတ်ကြောင်းလည်း ကလော့က ဆိုသည်။

လီဗာပူးအသင်းသည် အသင်းအတွက် လတ်တလောလိုအပ်နေသည်မှာ ဂိုးသမားတစ်ဦးရှာဖွေရေးဖြစ်သော်လည်း ဒေါ့မွန်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဒမ်ဘီလီကို အသင်း၏တိုက်စစ်ပိုင်းတွင် အားဖြည့်ရန် ကလော့က စီစဉ်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းအနေဖြင့် ဒမ်ဘီလီကို ခေါ်ယူလိုသော်လည်း ပြောင်းရွှေ့ကြေး ပေါင် ၈၈ သန်းအထိ သုံးစွဲလိမ့်မည်မဟုတ်ကြောင်းနှင့် အဆိုပါပြောင်းရွှေ့ကြေးဖြင့် ဒမ်ဘီလီကို ခေါ်ယူရမည်ဆိုပါက တိုက်စစ်မှူး ဆာလာကို ရောင်းချပြီးမှ ရရှိလာမည့် ငွေကြေးဖြင့်သာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လီဗာပူးအသင်းနည်းပြ ကလော့အနေဖြင့် အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီအား အင်္ဂလန်မြေသို့ ပြောင်းရွှေ့လာရေးအတွက် ကစားသမား၏ မိခင်ဖြစ်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ထားကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒေါ့မွန်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၉၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိကာလတွင် ပေါင် ၁၃၅ သန်းအထိ မြင့်တက်လာဖွယ်ရှိနေသည့် ကစားသမားတစ်ဦး ဖြစ်သည်။ သို့ရာတွင် ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာရရှိနေခြင်းကြောင့် ဒမ်ဘီလီအနေဖြင့် ၂၇ ပွဲအထိ လွဲချော်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် ကော်တင်ဟိုကို အားဖြည့်ခဲ့သည့်အပြင် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကိုပါ ခေါ်ယူရန်စီစဉ်နေခြင်းကြောင့် တိုက်စစ်မှူး ဒမ်ဘီလီမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးရမည့် အနေအထားတွင် ရောက်ရှိနေသည်။ ထို့ကြောင့် လီဗာပူးအသင်းနည်းပြ ကလော့က ဒမ်ဘီလီကို ပစ်မှတ်ထားလာခြင်းဖြစ်ပြီး ဂိုးသမား ကာရီးယပ်နေရာတွင် အစားထိုးရန်လည်း ဘာစီလိုနာဂိုးသမား ဆီလက်ဆန်ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဂိုးသမားနေရာ အားဖြည့်ရန်အတွက် ရိုးမား ဂိုးသမား အဲလစ်ဆင်နှင့် အက်သလက်တီကို မက်ဒရစ် ဂိုးသမား ဂျန်အိုဘလက်တို့ကိုလည်း ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# ရှက်ခ်တာဒိုးနက်စ်ခ်ကွင်းလယ်ကစားသမား ဖရက်ဒ် မန်ယူအသင်းသို့ ရောက်ရှိရန် နီးစပ်နေပြီဖြစ်

ရှက်ခ်တာဒိုးနက်စ်ခ်ကွင်းလယ်ကစားသမား ဖရက်ဒ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်နီးစပ်မှုရှိနေပြီဖြစ်ပြီး လာမည့် သီတင်းပတ်အတွင်း ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



အသက် ၂၅ နှစ်အရွယ်ရှိ ဘရာဇီး ကွင်းလယ်ကစားသမား ဖရက်ဒ်သည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့က မန်စီးတီးအသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဖရက်ဒ်ကို စိတ်ဝင်စားနေဆဲဖြစ်သော်လည်း နာပိုလီ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ပေါင် ၅၅ သန်းဖြင့် သဘောတူညီထားခြင်းကြောင့် ဖရက်ဒ်ကို လက်လွှတ်ခဲ့ရခြင်းလည်း ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းနှင့် ကွင်းလယ်ကစားသမား ဖရက်ဒ်တို့သည် ကနဦးပြောင်းရွှေ့ကြေး အနေဖြင့် ပေါင် ၄၃ သန်းဟု သတင်းများထွက်နေသော်လည်း လက်ရှိတွင် ပြောင်းရွှေ့ကြေး ပေါင် ၅၂ ဒသမ ၂ သန်းအထိ ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဖရက်ဒ်သည် ကမ္ဘာ့ဖလားအကြိုပွဲစဉ်အဖြစ် အင်္ဂလန်နိုင်ငံရှိ အမ်ဖီးလ်ကွင်းတွင် ကစားမည့် ခရိုအေးရှားအသင်းနှင့် ပွဲစဉ်တွင် ဘရာဇီးအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ပြီး ယင်းသို့ လာရောက်ချိန်တွင် မန်ယူအသင်းနည်းပြ မော်ရင်ဟိုက အိုးထရက်ဖို့ဒ်သို့ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။



# ကမ္ဘာ့ဖလားပြိုင်ပွဲမစမီ အနာဂတ်အတွက်ဆုံးဖြတ်မည်ဟု အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်း ပြောကြား

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ၎င်း၏ အနာဂတ်နှင့် စပ်လျဉ်းပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမစမီ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် မာဆေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် နှစ်ဂိုးသွင်းယူပေးခဲ့ကာ ယူရိုပါလိဂ်ဖလားကို ရယူပေးခဲ့သော်လည်း စပိန်လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည် ဆိုသည့်သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဂရစ်ဇ်မန်းသည် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင်လည်း ပင်နယ်တီမှတစ်ဆင့် ပြင်သစ်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အသင်းပြောင်းရွှေ့မည်ဆိုသည့်သတင်းများ ထွက်ပေါ်နေမှုနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ဇွန် ၁၅ ရက်တွင် စတင်မည်ဖြစ်သောကြောင့် ၎င်းအနာဂတ်နှင့်စပ်လျဉ်း၍ ပြိုင်ပွဲမစတင်မီဆုံးဖြတ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၉ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ဂရစ်ဇ်မန်းသည် အသင်းပြောင်းရွှေ့မည်ဆိုသည့် သတင်းများထွက်ပေါ်နေသော်လည်း ၎င်း၏ စာချုပ်သက်တမ်းသည် လေးနှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

# ပင်ပျိုတွေစိုက်ရင်း ပင်အိုတွေကို ထိန်းကြပါစို့

ဝင်းချစ် (အမျိုးသားစာပေဆုရ)

မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် သစ်ပင်များ သိန်းသန်းချီ၍ စိုက်ပျိုးခဲ့ကြပါသည်။ သစ်တောဦးစီးဌာနမှ ပျိုးပင်များထုတ်ပေးပြီး အစိုးရဌာနများ၊ အသင်းအဖွဲ့များက တက္ကသိုလ် ကောလိပ်များနှင့် ကျောင်းများ၊ ဘုရားပရိဝုဏ်များနှင့် ဘုန်းကြီးကျောင်းများ၊ ပန်းခြံများတွင် တပျော်တပါး အင်တိုက်အားတိုက် စိုက်ပျိုးခဲ့ကြပါသည်။

သစ်ပင်များသည် လူသားများနှင့် သက်ရှိသတ္တဝါများ၊ ရေမြေလေနှင့် သဘာဝပတ်ဝန်းကျင်အား အဘက်ဘက်မှ ကျေးဇူးပြုလျက်ရှိသည်ကို စာရှုသူအများသိရှိထားကြပြီးဖြစ်သော်လည်း လူငယ်လူရွယ်များ ပို၍ အလေးထားပြီး တန်ဖိုးထားကြစေရန် အကျဉ်းချုပ်၍ ဖော်ပြလိုပါသည်။

(၁) သစ်ပင်များ၏ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အစေးစသည်များသည် လူသားများနှင့် သားငှက်တိရစ္ဆာန်များအတွက် အစားအစာ၊ ဆေးဝါး၊ အလှကုန်၊ ဟင်းခတ်အမွှေးအကြိုင်၊ ဆိုးဆေးများအဖြစ် အသုံးဝင်သည်။ အဆောက်အအုံများ၊ တံတားများ၊ ပရိဘောဂနှင့် သစ်သားထည်ပစ္စည်းများ၊ ယာဉ်များ တည်ဆောက်ပြုလုပ်ရန်နှင့် စက္ကူအမျိုးမျိုးထုတ်လုပ်ရန်အတွက် သစ်ကုန်ကြမ်းနှင့် လောင်စာထင်းကိုလည်းပေးသည်။ ထို့ပြင် သစ်ပင်များသည် ငှက်များ၊ မျောက်များစသည့် သတ္တဝါများ မှီခိုနားနေရာ အသိုက်အမြုံများလည်းဖြစ်သည်။

(၂) သစ်ပင်များသည် မျက်စိပသာဒဖြစ်စေသည်။ စိမ်းစိမ်းစိုစိုနှင့် ရောင်စုံဖူးပွင့်နေကြပြီး ယိမ်းနွဲ့နေသော သစ်ပင်များကို မြင်ရသည်မှာ ရင်ကိုအေးမြစေပြီး စိတ်ရွှင်လန်းတက်ကြွစေသည်။ စာကြည့်ခြင်း၊ ရုပ်မြင်သံကြားကြည့်ခြင်း၊ Facebook ပွတ်ခြင်း၊ ကွန်ပျူတာရိုက်ခြင်း၊ စက်ချုပ်ခြင်းစသည့် မျက်စိအာရုံပြုရသော အလုပ်များကြာကြာလုပ်မိသည့်အခါ ခေတ္တနားပြီး သစ်ပင်များကို ကြည့်ခြင်းအားဖြင့် မျက်စိများ ပြန်လည်ကြည်လင်လာပြီး မျက်စိများကို အင်အားဖြည့်ပေးရာရောက်သည်။

(၃) သစ်ပင်များသည် အရိပ်အာဝါသပေးသည်။ သစ်ပင်များ စုဝေးပေါက်ရောက်နေသည့် နေရာများသည် သစ်ပင်မရှိသော နေရာများထက်ပို၍ အေးသည်။ သစ်ပင်များ၏ အရိပ်အာဝါသများကြောင့် ဖြစ်သည်။ မြို့ကြီးတစ်မြို့တွင် သစ်ပင်ပေါများသော ရပ်ကွက်များ၏ အပူချိန်သည် သစ်ပင်မဲ့သော ရပ်ကွက်များ၏ အပူချိန်ထက် 12ºF (6.7ºC) အထိ ပို၍ နည်းနိုင်ကြောင်း၊ သစ်ပင်အရိပ်ကောင်းကောင်းရသည့် အိမ်များ၊ ရုံးများတွင် လေအေးစက်များအတွက် လျှပ်စစ်ဓာတ်အား ကုန်ကျမှု ၃၀ ရာခိုင်နှုန်းခန့်သက်သာကြောင်း၊ အေးသောနိုင်ငံများ၌ သစ်ပင်များက ဆောင်းလေ (Winter Wind) များ၏ တိုက်ခတ်မှုနှုန်းကို လျှော့ချပေးနိုင်ခြင်းကြောင့် အပူပေးစက်များအတွက် လျှပ်စစ်ဓာတ်အား ကုန်ကျမှုကို သိသာစွာလျှော့နည်းစေကြောင်း မှတ်သားထားဖူးသည်။

(၄) သစ်ပင်များသည် လေတိုက်နှုန်းကို လျှော့ချနိုင်သည်။ ကမ်းရိုးတန်းဒေသများနှင့် အပူပိုင်းဒေသများတွင် သစ်ပင်များ စနစ်တကျစိုက်ပျိုးထားခြင်းဖြင့် လေမုန်တိုင်းများနှင့် အပူပိုင်းဒေသများတွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းများ၏ ဒဏ်ကို လျှော့ချနိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဝါဇီ ငွေစက္ကူစက်ရုံ တည်ဆောက်စဉ်အချိန်က လေထဲတွင် သဲမှုန်များ ပါလာခြင်းကြောင့် စက်များ မကြာခဏ ချွတ်ယွင်းခဲ့ကြောင်း၊ သစ်တောဦးစီးဌာနမှ အကြီးမြန်သစ်မျိုးများကို လေကာတန်းအဖြစ် စိုက်ပျိုးခဲ့ပြီးနောက် သစ်ပင်များ အတော်အတန်အရွယ်ရောက်ရှိလာသည့်အခါ စက်ရုံတွင်းသို့ သဲမှုန်များမရောက်ရှိတော့ကြောင်း လေ့လာသိရှိခဲ့ပါသည်။ ထို့နည်းတူပင် မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်း (၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်) တိုက်ခတ်ခံခဲ့ရစဉ်က သစ်ပင်အများအပြားရှိသည့် ကျေးရွာများ၊ မြို့များက လေမုန်တိုင်းဒဏ်ခံရမှု လျော့နည်းကြောင်း သိရှိရပါသည်။

(၅) သစ်ပင်များသည် မြေဆီလွှာနှင့် မိုးရေကို ထိန်းသိမ်းပေးသည်။ ထို့ကြောင့် မြေတိုက်စားမှုနှင့် မြစ်ချောင်းများ၊ ဆည်များရေကြီးရေလျှံမှုမှ ကာကွယ်ပေးသည်။ မိုးရွာသည့်အခါ မိုးစက်များသည် အမြင့်ပေ လေးငါးထောင်မှ ကျရောက်လာသည့် အရှိန်ကြောင့် မြေပြင်ပေါ်သို့ ရောက်သည့်အခါ အပေါ်ယံမြေလွှာကို ကွဲထွက်စေသည်။ မိုးရေစက်ပေါင်း မြောက်မြားစွာကျဆင်းသည့်အခါ မြေကြီးအများစုကို မိုးရေများ စီးဆင်းရာတစ်လျှောက်သယ်ဆောင်သွားပြီး ချောင်းများ၊ မြစ်များ၊ ကန်များ၊ ဆည်များဆီသို့ ရောက်ရှိသွားသည်။ မြင့်မားသည့် ဒေသများတွင် မိုးကြီးသည့်အခါ ရေစီးနှုန်းမြန်ပြီး မြေပြိုမှုများ ဖြစ်ရသည်။ ဤသို့ အကာအကွယ်မဲ့ မြေဗလာပေါ်သို့ မိုးရေစက်များကျရောက်သောကြောင့် မြေဆီလွှာဆုံးရှုံးခြင်း၊ မြေပြိုခြင်း၊ မြစ်ချောင်းများ၊ ကန်များ၊ ဆည်များ ရေကြီးရေလျှံခြင်းများ ဖြစ်ရသည်။ သစ်ပင်များရှိနေပါက မိုးစက်များသည် အကိုင်းအခက်အရွက်များမှတစ်ဆင့် မြေပြင်ပေါ်သို့ ကျရောက်ခြင်းကြောင့် အရှိန်အလွန်လျော့နည်းသွားသည်။ ထို့ပြင် သစ်ပင်အောက်တွင် သစ်ကိုင်းခြောက်များ၊ သစ်ရွက်ခြောက်များ၊ မြက်ပင်ပေါင်းပင်များရှိနေသဖြင့် မိုးရေများသည် မြေလွှာကို တိုက်ရိုက်မထိမှန်တော့ပါ။ မိုးရေများကို သစ်ပင်အောက်ရှိ မြေကြီးက စုပ်ယူခွင့်ရရှိသွားသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဆိုးကျိုးဆက်များအားလုံးကို ပပျောက်စေသည်သာမက မြေအောက်ရေလွှာကိုလည်း သန့်စင်သော ရေများဖြင့် ဖြည့်ဆည်း (Recharge) ပေးနိုင်သည်။ မြေပြိုမှုကို ထိန်းသိမ်းရာတွင် သစ်ပင်၏ အမြစ်များသည်လည်း အရေးပါသည်။ သစ်ပင်များကို မဆိုထားနှင့် မြက်ပင်များသည်ပင်လျှင် မြေလွှာကို ထိန်းပေးနိုင်သည်ကို မြက်အုံတစ်အုံကို ဆွဲနုတ်ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။

(၆) သစ်ပင်များမှ ကြွေကျသည့် သစ်ရွက်များ၊ သစ်ကိုင်းသစ်ခက်များ ဆွေးမြည့်သည့်အခါ အလွန်ကောင်းသော သဘာဝမြေဆီဩဇာများဖြစ်သည်။ အော်ဂဲနစ်သီးနှံများ ခေတ်စားနေသော ယခုကာလတွင် ပို၍ တန်ဖိုးရှိသည်။

(၇) သစ်ပင်များသည် နံရံများကဲ့သို့ ဆူညံသံများကို အတော်အတန်တားဆီးနိုင်သည်။ သစ်ပင်များကို အဝေးပြေး ကားလမ်းမကြီးများနှင့်နီးသော မြို့ရွာများ၏ နယ်နိမိတ်တွင် စိုက်ခြင်းဖြင့် မော်တော်ကားသံများကို အတော်အတန်တားဆီးနိုင်သည်။ မိမိတို့၏ ရပ်ကွက်နှင့် အိမ်ဝန်းကျင်တွင် စိုက်ပျိုးထားခြင်းဖြင့်လည်း မြို့ပြ ဆူညံသံများ (Urban Noise) များကို လျှော့ချနိုင်သည်။ (ဖွံ့ဖြိုးပြီးနိုင်ငံများ၌ မြို့ ရွာများနှင့် နီးကပ်သော အဝေးပြေး ကားလမ်းမကြီးများ၏ဘေးတွင် တံတိုင်းကြီးများ ဆောက်ပေးထားလေ့ရှိသည်)

(၈) ယခုအခါ ကမ္ဘာ့မြို့ကြီးအချို့တွင် ရင်ဆိုင်နေကြရသော လေထုညစ်ညမ်းမှုကို သစ်ပင်များက လျှော့ချပေးနိုင်သည်။ သစ်ရွက်များတွင်ရှိသော လေပေါက်များ (Stomata) က လေထုအတွင်းမှ ညစ်ညမ်းပစ္စည်း (Pollutants) အချို့ကို စုပ်ယူပေးနိုင်စွမ်းရှိရုံသာမက လမ်းများတွင် သစ်ပင်များရှိခြင်းဖြင့် ညစ်ညမ်းအမှုန်များ (Particulates) ၏ ပမာဏကို ၆၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း မှတ်သားထားဖူးသည်။

(၉) သစ်ပင်များသည် ယင်းတို့ ရှင်သန်ကြီးထွားရေးအတွက် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီး အောက်ဆီဂျင်များကို လေထုအတွင်းသို့ ပြန်လည်ထုတ်လွှတ်ပေးသည်။ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုရှိသင့်သည်ထက် ပိုများနေပြီး အောက်ဆီဂျင်ပါဝင်မှုရှိသင့်သည်ထက် ပိုနည်းသည့် ဒေသများ၊ အထူးသဖြင့် မော်တော်ကားများ၊ စက်ရုံများ အလွန်ပေါများသည့် မြို့ကြီးများအတွက် သစ်ပင်များ၏ ဤလုပ်ဆောင်ချက်သည် အလွန်ပင်တန်ဖိုးရှိသည်။ အောက်ဆီဂျင်သည် လူသားများနှင့် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ်အလိုအပ်ဆုံးအရာဖြစ်သည်။ လူတစ်ဦးသည် အောက်ဆီဂျင်ကို သုံးမိနစ်ကြာသည်အထိ မရှူရပါက သေဆုံးနိုင်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် "ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်" ဆိုသည့် ဆိုရိုးစကားတွင် "အောက်ဆီဂျင်အသက် စက္ကန့်တစ်ရာ့ရှစ်ဆယ်" ဆိုသည်ကို ဖြည့်စွက်ပေးသင့်ပါသည်။ (ကမ္ဘာ့လေထုထဲတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့များ အနည်းငယ်စီ ပါဝင်ကြသည်။ စက်မှုခေတ်သို့ ရောက်ပြီးနောက် လေထုအတွင်း၌ မှန်လုံအိမ်ဓာတ်ငွေ့များနှင့် လေထုကို ညစ်ညမ်းစေသည့် ဓာတ်ငွေ့များ၏ ပါဝင်မှုများပြားလာသည်နှင့်အမျှ နိုက်ထရိုက်ဂျင်နှင့် အောက်ဆီဂျင်ဓာတ်ငွေ့များ၏ ပါဝင်မှု လျော့နည်းလာသည်။ $CO_2$ သည် စက်မှုခေတ်မတိုင်မီက 280 ppm (parts per million) ဝန်းကျင်၌သာ ရှိခဲ့သော်လည်း ယခု 400 ppm ကျော်ရှိနေပြီဖြစ်သည်)

(၁၀) သစ်ပင်များသည် လေထုအတွင်းပါဝင်မှု များပြားနေသော $CO_2$ များကို စုပ်ယူပေးနေသဖြင့် ယခုအခါ စာရေးသူတို့ လူသားများ ရင်ဆိုင်နေရသည့် "ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ" အား လျော့နည်းအောင် ကြိုးပမ်းရာတွင် အဓိက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မိုးရာသီက မြန်မာနိုင်ငံတစ်ဝန်း၌ သစ်ပင်များ သန်းချီ၍ စိုက်ပျိုးခဲ့ကြသည်။ သစ်တောဦးစီးဌာနမှ ပျိုးထောင်ထားသော ပျိုးပင်ပေါင်း ၆၅ ဒသမ ၄ သန်းခန့်ကို ယမန်နှစ် ၂၀၁၇ ခုနှစ် မိုးရာသီက မြန်မာနိုင်ငံတစ်ဝန်း စိုက်ပျိုးခဲ့ရာ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စိုက်ပျိုးသည့် သစ်ပင်ပေါင်း ၃၂ ဒသမ ၂ သန်းခန့်နှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ စိုက်ခင်းဟောင်းများ ပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်းနှင့် တစ်အုပ်တစ်မနှင့် ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်းတို့တွင် သစ်ပင်ပေါင်း ၃၃ ဒသမ ၂ သန်းစိုက်ပျိုးခဲ့သည့်အပြင်၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ၌ သစ်ပင်ပေါင်း ၇ ဒသမ ၅ သန်း စိုက်ပျိုးခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် ယမန်နှစ် မိုးရာသီက သစ်ပင်ပေါင်း ၇၂ ဒသမ ၉ သန်း စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့စိုက်ပျိုးခဲ့သည့်သစ်ပင်များ ၇၀ ရာခိုင်နှုန်းခန့် ရှင်သန်သည်ဆိုပါက ယခုအခါ သစ်ပင်ပေါင်း ၅၁ သန်းခန့်ရှိနေမည်ဖြစ်သည်။

သစ်ပင်တစ်ပင်သည် ကြီးထွားနှုန်းနှင့် ကျစ်လျစ်မှု (သိပ်သည်းခြင်း) ကိုလိုက်၍ တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၀ ဒသမ ၆၁၁ ကီလိုဂရမ်မှ ၃၀ ဒသမ ၅၆ ကီလိုဂရမ်ထိ စုပ်ယူနိုင်ကြောင်း မှတ်သားထားဖူးသည်။ ခန့်မှန်းမှုများ မလွန်ကဲစေရန်အတွက် သစ်ပင်တစ်ပင်က တစ်နှစ်လျှင် $CO_2$ ပမာဏ ၁၅ ကီလိုဂရမ် စုပ်ယူသည်ဟု ယူမည်ဆိုပါက ယမန်နှစ်မိုးရာသီက စိုက်ပျိုးပြီး ရှင်သန်ခဲ့သော သစ်ပင်ပေါင်း ၅၁ သန်းက တစ်နှစ်အတွင်းမှ စုပ်ယူလိုက်သည့် $CO_2$ ပမာဏ စုစုပေါင်းသည် ၇၆၅,၀၀၀ မက်ထရစ်တန်ခန့်ရှိမည်ဖြစ်သည်။ အဆိုပါပမာဏကို သစ်ပင်များ ရှင်သန်နေသမျှကာလပတ်လုံး နှစ်စဉ်နှစ်တိုင်း လေထုအတွင်းမှ ဖယ်ရှားပေးနေမည်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးခြင်းသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးရာ ရောက်ပါသည်။

သစ်ပင်များသည် သစ်သား ၁ ဂရမ်ဖြစ်ပေါ်ရန် လေထုအတွင်းမှ $CO_2$ ၁ ဒသမ ၆၃ ဂရမ်ကို စုပ်ယူပြီး $O_2$ ၁ ဒသမ ၀၈၅ ဂရမ်ကို ပြန်လည်ထုတ်လွှတ်ကြောင်း သုတေသန စမ်းသပ်ချက်များအရ သိရှိရပါသည်။ အထက်ဖော်ပြပါ သစ်ပင်ပေါင်း ၅၁ သန်းခန့်က $CO_2$ ပမာဏ ၇၆၅,၀၀၀ မက်ထရစ်တန်ခန့်ကို စုပ်ယူထားသဖြင့် လေထုထဲသို့ $O_2$ ပမာဏ ၅၀၉,၂၁၈ မက်ထရစ်တန်ခန့်ကို ပြန်လည်ထုတ်လွှတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် လေထုအတွင်းပါဝင်မှု လျော့နည်းလျက်ရှိသော အောက်ဆီဂျင်ဓာတ်ငွေ့ပါဝင်မှုကို မြင့်တက်စေသဖြင့် လူသားများနှင့် သက်ရှိသတ္တဝါများအား အကျိုးပြုပေးခြင်းဖြစ်သည်။

> ❝ ထန်းပင်များနှင့် သစ်ပင်ကြီးများ တရားလွန်ခုတ်လှဲနေသည်ကို မတားဆီးနိုင်ပါက နောင်တစ်ချိန်တွင် အညာဒေသသည် သဲကန္တာရကြီး ဖြစ်သွားနိုင်ပါသည်။ ❞

**ထန်းပင်များနှင့် သစ်ပင်ကြီးများထိန်းသိမ်းရေး**

အညာဒေသရှိ ထန်းပင်များ၊ မန်ကျည်းပင်ကြီးများနှင့် သစ်ပင်ကြီးများကို အကွက်မြင်သည့် စီးပွားရေးသမားများက ဝယ်ယူနေကြပြီး သစ်ကုန်ကြမ်းအဖြစ်လည်းကောင်း၊ အမွှေးတိုင်ပြုလုပ်ရာတွင် လည်းကောင်း၊ ထင်းအဖြစ်လည်းကောင်း သုံးစွဲနေကြကြောင်း၊ ထန်းပိုင်ရှင်၊ သစ်ပင်ပိုင်ရှင်များက အခက်အခဲအမျိုးမျိုးကြောင့် ခုတ်လှဲရောင်းချနေကြရခြင်းဖြစ်ကြောင်း စိတ်မကောင်းစွာ ကြားသိနေရပါသည်။

ထန်းပင်များသည် အညာဒေသအတွက် တန်ဖိုးမဖြတ်နိုင်သည့် အပင်များဖြစ်ပါသည်။ အမြင့်ပေ ၇၀ တိုင် မြင့်မားနိုင်ပြီး အရွယ်အစားအမျိုးမျိုးဖြင့် အနိမ့်အမြင့် အစီအရီရှိနေသောထန်းပင်များသည် အပူပိုင်းဒေသတွင် တိုက်ခတ်လေ့ရှိသည့် လေပြင်းများကို အတားအဆီးသဖွယ် ခံပေးထားခြင်းကြောင့် ယာခင်းများ၊ ရွာဖျားဆီသို့ သဲမှုန်များ၊ ဖုန်မှုန့်များ မရောက်စေတော့ပါ။ ထန်းပင်များနှင့်သစ်ပင်ကြီးများ တရားလွန်ခုတ်လှဲနေသည်ကို မတားဆီးနိုင်ပါက နောင်တစ်ချိန်တွင် အညာဒေသသည် သဲကန္တာရကြီး ဖြစ်သွားနိုင်ပါသည်။ သဲကန္တာရဖြစ်ပြီးမှ မူလအတိုင်းပြန်ဖြစ်စေရန်အတွက် ငွေကြေးအမြောက်အမြားနှင့် အဆင့်မြင့်အတတ်ပညာများ လိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် အချိန်မီတားဆီးနိုင်အောင် နည်းလမ်းရှာကြံကြရမည်ဖြစ်ပါသည်။ ယခုဆောင်းပါးကို ရေးသားနေစဉ်မှာပင် မလှိုင်မြို့နယ်၌ ၂၀၁၅ ဇန်နဝါရီလ မှ ၂၀၁၇ ဇန်နဝါရီလအတွင်း ထန်းပင်ပေါင်းတစ်သောင်းကျော်ခုတ်လှဲခံခဲ့ရကြောင်း၊ သစ်ရှားပါးလာခြင်းကြောင့် သစ်အစားထိုးသုံးစွဲမှု၊ ထန်းသမားရှားပါးလာမှု၊ ထန်းလျက်ဈေး ကျဆင်းနေမှုများကြောင့် ဖြစ်ကြောင်း (၂၄-၅-၂၀၁၈) ရက်နေ့ထုတ် စံတော်ချိန်သတင်းစာတွင် ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရပါသည်။

စာမျက်နှာ ၂၁ သို့


ကျားဝါလေးလေး








ရွှေဆံရစ်


ချစ်ချစ်

# နိယံမပြတ် သိရန်မှတ် ကျွမ်းကျင်အပ်ရာ အတတ်ပညာ

ကို ရင်ညြ

ဂျပန်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးတို့ကဲ့သို့သော လုပ်ငန်းကဏ္ဍများ၌ လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရေးအတွက် ၂၀၂၅ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားအလုပ်သမား ၅၀၀၀၀၀ ကျော်ကို လာရောက်လုပ်ကိုင်ခွင့်ပြုရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ ယင်းနိုင်ငံ၏ အလုပ်သမားဈေးကွက်အရွေ့နှင့် ပတ်သက်၍ စေ့ငုလေ့လာကြည့်မိလေ၏။

ဂျပန်နိုင်ငံသည် အလုပ်အကိုင်ဈေးကွက်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားခဲ့ရာမှ ဖြေလျှော့မည့် လက္ခဏာပြသလျက်ရှိစဉ် အစိုးရအဖွဲ့က အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေးမူဝါဒသစ်နှင့် ပတ်သက်၍ ဇွန်လလယ်တွင် အပြီးသတ်မူကြမ်းရေးဆွဲရန် ပြင်ဆင်နေပြီး ယင်းမူဝါဒသစ်တွင် နိုင်ငံခြားအလုပ်သမား ခေါ်ယူရေးပါဝင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားအလုပ်သမားများအား အလုပ်အကိုင်ဈေးကွက် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေရေးရာကိစ္စရပ်များကို လာမည့် ဆောင်းဦးပေါက်ရာသီတွင် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အလုပ်အကိုင်ဈေးကွက် ပိုမိုဖွင့်လှစ်ပေးရေးဆိုင်ရာ အခြေခံမူဘောင်အရ လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ သစ်ထုတ်ရေး၊ သူနာပြုနှင့် သင်္ဘောတည်ဆောက်ရေးတို့ဖြစ်သော လုပ်ငန်းနယ်ပယ်ကဏ္ဍငါးရပ်တွင် နိုင်ငံခြား အလုပ်သမားများကို ဝင်ရောက်လုပ်ကိုင်ခွင့်ပေးမည်ဆို၏။

နိုင်ငံခြားသား အလုပ်သမားများအဖြစ် ဂျပန်နိုင်ငံ၌ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်မှုရှိရန်လည်းကောင်း၊ ဂျပန်ဘာသာစကား ပြောတတ်ဆိုတတ်ရှိရန်လည်းကောင်း လိုအပ်ပေလိမ့်မည်။ ယင်းလိုအပ်ချက်နှင့်အညီ ဂျပန်နိုင်ငံ၏ နိုင်ငံခြားသား အလုပ်သမားလေ့ကျင့်ရေး အစီအစဉ်အရ လေ့ကျင့်ထားပြီး ဖြစ်သူများမှအပ ကျန်သူများမှာ လုပ်ငန်းကျွမ်းကျင်မှု ရှိ၊ မရှိနှင့် ဘာသာစကား ကျွမ်းကျင်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုကို ခံယူကြရပေမည်။ နိုင်ငံခြားသား အလုပ်သမားလေ့ကျင့်ရေး အစီအစဉ်တက်ရောက်ပြီးသူများမှာ ဂျပန်နိုင်ငံ၌ စုစုပေါင်း ၁၀ နှစ်အထိ နေထိုင်ခွင့် ရရှိသည်။

## ကျဉ်းရာမှ ကျယ်

ဂျပန်နိုင်ငံ၏ အလုပ်သမားဈေးကွက်သည် အစဉ်အလာအရ ကျဉ်းမြောင်းစွာရှိနေခဲ့သည်။ ရွက်ကြမ်းရေကျိုအဆင့်မျှသာ ကျွမ်းကျင်မှုရှိသူများအတွက် ယင်းဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် တောက်လျှောက်ပိတ်ပင်လာခဲ့ပြီး ကျွမ်းကျင်သူပညာရှင်အဆင့် နေရာများကိုသာ ယခင်က ဖွင့်လှစ်ပေးခဲ့သည်။

သာမညောင်ည အလုပ်သမားများ ပြည်တွင်းသို့ ဒလဟောဝင်လာလျှင် ဒိုက်သရောများ စုပုံသည့်သဖွယ် ရာဇဝတ်မှုခင်း ထူပြောလာနိုင်သည့်အရေးကို ဂျပန်အစိုးရက ကာကွယ်ခဲ့၏။ ပြုတ်စဗျင်းတောင်း နိုင်ငံခြားအလုပ်သမားများ တိုးပွားလာလျှင် ပြစ်မှုများပြားလာကာ ရပ်ရွာအတွင်း ဘေးဘျမ်း မအေးချမ်းဖြစ်လာ နိုင်သည်ဟူ၍လည်း ပြည်သူတို့နှင့် ဥပဒေ ပြုအမတ်များ အသိုက်အဝန်းအတွင်း စိုးထိတ်ဗျာပါ ပွားခဲ့ကြသည်တမုံ့။

ဥပဒေပြုအမတ်များကရော၊ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အမှူးပြုသော အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီကပါ 'ရွက်ကျပင်ပေါက်'လုပ်သားများ (ဝါ) ရွှေ့ပြောင်းလုပ်သားများ နိုင်ငံအတွင်းသို့ ဥဒဟိုဝင်ရောက်ခြင်းကို ငြိုငြင်သည့် လက္ခဏာပြသခဲ့ကြလေသည်။

ရွက်ကျပင်ပေါက် လုပ်သားများ ဦးရေတိုးကာ နိုင်ငံအတွင်း အုတ်အုတ်ကျက်ကျက်ဖြစ်လာလျှင် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာအံ့သည့်အရေး ရိပ်စားမိသော အစိုးရအဖွဲ့က အလုပ်သမားဈေးကွက်ကို မတတ်သာ၍ ဖွင့်ပေးလာရသည့်တိုင်အောင် သူတို့နေထိုင်ခွင့်ကို အလွန်ဆုံး ငါးနှစ်အထိသာလျှင် သတ်မှတ်ရန်၊ သူတို့၏ မိသားစုဝင်များကိုလည်း တစ်ပါတည်း ခေါ်ဆောင်လာမှုကို တားမြစ်ပိတ်ပင်ရန် အလုပ်သမားဈေးကွက် ဖွင့်ပေးရေးမူဝါဒသစ်က ရည်မှန်းသည်။

ထိုမှတစ်ပါးလည်း ရွှေ့ပြောင်းလုပ်သားများ၏ နေရေးထိုင်ရေးကိစ္စ၊ ဂျပန်ဘာသာစကားလေ့ကျင့်ရေးသင်တန်း တက်ရောက်ရေး ကိစ္စတို့နှင့် ပတ်သက်၍ နိုင်ငံခြားသား အလုပ်သမားများအား အကူအညီပေးမည့် အစီအစဉ် မည်သို့ရှိသည်ကို ပြည်ပလုပ်သား ခေါ်ယူသော ကုမ္ပဏီများက အစိုးရထံ တင်ပြရန် အခြေခံမူတစ်ရပ် သတ်မှတ်ထားလေသည်။

## ဝင်လာမစဲ တသဲသဲ

ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်သော နိုင်ငံခြားသားဦးရေမှာ ၂၀၁၇ ခုနှစ်တွင် ၁ ဒသမ ၂၈ သန်းအထိ စံချိန်တင် အရေအတွက်အထိ မြင့်တက်ခဲ့၏။ ယင်းမှာ ၂၀၀၈ ခုနှစ်က ရှိခဲ့သော ဦးရေ ၄၈၀၀၀၀ နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော် ပိုမိုများပြားလာခြင်းဖြစ်၏။

၂၀၁၇ ခုနှစ်အတွင်း များလှသောင်းသောင်း ရွှေ့ပြောင်းလုပ်သားများကို လူမျိုးတူရာ ခွဲခြမ်းကြည့်သော် ဖော်ပြပါဦးရေ၏ ၂၉ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသားများ၊ ၁၉ ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံသားများ၊ ၁၂ ရာခိုင်နှုန်းမှာ ဖိလစ်ပိုင်နိုင်ငံသားများ၊ ၉ ရာခိုင်နှုန်းမှာ ဘရာဇီးနိုင်ငံသားများနှင့် ၅ ရာခိုင်နှုန်းမှာ နီပေါနိုင်ငံသားများ ဖြစ်ကြကုန်၏။

နိုင်ငံခြားသား လုပ်သားများအပေါ် မနှစ်မြို့သည့် အသံဗလံများက အခါအားလျော်စွာ ပေါ်ထွက်လာတတ်သည်။

"ကျုပ်တို့ ဂျပန်တွေနဲ့ သူတို့နိုင်ငံခြားသားတွေအကြား ယဉ်ကျေးမှု ကွာဟချက်ရှိတယ်၊ ယဉ်ကျေးမှုချင်း မတူတော့ ပေါင်းသင်းဆက်ဆံရေးမှာ လျောက်ပတ်လျော်ကန်မှု မရှိနိုင်ဘူး"

"ကျုပ်တို့ ဂျပန်ဘာသာစကားက တစ်မူထူးခြားလှတယ်၊ ဂျပန်စာကို နိုင်ငံခြားသားတွေ သင်ရင် မတတ်လွယ်ဘူး၊ ဘာသာစကား မကျွမ်းကျင်တဲ့ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရတာ လက်ပေါက်ကတ်တယ်"


Japan Times

"ဂျပန်လူမျိုးထဲမှာကို အလုပ်လက်မဲ့တွေရှိနေကြတာ၊ နိုင်ငံခြားသားတွေကို အလုပ်ပေးဖို့ ဝေလာဝေးပဲ"

"မတူတဲ့ လူမျိုးတွေအကြား သောကောရောကောနေရင်လည်းတစ်ခက်၊ သူတို့ချည်းပဲ သီးသန့်ထားပြီး အသိုက်အဝန်းလေး တစ်ခု ဖန်တီးပေးထားပြန်ရင်လည်း ရာဇဝတ်မှု ထူပြောလိမ့်မယ်"

"အပြန်အလှန် နားလည်မှု မရနိုင်ရင် ပြဿနာတွေသာ ကြီးထွားလာနိုင်တယ်"

"နိုင်ငံခြားသား အင်ဂျင်နီယာတစ်ယောက် သူ့တိုင်းပြည် သူပြန်သွားတဲ့အခါ ဂျပန်နည်းပညာ သူနဲ့အတူ ပါသွားလိမ့်မယ်၊ နည်းပညာယိုစီးမှုရှိရင် တို့နိုင်ငံရဲ့ စီးပွားရေးအပေါ် ထိခိုက်လာမယ်"

> နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီကြီးများအကြားအပြိုင်အဆိုင် လုပ်ကိုင်လာကြရချိန်တွင်အရည်အသွေးသာသူ၊ပညာသာသူ၊ကျွမ်းကျင်မှုသာသူတို့မှာထိုက်ထိုက်တန်တန်နေရာရရှိနိုင်၏။ ပညာရှင်အဆင့်လုပ်ငန်းတစ်ခုကို မိမိတိုးမဝင်နိုင်သည့်တိုင်အောင် မိမိထက် ပညာသာသူက တိုးဝင်နိုင်မည်သာဖြစ်၏.. .

## အတ္တကြီးမှု

လူမှုရေးပညာရှင်များ၏ အမြင်တွင်မူ အထက်ဖော်ပြပါ ဝေဖန်တိက ပြုမှုများသည် လူမျိုးစွဲ အတ္တကြီးမှု၏ ပြယုဂ် အသံဗလံများအဖြစ် ရှုမြင်ရ၏။ နိုင်ငံခြားသား မုန်းတီးရေးစိတ်ဓာတ် တစ်ဖက်ကမ်းအထိ ရောက်ပြန်လျှင်လည်း အစွန်းရောက်မှုများကို ဖြစ်စေနိုင်သေး၏။

ကမ္ဘာ့အမြင်အရ တွေးဆဆင်ခြင်ကြည့်လျှင်မူ ယနေ့ကမ္ဘာကြီး၏ ကူးလူးယှက်နွယ်မှု (ဝါ) ဂလိုဘယ်လိုက်ဇေးရှင်း သဘောတရားကိုလည်း ကျွန်ုပ်တို့ ရှောင်လွှဲ၍မရနိုင်ချေ။

ကမ္ဘာနှင့်ချီ လုပ်ကိုင်ကြမည်ဆိုပါလျှင် သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု အပြန်အလှန်သိရှိနားလည်အောင်လေ့လာထားကြဖို့ လိုအပ်ပေမည်။ ပိုမိုသာယာလှပသော ကမ္ဘာကြီး ဖြစ်တည်ရေး အလို့ငှာ လူမျိုးမတူညီသူများအကြား အပြန်အလှန်နားလည်မှု(ဝါ) မေတ္တာတရားနှင့် ပြည့်စုံဖြိုးမောက်စေရာ၏။

ဂျပန်ကုမ္ပဏီများအနေဖြင့် 'နိဟွန်းဂို' (ဝါ) Nihongo ဘာသာစကား တတ်ကျွမ်းသူတို့ကိုသာ အလုပ်ခေါ်လေ့ရှိပေရာ ယဉ်ကျေးမှု ကွာဟချက်နည်းပါးအောင် လုပ်ဆောင်နိုင်သော နည်းလမ်းတစ်ရပ်အဖြစ် ရှုမြင်ရသည်သာတည်း။

ဧကန်မှုကား ဂျပန်ဘာသာစကားသည် တရုတ် သို့မဟုတ် ရုရှားဘာသာစကားနှင့် နှိုင်းယှဉ်လျှင် သင်ယူရန် သာလွန်လွယ်ကူသော ဘာသာစကားတစ်မျိုးဟု ဆိုကြသည်။

ခေတ်မီနည်းပညာ ထွန်းကားလာမှုနှင့်အတူ ဘာသာပြန်ဆိုနိုင်သော နည်းစနစ်များကို အခမဲ့သုံးစွဲနိုင်သည့် အထောက်အကူပြုမှုက ဘာသာစကား အတားအဆီးကို အထိုက်အလျောက် ဖြေလျှော့ပေးရန် တွန်းပို့လျက်ရှိလေသည်။

နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများအကြား အပြိုင်အဆိုင် လုပ်ကိုင်လာကြရချိန်တွင် အရည်အသွေးသာသူ၊ ပညာသာသူ၊ ကျွမ်းကျင်မှုသာသူတို့မှာ ထိုက်ထိုက်တန်တန် နေရာရရှိနိုင်၏။ ပညာရှင်အဆင့် လုပ်ငန်းတစ်ခုကို မိမိတိုးမဝင်နိုင်သည့်တိုင်အောင် မိမိထက် ပညာသာသူက တိုးဝင်နိုင်မည်သာဖြစ်၏။ သို့ဖြစ်ပေရကား မောင်တို့မယ်တို့အနေဖြင့် ထင်ပေါ်လျှင် စင်တော်ကောက် လက်ရွေးစင်အုပ်စုထဲ တိုးဝင်နိုင်အောင် အခါခပ်သိမ်း ကြိုးပမ်းအပ်ကုန်ရာ၏။

## ပညာဣဒ္ဓိပါဒ်

ကမ္ဘာ့နိုင်ငံများ အချင်းချင်း၊ လုပ်ငန်းတူများအချင်းချင်း ယှဉ်ပြိုင်မှုအပြည့်ရှိနေသော ယနေ့ကာလတွင် ပညာဣဒ္ဓိပါဒ်ကိုလုံကြွယ်ဝသူတို့သာလျှင် အထက်တန်းကျကျ အလုပ်အကိုင်နေရာများတွင် တင့်တောင့်တင့်တယ် လုပ်ကိုင်နိုင်ကြသည်ကို မောင်တို့ မယ်တို့ သတိချပ်အပ်ရာသည်။

ဂျပန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အင်အားတောင့်တင်းသော ရဲတပ်ဖွဲ့ရှိနေပေရာ ရွက်ကျပင်ပေါက် လုပ်သားဦးရေ တိုးပွားလာလျှင် ရာဇဝတ်မှုခင်း ထူပြောလာနိုင်သည်ဟူ၍လည်း ပုံသေကားကျ ချင့်မတွက်အပ်ချေ။ အင်တိုက်အားတိုက် အလုပ်လုပ်နေသော ရဲတပ်ဖွဲ့ဝင်များ ရှိနေသည့် နိုင်ငံတွင် မည်သည့်နိုင်ငံခြားသား ပြစ်မှုကျူးလွန်ဝံ့ပါမည်းနည်း။ တရားဥပဒေစိုးမိုးရေးသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရေးအတွက် အခရာကျသည် မဟုတ်ပါလော။

နိုင်ငံခြားသား တစ်ဦး ပြစ်မှုကျူးလွန်သည်ရှိသော် ဥပဒေအရ အရေးယူနိုင်သည့်အပြင် ချက်ချင်းဌာနေပြန်ပို့နိုင်ခွင့်၊ နောက်တစ်ကြိမ် နိုင်ငံအတွင်းသို့ ဝင်ရောက်မှုကို ပိတ်ပင်နိုင်ခွင့်တို့လည်း ရှိနေသေးသည်။

နိုင်ငံခြားသား ပညာရှင်တစ်ဦးအတွက် ကျွမ်းကျင်မှု အတတ်ပညာ ပြည့်စုံပြီးသူဖြစ်ပေရာ ကျွမ်းကျင်သူ ပညာရှင်စစ်စစ်ကို ခေါ်ယူအသုံးပြုမည်ဆိုပါလျှင် နည်းပညာခိုးယူမှု မရှိတန်ချေ။

သက်ကြီးရွယ်အိုဦးရေ တိုးပွားလာနေပြီး လုပ်သားအင်အား တစ်စစ ကျဆင်းလာနေသော ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်လူရွယ်တို့အတွက် ရေကြည်ရာမြက်နုရာ အလုပ်သမားဈေးကွက်အဖြစ် ရှုမြင်ရသည်။ လူဦးရေဆိုင်ရာ အခြေအနေတစ်ရပ်အရ ဂျပန်အစိုးရက လုပ်သားဈေးကွက်ကို တိုးချဲ့ဖွင့်ပေးရန် တာစူလျက်ရှိနေသော်လည်း ကျွမ်းကျင်မှု အရည်အချင်းပြည့်ဝသူ နိုင်ငံခြားသားများသာလျှင် ထိုက်ထိုက်တန်တန် နေရာရနိုင်ပြီး ပညာဣဒ္ဓိပါဒ်ကင်းမဲ့သည့် နိုင်ငံခြားသားများအတွက် နေရာမရှိနိုင်ပုံကို တွေးတောမိရင်း "နိယံမပြတ် သိရန်မှတ် ကျွမ်းကျင်အပ်ရာ အတတ်ပညာ"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
Japan to let in 500000 foreign workers to help plug labor shortage (Kyodo)

# ဖက်ရှင်မော်ဒယ်လ်တစ်ဦးအဖြစ် ပြန်လည်လှုပ်ရှားလာတဲ့ ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါ



ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါဟာ လတ်တလောမှာတော့ နယူးယောက်ရဲ့ လမ်းတွေပေါ်မှာ ဖက်ရှင်မော်ဒယ်လ်တစ်ဦးအဖြစ် ပါဝင်လျှောက်လှမ်းခဲ့တာ တွေ့ရပါတယ်။ လေဒီဂါဂါအနေနဲ့ သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပရိသတ်ရှေ့ကို မော်ဒယ်လ်တစ်ဦးအဖြစ် ပြန်လည်ပေါ်ထွက်လာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ နယူးယောက်ဖက်ရှင်သီတင်းပတ်မှာ လေဒီဂါဂါ ပါဝင်လျှောက်လှမ်းခဲ့တာပါ။ ယခင်ကလည်း လေဒီဂါဂါဟာ ဖက်ရှင်ကျသူတစ်ဦးအဖြစ် ကျော်ကြားခဲ့သူဖြစ်ပါတယ်။ လတ်တလောမှာလည်း ဖက်ရှင်သီတင်းပတ်အတွင်း လေဒီဂါဂါဟာ အလွန်ကိုလှပပြီး ခေတ်မီတဲ့ပုံစံတွေနဲ့ ပွဲထွက်လာခဲ့တာကို တွေ့ရပါတယ်။ ဟောလိဝုဒ်မီဒီယာကတော့ လေဒီဂါဂါရဲ့ ဖက်ရှင်တွေအနက် လတ်တလော ဝတ်ဆင်ခဲ့တဲ့ ဒီဇိုင်းတွေဟာ အလှပဆုံးနဲ့ အလိုက်ဖက်ဆုံးဖြစ်တယ်လို့လည်း ရေးသားဖော်ပြခဲ့ပါတယ်။

ခုနစ်ရက်ကြာ ကျင်းပခဲ့တဲ့ ဖက်ရှင်သီတင်းပတ်အတွင်း လေဒီဂါဂါဟာ ဝတ်စုံပေါင်း ၁၇ မျိုးဝတ်ဆင်ကာ ပါဝင်လျှောက်လှမ်းခဲ့ပါတယ်။ ဒီပွဲမှာလည်း လေဒီဂါဂါဟာ သူ့ရဲ့ အမှတ်အသားတစ်ခုဖြစ်တဲ့ ဒေါက်ဖိနပ်အမြင့်ကြီးကို ဝတ်ဆင်လျှောက်လှမ်းခဲ့တာကိုလည်း တွေ့ရပါတယ်။ လေဒီဂါဂါရဲ့ ဖိနပ်ကတော့ အားလုံးထဲမှာ ထူးခြားပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ ၁၀ လက်မခန့်မြင့်တဲ့ ဒေါက်ဖိနပ်ကို စီးလေ့ရှိပါတယ်။

လေဒီဂါဂါဟာ ယခုနှစ် အစပိုင်းမှာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Joanne"အတွက် ရည်ရွယ်ပြုလုပ်တဲ့ ဖျော်ဖြေပွဲတွေအနက် ကျန်ရှိနေတဲ့ ပွဲတွေကို ဖျက်ခဲ့ပါတယ်။ ဒီလို ဖျက်ခဲ့ရတာကတော့ သူ့ရဲ့ ဖျော်ဖြေပွဲတစ်ပွဲမှာ စင်မြင့်ထက်မှ ခြေချော်ကျခဲ့ကာ ဒဏ်ရာရခဲ့တာကြောင့်ဖြစ်ပါတယ်။ ဒဏ်ရာဟာ ပြင်းထန်တာကြောင့် ဖျော်ဖြေမှုတွေ ကောင်းမွန်စွာ မပြုလုပ်နိုင်မှာကို စိုးရိမ်ပြီး ကျန်ရှိနေတဲ့ ဖျော်ဖြေပွဲတွေကို ဖျက်ခဲ့တာပါ။ ဒီလို အနုပညာလှုပ်ရှားမှုတွေကနေ လေးလခန့် ဝေးကွာနေခဲ့ပြီးနောက် လတ်တလောမှာတော့ ဖက်ရှင်ပွဲမှာ ပါဝင်လျှောက်လှမ်းရင်း မော်ဒယ်လ်တစ်ဦးအဖြစ် ပြန်လည်လှုပ်ရှားလာတာ ဖြစ်ပါတယ်။

**အေးပြည့်-ရေးသားသည်**



# တေးအယ်လ်ဘမ်သစ်အတွက် BLACK PINK စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK" ဟာ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် စမ်းသပ်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်ခြင်းဖြစ်တဲ့ ယင်းတေးအယ်လ်ဘမ်ကိုတော့ ပရိသတ်တွေက စောင့်မျှော်နေတာပါ။ ပြီးခဲ့တဲ့ ဇွန် ၁ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ အစမ်းတေးဗီဒီယိုမှာတော့ တေးအယ်လ်ဘမ်ရဲ့အမည်ကိုပါ ထုတ်ဖော်ပြသခဲ့တာကိုတွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ ပထမဆုံးသော မီနီတေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ အမည်ကိုတော့ "SQUARE UP"လို့ ပေးထားပြီး လာမယ့် ဇွန် ၁၅ ရက်မှာ တေးအယ်လ်ဘမ်တစ်ခုလုံး ထုတ်လွှင့်ပေးသွားမှာပါ။ ပြီးခဲ့တဲ့လအတွင်းကလည်း တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းအတွက် တေးဗီဒီယိုရိုက်ကူးနေပြီဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မတိုင်မီ အဖွဲ့ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကတော့ "As If It's Your Last" ဖြစ်ပြီး ယင်းတေးသီချင်းနဲ့ "BLACK PINK "ဟာ အောင်မြင်မှုတွေရခဲ့တာကိုလည်း တွေ့ရပါတယ်။

## ရွာအဝင်လမ်း အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်စီရေမြောင်းဆောက်လုပ်ခြင်း လုပ်ငန်းဖွင့်ပွဲကျင်းပ

**စေတုတ္တရာ ဇွန် ၂**

စေတုတ္တရာမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်သော စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာအုပ်စု မွန်ဇော်ကျေးရွာ အဝင်လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ကျောက်စီရေမြောင်းဆောက်လုပ်ပြီးစီးခြင်း ဖွင့်ပွဲကို ကျေးရွာစာသင်ဆောင်၌ မေ ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲသို့ စေတုတ္တရာမြို့နယ် စာရင်းစစ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးစိုးလင်းထွဋ်၊ စီမံကိန်းဝန်ထမ်းများနှင့်ကျန်းမာရေးဌာနမှ ဆရာမများ၊ ကျောင်းဆရာ ဆရာမများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရွာအဝင်လမ်း အဆင့်မြှင့်တင်ခြင်း(ကျောက်ခင်းခြင်း) (၃၀၅၀ပေ x ၁၂ပေ x ၉ လက်မ) နှင့်ကျောက်စီရေမြောင်း (၄၂၃ ပေ x ၁ ပေ x ၂ ပေ)လုပ်ငန်းအား လူထုဗဟိုပြုစီမံကိန်းမှ ဦးစားပေးလုပ်ငန်းအနေဖြင့် ရွေးချယ်ခဲ့ရခြင်း ရည်ရွယ်ချက်မှာ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ပညာရေး၊စားဝတ်နေရေးတို့အတွက် အချိန်ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရန်နှင့်အထူးသဖြင့် မိုးရာသီတွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရန်ရည်ရွယ်၍ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင်ကျေးရွာလူထုကိုယ်တိုင်ဦးဆောင်ဆုံးဖြတ်သည့် နည်းလမ်းနှင့်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေပိုမိုရရှိစေရန်၊ လမ်းပန်းဆက်သွယ်ရေးအတွက် အခက်အခဲမရှိစေရန် ရည်ရွယ်၍လူထုလုပ်အားဖြင့် စီမံကိန်းထောက်ပံ့ငွေကျပ် ၂၄၇၈၈၃၅၀ ဖြင့် ဇန်နဝါရီ ၁၅ ရက်မှ မေ ၁၇ ရက်အတွင်း လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

စေတုတ္တရာမြို့နယ် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်တွင် ကျေးရွာအုပ်စုပေါင်း ၄၆ အုပ်စု ကျေးရွာပေါင်း ၁၁၅ ရွာမှရန်ပုံငွေကျပ်သန်းပေါင်း ၁၀၁၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ ကျေးရွာနေပြည်သူများစွမ်းဆောင်ရည်မြင့်မားစေရန် ကဏ္ဍအလိုက်နည်းပညာပိုင်းများသင်တန်းပေးခြင်း၊ လမ်းတံတားနှင့်ဆိုင်သောလုပ်ငန်း ၄၃ ခု၊ အဆောက်အအုံ ၆၃ ခု၊ ရေပေးရေးလုပ်ငန်း ၁၄ ခု၊ မီးလင်းရေးလုပ်ငန်း ၁၄ ခု လုပ်ငန်းခွဲစုစုပေါင်း ၁၃၄ ခု ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

## လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**တောင်ငူ ဇွန် ၂**

ပြည်သူ့စကားဝိုင်းများကို ဒီမိုကရေစီစနစ် အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသမှာဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို တောင်ငူ မြို့ခပေါင်းခန်းမ၌ ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။



ရှေးဦးစွာ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက "မူးယစ်ဆေးဝါးများ၏ အန္တရာယ်အမျိုးမျိုးကို သိရှိနားလည်ကာ လူငယ်လူရွယ်များအားလုံး ငယ်စဉ်ကပင် မူးယစ်ဆေးဝါးကို ရှောင်ကြဉ်သင့်ကြောင်း" ပြောကြားသည်။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်က "လူငယ်နှင့် မူးယစ်ဆေးဝါး" ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမိမိခင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်နေနွယ်သန့်၊ မြို့နယ်စာရေးဆရာ တက္ကသိုလ်ပွင့်သူအောင်၊ မြို့နယ်စာရေးဆရာ ဦးမောင်လွင်တို့က မူးယစ်ဆေးဝါးစတင်ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များနှင့် ဥပဒေဆိုင်ရာများ ၊ မူးယစ်ဆေးဝါးကြောင့် ကျန်းမာရေးချို့တဲ့မှု ပြဿနာများ စသည့်အချက်များ ပါဝင်ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(VDP) သင်တန်းဆင်း

**မြောင်းမြ ဇွန် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) သင်တန်း ဖွင့်လှစ်လျက်ရှိပြီး သင်တန်းဆင်းပွဲကို ဇွန် ၁ ရက် ညနေ ၃ နာရီက ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ မြောင်းမြမြို့နယ်အတွင်းရှိ VDP ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၀ တို့က မေ ၂၈ ရက်မှ ဇွန် ၁ ရက်အထိ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းပွဲတွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးမှူး ဦးသင်းဦးက အမှာစကားပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးနေလင်းစိုးနှင့် စီမံကိန်းရေးဆွဲရေး တာဝန်ခံသင်တန်းနည်းပြတို့က စီမံကိန်းနှင့်ပတ်သက်၍ ကိန်းဂဏန်းများ မှန်ကန်တိကျမှုရှိရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးစက်(ပြန်/ဆက်)**



## လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း လှည်းကူးမြို့နယ်တွင် ကျင်းပ

**လှည်းကူး ဇွန် ၂**
ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ်တွင် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်၊ ဒေါက်တာဝေဖြိုး၊ မြို့နယ်စခန်းမှူး ဒုတိယရဲမှူးမောင်မောင်ဦး၊ ဒေါ်သန်းသန်းဌေး၊ The Winner Private School ဆရာစည်သူတို့က ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိတ္ထီလာတွင် ကလေးသူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မိတ္ထီလာ ဇွန် ၂**
မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Upper KMN အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကလေးသူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂ ရက် နံနက် ၉ နာရီက ပညာရေးကောလိပ်ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင် ဦးသန်းဝင်းနှင့် Upper KMN Program မှ စီမံကိန်းမန်နေဂျာ ဦးစိုးမိုးတို့က ကလေးသူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရေးကောလိပ်မှ ဆရာ ဆရာမလောင်း သင်တန်းသူသင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




## ရေယာဉ်များစနစ်တကျပြေးဆွဲရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ရေကြောင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကနီ ဇွန် ၂**
ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ကနီမြို့နယ်အတွင်း ဖြတ်သန်းသွားလာနေကြသော ခရီးသည်တင် ယာဉ်၊ ကုန်တင်ယာဉ်နှင့် ရေယာဉ်ငယ်များ စနစ်တကျပြေးဆွဲခြင်းရှိ၊ မရှိနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးတို့အတွက် ရေယာဉ်များ စနစ်တကျပြေးဆွဲရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် ရေကြောင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၁ ရက်က ပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေးကော်မတီနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ကနီမြို့ရေယာဉ်ဆိပ်ကမ်းတွင် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ရေယာဉ်ပေါ်ပါ ရေယာဉ်မောင်းနှင့် ခရီးသည်များ အသက်အန္တရာယ်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန်၊ ရေယာဉ်နှင့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် ရေကြောင်းပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် ရည်ရွယ်ချက်များဖြင့် ခရီးသည်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းရေး စီမံချက်များနှင့် မိုးရာသီမတိုင်မီရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးတို့ကို အသိပညာပေး ရှင်းလင်းပြောပြောကြားသည်။

ယင်းနောက် ရေကြောင်းဆိုင်ရာ ခရီးသည်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းရေး စီမံချက်စာအုပ်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မြိတ်မြို့နယ်အတွင်း ရေချိုငါးခူမွေးမြူသူများ ဈေးကွက်အတွင်း အရောင်းအဝယ်မရှိသောကြောင့် အခက်တွေ့

**မြိတ် ဇွန် ၂**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ရေချိုငါးခူများမွေးမြူသူများပြားလာခဲ့ရာမှ ယခုအခါ ဈေးကွက်အတွင်းတွင် အရောင်းအဝယ်မရှိသောကြောင့် အခက်တွေ့နေကြောင်း ငါးခူမွေးမြူရေးလုပ်ကိုင်နေသူများထံမှသိရသည်။

မြိတ်မြို့နယ်တွင် ရေချိုငါးခူငါးသားပေါက်များကို ၂၀၁၇ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် တစ်ပိုင်တစ်နိုင်နေအိမ်များ၌ စီးပွားဖြစ်စတင်မွေးမြူလာခဲ့ရာ ဈေးကွက်အတွင်း ငါးခူတစ်ပိဿာ ငွေကျပ် ၆၀၀၀ အထိ ဈေးကောင်းရရှိခဲ့ပြီး တစ်ရက်လျှင်ငါးခူပိဿာချိန် ၂၀ မှ ၃၀ အထိ ရောင်းရကြောင်း သိရသည်။

"မြိတ်မြို့က ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက် ပင်လယ်နဲ့နီးတော့ ပင်လယ်စာတွေကများတယ်၊ ဒါကြောင့်ဒေသခံတွေက ရေငန်ငါးတွေကိုပဲ အစားများကြတော့ ဒီရေချိုငါးများကိုသိပ်ပြီးတွင်တွင်ကျယ်ကျယ်စားတာမရှိသလို့ ဈေးကွက်လည်း မရှိဖြစ်နေတယ်၊ ဒီအတွက်ကြောင့်လုပ်ငန်းနာလိုက်ပြီး" ဟု မြိတ်မြို့နယ် ကျွဲကူးကျေးရွာနေဦးထွေးငယ်က ပြောကြားသည်။

ရေချိုငါးခူမွေးမြူသူဦးသန်းစိုးက "ရေချိုငါးခူဈေးက တော်တော်ကျသွားတယ်၊ ဈေးကွက်လည်းမရှိ စားသောက်ဆိုင်တွေကလည်း မဝယ်သလို့ ငါးအဝယ်ဒိုင်တွေကလည်း မဝယ်တော့ဈေးတွေမှာသွားပြီး ကိုယ်တိုင်ထိုင်ရောင်းနေရတယ်"ဟုပြောသည်။

မြိတ်မြို့နယ်အတွင်း ရေချိုငါးခူများကိုမွေးမြူသူများပြားလာသော်လည်း ဈေးကွက်မရှိဖြစ်နေပြီး လက်ရှိတွင်တစ်ပိဿာငွေကျပ် ၃၀၀၀ ခန့်သာရှိတာကြောင့် မွေးမြူရေးလုပ်ကိုင်သူများ အခက်အခဲများကြုံတွေ့နေရပြီး အစာဖိုးနဲ့ လုပ်အားခထည့်တွက်လျှင် လုံးဝတွက်ခြေမကိုက်တော့ကြောင်း သိရသည်။ ယခုအခါ ရေချိုငါးခူမွေးမြူသူများသည် လုပ် အားခ၊ အစာဖိုးမကာမိတာကြောင့် တဖြည်းဖြည်း မွေးမြူရေးလုပ်ငန်းများ ရပ်ဆိုင်းနေပြီဖြစ်ကြောင်းမွေးမြူသူများထံမှ သိရသည်။ **မြင့်ဦး(မြိတ်)**



## ဝက်လက်မြို့နယ်မီးသတ်စခန်းတွင် သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်

**ဝက်လက် ဇွန် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဝက်လက်မြို့နယ် မီးသတ်စခန်းတွင် ထားရှိသော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ လျင်မြန်စွာအသုံးပြုနိုင်ရေး လက်တွေ့စမ်းသပ်လေ့ကျင့်ခြင်းများကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝက်လက်မြို့နယ် မီးသတ်စခန်းမှူး ဦးမောင်းနိန်က "ယခုလို ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လျင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းမှာ ဝက်လက်မြို့နယ်နှင့်အနီးပတ်ဝန်းကျင် ဒေသများတွင် အရေးပေါ်သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့စမ်းသပ်လေ့ကျင့်ပေးရကြောင်း"ပြောကြားသည်။

အဆိုပါ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်ခြင်းများကို မြို့နယ်မီးသတ် တပ်ဖွဲ့ဝင် ၁၆ ဦးအား လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ဥမ္မာဝင်း**

## ပဲခူးအကျဉ်းထောင်အတွင်း၌ အကျဉ်းသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပဲခူး ဇွန် ၂**
စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံဦးအောင်သိုက်(ခရိုင်ဦးစီးမှူး)နှင့် စားသုံးသူရေးရာဌာနခွဲမှ ဝန်ထမ်းများသည် မေ ၂၉ ရက် နံနက် ၉ နာရီက ပဲခူးအချုပ်ထောင်သို့ သွားရောက်၍ အချုပ်ထောင်အတွင်းရှိ အကျဉ်းသားများအား ခရိုင်ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ရာတွင် စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံအကြောင်းအား လည်းကောင်း၊ ဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့၊ WCRD(နှစ်စဉ်မတ်လ ၁၅ ရက်နေ့)ပေါ်ပေါက်လာပုံနှင့်စားသုံးသူအခွင့်အရေး ရှစ်ရပ်ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (မြန်မာ) အကြောင်းကိုလည်းကောင်း၊ အကျဉ်းသားများအနေနှင့်ပြစ်ဒဏ်မှ လွတ်မြောက်လာသည့်အချိန်တွင် စားသုံးသူ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းရှင်ဖြစ်လာနိုင်သကဲ့သို့ ယင်းသို့သောအချိန်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုရှိလာပါက စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားသောCICCစင်တာများကို တိုင်းဒေသကြီး၊ ခရိုင်ဦးစီးမှူးရုံးများ၌ ဖွင့်လှစ်ထားရှိကြောင်းများကို အကျယ်တဝင့်ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ အချုပ်ထောင်အတွင်းရှိ အကျဉ်းသား ၅၇၃ ဦးရှိသည့်အနက် ကိုယ်စားပြု ၈၅ ဦးတက်ရောက်ကြပြီး စားသုံးသူ



အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများပါဝင်သည့်လက်ကမ်းစာစောင် များဖြန့်ဝေပေးခဲ့၍ တိုင်းဒေသကြီးဦးစီးမှူးရုံးဝန်ထမ်းများမှ ပုစွန်ခြောက် အစပ်ကြော် ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးကို အကျဉ်းသား ၅၇၃ ဦးအား လာရောက်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

**၅၈၇**

# အကြိမ် (၉၀) မြောက် သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ ရခိုင်ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ

**မြောက်ဦး ဇွန် ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ယဉ်ကျေးမှုနေမြေအတွင်းရှိ ရခိုင်ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရား၊ စေတီပုထိုးများ၏ အကြိမ် (၉၀) မြောက် သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ ဗုဒ္ဓပူဇနိယ ပွဲတော် ရခိုင်ရိုးရာ ပြိုင်လောင်းပြိုင်ပွဲ (ခေါ်) လှေလှော်ပြိုင်ပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက အောင်တပ်ရပ်ကွက် ချောင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရခိုင်ရိုးရာလှေပြိုင်ပွဲသို့ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဦးကျော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လှေပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်လောင်းသမားများက လာရောက်ကြည့်ရှုခဲ့ကြသည်။ ထို့နောက် ရခိုင်ရိုးရာ လှေပြိုင်ပွဲတွင် (၈)လံလှေ (ခေါ်) ပြိုင်လောင်း၊ (၆) လံလှေ (ခေါ်) ပြိုင်လောင်းနှင့် (၅) လံလှေ (ခေါ်) ပြိုင်လောင်း အသင်းတို့ ရောက်ရှိယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



ထို့နောက် ပထမ(၈) လံပြိုင်ပွဲ ပွဲစဉ်အဖြစ် ဆူးရာဇ်ချောင်းအသင်းနှင့် ဘောင်းဒွတ်အသင်း၊ ဒုတိယ ပွဲစဉ်(၂)အဖြစ် (၅)လံ ဆယ်သိန်းတန်အသင်းနှင့် လက်ျာရွာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ဘိုကလေး ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မိမိတို့ ကျေးရွာများတွင်လိုအပ်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ကိုယ်တိုင်စီမံကိန်းရေးဆွဲတင်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP) ရေးဆွဲနည်း သင်တန်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ပင် မေ ၃၀ ရက်မှ ဇွန် ၂ ရက်ထိ လေးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့ရာ သင်တန်းသား တစ်ဦးဖြစ်သည့် ဟိုင်းစီကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာနေ ဦးသန်းနိုင်က "ဒီသင်တန်းကို တက်ရောက်သင်ကြားရတဲ့အတွက် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး ကျေးရွာရဲ့ကဏ္ဍအလိုက် လက်ရှိ ဖွံ့ဖြိုးနေမှုအခြေအနေ အတိအကျကို သတင်းအချက်အလက် ရရှိနိုင်ပါတယ်၊ နောက်ပြီး အလှူရှင်တွေက ကျေးရွာဖွံ့ဖြိုးရေးလုပ်ပေးမယ် ဆိုရင်လည်း အဆင်သင့် စစ်တမ်းကောက်ပြီး စီမံကိန်းရေးဆွဲထားရှိတဲ့အတွက်ကြောင့် ကျေးရွာရဲ့ လိုအပ်ချက်တွေကို အလွယ်တကူဖော်ပြလို့ရမယ့် အကျိုးကျေးဇူးတွေ အများကြီးရလာနိုင်ပါတယ်" လို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဘိုကလေး(ပြန်/ဆက်)**

# မန္တလေးခရိုင်တွင် အခြေခံကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်

**ပြည်ကြီးတံခွန် ဇွန် ၂**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သော အခမဲ့ အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ Community Centre တွင် ဇွန် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်စောလပြည့်ဝင်းက သင်တန်းစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အခြေခံကွန်ပျူတာသင်တန်းကို သင်တန်းသား ၂၀ ဖြင့် ဇွန် ၂ ရက်မှ စက်တင်ဘာ ၂ ရက်ထိ သုံးလကြာ ဖွင့်လှစ် မည်ဖြစ်ကာ အပတ်စဉ်စနေ၊တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သွား မည်ဖြစ်ကြောင်းသိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

**စာမျက်နှာ ၁၅ မှ**

ထန်းပင်များနည်းတူ မန်ကျည်းပင်ကြီးများကိုလည်း ဝယ်ယူလျက်ရှိကြောင်း၊ မန်ကျည်းသားကို အမှုန့်ကြိတ်ပြီး အမွှေးတိုင်တွင်သုံးစွဲကြောင်း၊ ညက်ညောသည့်အတွက် အမွှေးတိုင်ထွန်းရာတွင် ညီညာစွာ မီးလောင်ကြောင်း၊ ရေစကြိုဘက်တွင် မန်ကျည်းသားတစ်ပိဿာကို ငွေကျပ်တစ်ရာခန့်ဖြင့် ပေါင်လုံး ခန့်အရွယ်ထိ ဝယ်ယူနေကြောင်း သိရှိရသည်။

ကျောက်ပန်းတောင်းမြို့နယ်ရှိ ခုတ်လှဲခံရမည့် ထန်းပင်များကို "တော်ဝင်ထန်း" အဖွဲ့က လိုက်လံဝယ်ယူလျက်ရှိနေကြောင်း၊ ဝယ်ယူပြီးထန်းပင်များကို မူလက ထန်းသမားများအား ဆက်လက်လုပ်ကိုင်စေကြောင်း ချီးကျူးဖွယ်သတင်းကောင်းကြား သိရသည်။ ယခင်က ထန်းသမားများသည် ထန်းပိုင်ရှင်များအား ထန်းစုအဖြစ် ထန်းတစ်ပင်လျှင် တစ်နှစ်အတွက် ထန်းလျက်သုံးပိဿာ ပေးရကြောင်း၊ ယခုစတိအဖြစ် (လက်ရှိဝယ်ထားသည့်အဖွဲ့က) အစိတ်သားခန့်သာယူကြောင်း၊ ထန်းသမား များ၏ဘဝကို တစ်စိတ်တစ်ဒေသမြှင့်တင်ပေးရာရောက်ကြောင်း၊ထန်းပင်များဝယ်ယူရန်အတွက် အလှူရှင်များစွာပေါ်ပေါက်လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ထပ်မံကြားသိရသည်။

ခုတ်လှဲခံရမည့် မန်ကျည်းပင်ကြီးများနှင့် သစ်ပင်ကြီးအား ထန်းပင်များကို ဝယ်ယူသကဲ့သို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များနှင့် လူမှုရေးအဖွဲ့များက အလှူရှင်များရှာဖွေပြီး စာချုပ်စာတမ်းဖြင့် ဝယ်ယူကြရန်ဖြစ်သည်။ ထန်းပင်များနှင့် မန်ကျည်းပင်ကြီးများကို ဝယ်ယူခြင်းသည် သားသတ်ရုံသို့ ပို့ခါနီး ကျွဲနွားများကို ဝယ်ယူပြီး ဘေးမဲ့ပေးသည့် အလှူဒါနကဲ့သို့ ကုသိုလ်ရမည်ဖြစ်သည်။ ထို့ပြင် ဇရပ်ဆောက်၍ လှူဒါန်းသည်ထက်ပင် ပို၍အကျိုးများနိုင်သည်။ အကြောင်းမူကား -

(၁) အညာဒေသ၏ ပုံရိပ်များကို မပျောက်စေသည်သာမက ပို၍ ပူပြင်းမည့်ဘေးမှကာကွယ်ပေးသည်။

(၂) ထန်းပင်များ၊ မန်ကျည်းပင်များတွင် သိုလှောင်ထားသည့် ကာဗွန်များကို ဆက်လက်၍ သိုလှောင်ပေးသည်။ ရင်စို့လုံးပတ် ခုနစ်ပေနှင့် အမြင့်ပေ ၆၀ ခန့်ရှိသည့် ထန်းပင်တစ်ပင်သည် ကာဗွန်ပမာဏ သုည ဒသမ ၆၈ မက်ထရစ်တန်ခန့်ကို သိုလှောင်ထားနိုင်သည်။ ထို့ကြောင့် အလှူရှင်များ၏ စေတနာဖြင့် ထန်းပင်ပေါင်းတစ်သိန်းကို ဝယ်ယူနိုင်မည်ဆိုပါက ကာဗွန်မက်ထရစ်တန်ပေါင်း ၆၈၀၀၀ ကို ဆက်လက်၍ သိုလှောင်ထားနိုင်မည်ဖြစ်သည်။ ခုတ်လှဲခံရမည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုက် မက်ထရစ်တန်ပေါင်း ၂၅၀၀၀၀ ခန့်သည် အနေးနှင့်အမြန် လေထုထဲသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထို နည်းတူပင် ရင်စို့လုံးပတ် ၁၀ ပေရှိပြီး အကိုင်းအခက် အလက်ဝေစည်နေသည့် မန်ကျည်းပင်ကြီးတစ်ပင်သည် ကာဗွန်ပမာဏ ၂ ဒသမ ၄ မက်ထရစ်တန်ခန့်ကို သိုလှောင်ထားနိုင်သည်။ ခုတ်လှဲခြင်းခံရပြီး အမွှေးတိုင်အဖြစ် သုံးစွဲလိုက်သည် ဆိုပါက လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၈ ဒသမ ၈ မက်ထရစ်တန်ခန့် ရောက်ရှိသွားမည်ဖြစ်သည်။ ၎င်းပြင် ထိုထန်းပင်များ၊ သစ်ပင်ကြီးများ ရှင်သန်နေသမျှ ကာလပတ်လုံး $CO_2$ များကို စုပ်ယူပေးနေဦးမည်ဖြစ်ပြီး $O_2$ များကိုလည်း ပြန်လည် ထုတ်လွှတ်ပေးနေမည် ဖြစ်သည်။ ထို့ကြောင့် ထန်းပင်များ၊ သစ်ပင်များကို ဝယ်ယူလှူဒါန်းသူများသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် လေထုညစ်ညမ်းမှု လျှော့ချရေးတို့တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေသူများ ဖြစ်မည်။

ထို့ပြင် သက်တမ်း လေးငါးခြောက်ဆယ်ရှိသည့် အပင်များကို ကိုယ်တိုင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုရဘဲ ချက်ချင်းလက်ငင်း အပင်ကြီးများ၏ အလှူရှင်ဖြစ်ရခြင်းသည် အလွန်ထူးကဲသော အခွင့်အရေးတစ်ရပ်ကို ရရှိလိုက်ခြင်းပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လူသားမျိုးနွယ်များ၊ သားငှက်တိရစ္ဆာန်များ၊ ရေမြေလေနှင့် သဘာဝပတ်ဝန်းကျင်ကို အဘက်ဘက်မှ အကျိုးပြုလျက်ရှိသော သစ်ပင်များကို ယခုမိုးရာသီတွင် အင်တိုက်အားတိုက် စိုက်ပျိုးကြရင်း ထန်းပင်များနှင့် သစ်ပင်ကြီးများကိုပါ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ဇွန် ၅ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

## ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ထုတ်ပြန်

**ဥတ္တရသီရိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၂ ရက် နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ စာဖြေဌာနသုံးခုတွင်လည်း တစ်ပြိုင်နက် ထုတ်ပြန်ကြေညာလျက်ရှိရာ ဥတ္တရသီရိ မြို့နယ်တွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုသူ စုစုပေါင်း ၁၃၅၅ ဦး ရှိပြီး အောင်မြင်သူ ၅၈၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၇၃ ရာခိုင်နှုန်းနှင့် စုစုပေါင်း ဂုဏ်ထူးရရှိသူ ၂၅၈ ဦး ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**ရွှေရဲရင့် (ပြန်/ဆက်)**

**ပဲခူး**

၂၀၁၇-၂၀၁၈ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းအား ဇွန် ၂ ရက် နံနက်ပိုင်းမှစတင်ပြီး မြန်မာနိုင်ငံအတွင်းရှိ နေရာအသီးသီးတွင် ထုတ်ပြန်ပေးထားရာ ပဲခူးတိုင်းဒေသကြီးမှအောင်ချက်ရာခိုင်နှုန်း ၃၀ ဒသမ ၇၀ ရာခိုင်နှုန်းအောင်မြင်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး ပေါ်ထွက်လာကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ကျောင်းသား ကျောင်းသူ ၆၉၃၉၃ ဦး ဝင်ရောက်ဖြေဆိုရာ ၂၁၃၀၄ ဦးအောင်မြင်ကြသည်။ အဆိုပါအောင်မြင်သူများအနက်မှ ခြောက်ဘာသာဂုဏ်ထူး ငါးဦး၊ ငါးဘာသာဂုဏ်ထူး ၃၂ ဦး၊ လေးဘာသာဂုဏ်ထူး ၁၈၂ ဦး၊ သုံးဘာသာဂုဏ်ထူး ၃၁၈ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၉၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူး ၅၆၁၃ ဦးရရှိကြပြီး မြန်မာစာဂုဏ်ထူး ၆၄ ဦး၊ အင်္ဂလိပ်စာဂုဏ်ထူး ၃၂ ဦး၊ သင်္ချာဂုဏ်ထူး ၇၄၃ ဦး၊ ဓာတုဂုဏ်ထူး ၁၁၅၆ ဦး၊ ရူပဂုဏ်ထူး ၄၁၈ ဦး၊ ဇီဝ ၁၇၉၆ ဦး၊ ပထဝီ ၄၈၈ ဦး၊ သမိုင်း ခုနစ်ဦး၊ ဘောဂ ၄၆၁၅ ဦးဂုဏ်ထူးအသီးသီးရရှိကြသည်။

**တင်စိုး(ပဲခူး)**

**လောင်းလုံး**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ဇွန် ၂ ရက် နံနက် ၆ နာရီတွင် မြို့နယ်ပညာရေးမှူးရုံးနှင့် စာစစ်ဌာနများတွင်ကြေညာထားသည်။

မြို့နယ်အတွင်းရှိ စာစစ်ဌာနလေးခု၌ ဖြေဆိုသူစာရင်းရှိစုစုပေါင်း ၁၄၀၇ ဦးရှိပြီး ဖြေဆိုသူစုစုပေါင်း ၁၂၇၂ ဦးရှိကာ အောင်မြင်သူစုစုပေါင်း ၄၃၇ ဦး၊ အောင်ချက်ရာနှုန်း ၃၄ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**



**မာန်အောင်**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စာစစ်ဌာနဖြစ်သော အထက(မာန်အောင်)၊ အထက-ခွဲ(ဈေးတန်း)၊အထက(ဇရပ်ကုန်းခင်)၊ အထက(ကမား)တို့တွင် ဖြေဆိုမည့်သူ ၁၁၄၃ ဦးရှိခဲ့ရာ အောင်မြင်မှုမှာ စုစုပေါင်း ၂၇၈ ဦး အောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ အောင်မြင်မှုမှာ ၂၄ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ပြီး ဂုဏ်ထူးဖြင့် အောင်မြင်သူ စုစုပေါင်း ၅၁ ဦးရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သံတွဲ**

သံတွဲမြို့နယ်မှဖြေဆိုသူပေါင်း ၂၁၇၂ ဦးဖြေဆိုရာ ၅၈၈ ဦးအောင်မြင်ခဲ့သဖြင့် အောင်ချက်ရာနှုန်းမှာ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ယခင်နှစ်က ၂၆ ဒသမ ၇၂ ရာခိုင်နှုန်းဖြစ်ရာ ယခုနှစ်တွင် သုည ဒသမ ၃၈ ရာခိုင်နှုန်းသာ တိုးတက်နိုင်ကြောင်း တွေ့ရသည်။

သံတွဲမြို့နယ်တွင် အောင်မြင်သူ ၅၈၈ ဦးတွင် ခြောက်ဘာသာ နှစ်ဦး၊ ငါးဘာသာ ကိုးဦး၊ လေးဘာသာ နှစ်ဦး၊ သုံးဘာသာ ခုနစ်ဦး၊ နှစ်ဘာသာ ၁၃ ဦး၊ တစ်ဘာသာ ၁၂၀ ဦး အောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံဃာတော်များအတွက်
## ပိဋကကျမ်းစာနှင့် အင်္ဂလိပ်ဘာသာ အထူးသင်တန်း
## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏
## ဓမ္မဝိနယစင်တာ
## Institute of Dhamma Education
## (I.D.E-YGN)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသတွင် ဖွင့်လှစ်သင်ကြားမည်။

(၁) Study Program
- (1) English (4-Skills)
- (2) Pitaka Text (Selected)
- (3) Abhidhamma Study
- (4) Pali-English Word Study

(၂) ဓမ္မာစရိယ အောင်ပြီး၍ သက်တော် ၂၅ နှစ်ထက် မကျော်သော ရဟန်းတော်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။ (အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) ဓမ္မာစရိယ အောင်မြင်ကြောင်း အထောက်အထား)

(၃) ၂၀၁၈ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ လျှောက်လွှာလက်ခံပြီး ဇူလိုင်(၃)ရက်နေ့တွင် ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူးဖြေဆိုရပါမည်။ ဇူလိုင်(၄)ရက်တွင် ဝင်ခွင့်ရသူစာရင်း ကြေညာမည်။ ဝင်ခွင့်ရသူများကို ဇူလိုင်(၇)ရက်တွင် စတင်လက်ခံမည်။ သင်တန်းကာလမှာ Level တစ်ခုလျှင် (၃)လ ဖြစ်သည်။

မှတ်ချက်။ ။ လျှောက်လွှာကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ကထိကဆောင်-(၁၀၃)၊ ကထိကဆရာတော် ဒေါက်တာဝိမလ၊ ဖုန်း-၀၉၂၁၅၁၁၅၈ (samana.vimala@gmail.com) ထံတွင် တောင်းယူတင်သွင်းရပါမည်။

သင်တန်းကြီးကြပ်ရေးကော်မတီ


**IGCSE** CAMBRIDGE International Examinations / edexcel Approved Centre

အသက်၁၄နှစ်ပြည့်ပြီးသူတိုင်း IGCSE ဖြေဆိုခွင့်ရှိသည်။ နိုင်ငံတကာအတွေ့အကြုံရှိ UK ဘွဲ့ရ Master နှင့် PhD ဒေါက်တာဆရာများမှ တစ်နှစ်အတွင်း Text book, Revision Guide နှင့် Past Paper များကို နှစ်ခေါက်ပြီးအောင် လေ့ကျင့်ပေးမည်။

- Free study guide
- Free school fees for second year
- Guarantee to get A and A*
- Refund policy for not achieving good grades

ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။ အခြားအောင်လက်မှတ်များ မလိုပါ။

ဂုဏ်ထူး A နှင့် A* များရရှိရန် အာမခံသည်။
Exam Result မကောင်းပါက School fees ပြန်အမ်းပေးမည်။

No. 704, Yadanar Housing, Yadanar Road, Sout Okkalapa Township
Ph. 09 799 24 24 31 , 09 448 331 664



**အမည်ပေါက်ပိုင်ရှင်တိုက်ရိုက်ရောင်း၊ ငှား**

၁။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းရပ်ကွက်၊ လမ်းကျယ်လမ်းမတန်း မိုးကောင်းလမ်းမကြီးပေါ်ရှိ အိမ်မက်ဆန်းဆန်းအရှမ်းလှပသော နှစ်ထပ်လုံးချင်းတိုက်မြေနှင့်(၆၀)ဂရန်မြေဟိုတယ်၊ ကွန်ဒိုဆောက်ရန်နေရာကောင်း
၂။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းရပ်ကွက်၊ လမ်းကျယ်လမ်းသန့် မဂ္ဂင်လမ်း ပိုင်ရှင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေ ပတ်ဘားခြံဝင်းမြေ မြေအကျယ် (၂၅×၁၁၅) ကွန်ဒိုဆောက်ရန် နေရာကောင်း
၃။ ရန်ကုန်မြို့၊ သုဝဏ္ဏပေါ် ဆန်းမွှေအဆင့်မြင့်လုံးချင်းနှင့်ကွန်ဒိုအိမ်ယာအရှေ့ VIP-II ၊ သခိတာလမ်း၊ မြေအကျယ် (၆၀×၈၀) မြေကွက်၊ ပါမစ်မြေ
၄။ ရန်ကုန်မြို့၊ အမှတ်၃လမ်းမကြီးနှင့်ကပ်လျက် ပုလဲမြစ်တီးအနီး ပုလဲ (၁)ရပ်ကွက်၊ မြေအကျယ်(၁၀၀×၁၀၀) နှစ် ၆၀ ဂရန်မြေ ကွန်ဒို OK
၅။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အထက် ၃၅/၃၆လမ်းမြေညီထပ် (၂လွှာပါ)နှင့်ထပ်ထပ်အသင့်မြင့်ဆင်ပြီးတိုက်ခန်းကျယ်များလုပ်ငန်းသုံးပါဝင်တော
ဆက်သွယ်ရန် - ၀၉ ၇၈၀၆၈၁၁၂၂



**မိသားစုကျန်းမာရေးအတွက် အိမ်တိုင်းမရှိမဖြစ်ဆောင်ထားသင့်တဲ့ စာအုပ်ကောင်းတစ်အုပ်**




ပျားရည်၏ ကျန်းမာရေးကောင်းကျိုးများ၊ ပျားရည်ထားသိုပုံ၊ ပျားရည်ကို စတင်သောက်သုံးသင့်တဲ့ အသက်အရွယ်၊ ပျားရည်တွင် ပါလာနိုင်သည့် အဆိပ်အတောက်ပစ္စည်းများနှင့် အဆိပ်သင့်လက္ခဏာများ၊ ပျားရည်နှင့် တွဲဖက်မသုံးပြုသင့်သော အစားအစာများနှင့် ဆေးဝါးများကို သေချာစွာသိရှိနိုင်ရန်

**လူသားအကျိုးပြု ပျားမျိုးစု**
**ဒေါက်တာခင်မောင်လွင် (FAME)**

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609



**ကျွဲရိုင်းသောက်ပြီး သူဌေးလောင်းဖြစ်မယ့် ကံစမ်းမဲ**

**ကျပ်သန်း ၅၀၀ ကျော် တန်ဖိုးရှိသော ဆုမဲများ**







**RED BULL MYANMAR**
Find more information on our facebook fan page
Fan Page တွင် အသေးစိတ်သိရှိနိုင်ပါသည်။

**စည်းကမ်းချက်များ**
- ကျွဲရိုင်းအချိုရည်ဘူးပေါက်သော ကံစမ်းမဲကို ကံစမ်းမဲပြုလုပ်သော အရောင်းဆိုင်များတွင် ချက်ချင်းထုတ်ယူနိုင်ပါသည်။
- ကားနှင့် ရွှေဆွဲကြိုးများပေါက်ပါက ရန်ကုန်မြို့ Pahtama Group Co., Ltd ဖုန်း - ၀၁ ၅၈၀၆၄၉ ၊ ၀၁ ၅၈၀၄၃၃ နှင့် မန္တလေးမြို့ ဖုန်း - ၀၂ ၈၂၁၇၄ ၊ ၀၂ ၈၂၁၇၅ ၊ ၀၂ ၈၂၁၇၆ ၊ ၀၉ ၉၇၇ ၈၇၉ ၅၈၇ ကို ဆက်သွယ်ပြီး ဆုမဲထုတ်ယူရမည့် နေ့ရက်အား ချိန်း၍ ထုတ်ယူရမည်ဖြစ်သည်။
- ဆုမဲကိစ္စနှင့် ပတ်သက်၍ အငြင်းပွားဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက T.C Pharmaceutical Industries Co., Ltd ရဲ့ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။
- ဆုမဲပေါက်သော ဘူးအဖုံးခွံများ ပျောက်ဆုံး၊ ပျက်စီးပါက ဆုမဲများ ထုတ်ယူခွင့်မရှိပါ။
- ကားလိုင်စင်သည် ရန်ကုန်တိုင်းမှလွဲ၍ မည်သည့်တိုင်းနှင့် ပြည်နယ်မဆို အမည်ပေါက်လျှောက်ထားနိုင်သည်။
- Pahtama Group Co., Ltd ဝန်ထမ်းများနှင့် Red Bull Myanmar မှ ဝန်ထမ်းများ ပါဝင်ကံစမ်းခွင့်မရှိပါ။
- ကံစမ်းမဲကာလမှာ ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်မည်ဖြစ်ပြီး ဆုမဲများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထုတ်ယူနိုင်ပါသည်။
- ကန့်သတ်ချက်များနှင့် ဆုမဲများ ပြောင်းလဲခြင်းရှိပါက ကုမ္ပဏီမှ ကြိုတင်အကြောင်းကြားခြင်း မရှိပါ။

ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကကယ - ၁၃/၁၅/၀၄၂

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှပဓဒ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်းစိုးစည်သည်။

# အောင်မြေ | ပညာအောင်မြေ

ဇွန်လ တန်းခွဲသစ် လက်ခံပြီ

ပညာသင်ကျောင်း

ကိုယ်ပိုင်အထက်တန်းကျောင်း (ဖွာတန်းမှ ၁၀တန်းအထိ)

အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စည်းကမ်းလိုက်နာနိုင်ပြီး ထူးချွန်လိုသည့် ကျောင်းသား/သူများကို ကျောင်းအပ်လက်ခံပြီ...

အောင်မြေ (၁) - အမှတ်(၇၈)၊ ၁၆၆ လမ်းထိပ်(တာမွေအိုင်ကြီးထိပ်အနီး)၊ တာမွေကြီး(၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အောင်မြေ (၂) - အမှတ်(၃၇)၊ ၁၆၆ လမ်းလယ်၊ တာမွေကြီး(၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပညာအောင်မြေ - အမှတ်(၄၇၆-A)ပြည်လေးရုံလမ်းနှင့် ၁၀၃လွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ကိုယ်ပိုင်အထက်တန်းကျောင်း 09-25 222 9990, 09-25 222 9991, 09-25 222 9992, 09-25 222 9993

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ

SAIC STUDY ABROAD Information Centre

**Yangon Office**
Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**
No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997



## STUDY ABROAD EDUCATION ROAD SHOW 2018

- တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ IGCSE အောင်မြင်ထားသူများအနေနှင့် UK, USA, Australia, Singapore နိုင်ငံများရှိ ထိပ်တန်း တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အရေး။
- HND, NCC,ABE အောင်မြင်ထားသူများအတွက် နိုင်ငံတကာတွင် ဆက်လက်တက်ရောက်နိုင်မည့် ပညာရေးလမ်းကြောင်းများ။
- မြန်မာနိုင်ငံတွင် Engineering နှင့် ပတ်သက်ပြီး ဘွဲ့ရရှိထားသူများအနေနှင့် ဘာသာရပ်ကင်းလွတ်ခွင့်များ၊ Tuition Grant များရယူပြီး နိုင်ငံတကာရှိ ထိပ်တန်းတက္ကသိုလ်များတွင် ပညာသင်ယူနိုင်မည့် အခွင့်အရေး။
- မြန်မာနိုင်ငံတွင် ဘွဲ့ရရှိထားသူများအနေနှင့် နိုင်ငံတကာရှိထိပ်တန်းတက္ကသိုလ်များတွင် ဘွဲ့လွန်တက်ရောက်နိုင်မည့် လမ်းကြောင်းများကို သိရှိနိုင်မည့် အခွင့်အရေး။

Scholarships Up to 100%

**Register Now! 09 5151 008, 09 4200 99997**

STUDY ABROAD EDUCATION ROAD SHOW 2018 ကို တက်ရောက်ရန် Register လုပ်ထားသူများ စင်ကာပူကျောင်းအပ်နှံပါက လေယာဉ်လက်မှတ် Free ရရှိမည် ဖြစ်သည်။

**Mandalay**
Date : 9 June 2018 (Sat)
Time : 10:00 am - 1:00 pm
Venue : Hilton Mandalay Hotel (Ballroom)

**Yangon**
Date : 10 June 2018 (Sun)
Time : 10:00 am - 1:00 pm
Venue : Novotel Hotel (Eureka Room)

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

## VICTORIA UNIVERSITY COLLEGE

ENJOY LEARNING ● ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် ၂၀၁၈၊ ဇွန်လ တတိယ အပတ်တွင် ဖွင့်လှစ်မည့်၊ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

**အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန**

ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၇၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA
MAB
FIFA WORLD CUP RUSSIA 2018
Platinum
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထားနိုင်ခြင်း
MAB iBanking အကောင့်ကို အခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ် ၂၀/၃၂ နေ (ဦးလှရင်-ဒေါ်ကျင်) တို့၏သား၊ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ပါမောက္ခဒေါက်တာအောင်ချိုမြင့်-ပါမောက္ခဒေါက်တာ သီတာအောင်၊ ဦးစောလွင်၊ ဒေါ်ချိုချိုသန်း၊ ဦးကျော်သူရ-ဒေါ်သက်ဆုလှိုင် (ခေတ္တကိုရီးယား) တို့၏ဖခင် ဦးသီဟ (ဦးဗိုလ်) သိက္ခာတော် (၂၄)၊ သက်တော် (၈၄) နှစ် (လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ ကပရ) သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာနမိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## စောင်းဖျာပုံ ဦးသိန်းဟန်ကြီး (၈၁)နှစ်
**လူမှုထူးချွန်ပထမအဆင့်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန (မဟာဂီတ) အဖွဲ့ဝင်**
**မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုဥက္ကဋ္ဌ (ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ စောင်းဆရာကြီး (ဦးဘမောင်-ဒေါ်ခင်မြ)တို့၏သား၊ တေးသံရှင် ဒေါ်ခင်စိုးဝင်း၏ခင်ပွန်း၊ ဦးရဲဝင်းဟန်-ဒေါ်အေးအေးသိမ့်၊ (ဦးအေးမင်းဟန်)-ဒေါ်သူဇာမြမြလင်း၊ ဦးခင်ဝင်း-ဒေါ်နွေဦးဟန်၊ ဦးဝေလမင်း-ဒေါ်မေသက်ဟန်၊ ဦးမျိုးလှိုင်-ဒေါ်သီတာဟန်တို့၏ဖခင်၊ မြေး ဆယ်ယောက်တို့၏အဘိုးသည် ၁-၆-၂၀၁၈ ရက် ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၅၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းဟန်ကြီး**
**မဟာဂီတတေးစိစစ်ရေးဘုတ်အဖွဲ့ဝင်**
**အသက် (၈၁) နှစ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မဟာဂီတတေးစိစစ်ရေးဘုတ်အဖွဲ့ဝင် ဦးသိန်းဟန်ကြီး အသက် (၈၁) နှစ်သည် ၁-၆-၂၀၁၈ ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

## ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းကို (ညွှန်ကြားရေးမှူး၊ စီမံ/ဘဏ္ဍာဝန်ကြီးရုံး)-ဒေါ်သက်သက်လှ(ဒုတိယညွှန်ကြားရေးမှူးချုပ်-ဗဟိုဘဏ်)တို့၏ ဖခင်ကြီး ဦးဝင်းမောင် အသက်(၇၆)နှစ်သည် ၁-၆-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျကြည်ညွှန့်-ခင်ယမုန်အောင်**

## ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ တင်ရွှေ (၆၈ နှစ်)
ပါမောက္ခ (ငြိမ်း) ဆီးနှင့် ကျောက်ကပ်ဌာန

ဒေါ်နီနီအေး၏ခင်ပွန်း၊ ဒေါက်တာအောင်ကောင်း (USA) ၏ ဖခင်သည် ၃၀၊ ၅၊ ၂၀၁၈ နေ့တွင် ကွယ်လွန်သွားသဖြင့်၊ ဆေးတက္ကသိုလ်(၂) သူငယ်ချင်းများသည် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
ဆေး(၂) (၁၉၆၇-၁၉၇၄)

## အထူးကျေးဇူးတင်လွှာ

၃၀-၅-၂၀၁၈ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းလဲကွယ်လွန်သွားသော မမေဇင်နွယ်(ဒဂုံ-၁)၏ရုပ်ကလာပ်အား ၁-၆-၂၀၁၈ ရက်တွင် ထိန်ပင်သုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော၊ ဖုန်းဖြင့် ဆက်သွယ်အားပေးမှုပြုခဲ့ကြသူများ၊ ရုပ်ကလာပ်စ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့သူ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ထွေးသွင်
## (Nancy Thwin)
## အသက် (၇၂)နှစ်
**အသင်းဝင်အမှတ်(၂၃၆)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ်(၁၅-F)နေ ဦးအုန်းထွန်း (Johnny Saing) (မြိတ်အသင်းစာရင်းစစ်)၏ဇနီးသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်သန်းသန်းငွေ(ခ)အကို
## အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၂) လမ်းအရှေ့၊ အမှတ်(၇၈၃/က)၊ မြေညီထပ်နေ (ဦးကျင်အေး-ဒေါ်သန်းကျင်)တို့၏သမီး၊ (ဦးအောင်မြတ်ကျော်-ဒေါ်ကြင်အေး)တို့၏သမီးချွေးမ၊ (ဦးလှဝင်း)၏ချစ်လှစွာသောဇနီး၊ ဦးကိုကြီး-ဒေါ်မာမာခိုင်၊ ဦးကိုလေး-(ဒေါ်မြင့်မြင့်အေး)တို့၏အစ်မကြီး၊ ကိုဇော်မင်းထွန်း-မအေးစန္ဒာဝင်း၊ ကိုမျိုးသူရိန်-မဇာခြည်ဝင်း၊ ကိုနိုင်လွင်သန်း-မရွှေစင်ဝင်းတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## အန်ကာရီ(ခ)ဦးအောင်မြင့် (၈၈)နှစ်
**နာယက၊ကွမ်းရင်တိန်းဘုရားကျောင်း၊ကွမ်းရင်စီ၊တရုတ်အမျိုးသားအဖွဲ့၊ပဲခူး**

ပဲခူးမြို့နေ (ဦးဟိုက်ရာ-ဒေါ်ကျင်မြ)တို့၏သား၊ ဝေါမြို့နေ (ဦးကျစ်စံ-ဒေါ်စင်းနာ)တို့၏သားသမက်၊ (ဦးဝင်းဖေ)-ဒေါ်မြင့်မြင့်လွင်တို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ဒေါက်တာဦးမြတ်ကျော်-ဒေါ်သန်းသန်းရီ၊ ဦးတိတ်ရွှေ-(ဒေါ်အေးအေးမြင့်)၊ စင်ကာပူနိုင်ငံနေ ဦးကျော်ထွန်း-ဒေါ်ခင်မြင့်အေး၊ ဒေါက်တာဦးအောင်သိန်း-ဒေါ်ဝင်းဝင်းမြင့်၊ ပဲခူးမြို့နေ ဒေါက်တာဦးသီဟ-ဒေါ်စိုးစိုးမြင့် (လင်းယုန်အထည်ဆိုင်၊ ပဲခူးမြို့မဈေးကြီး)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ပဲခူးမြို့၊ ညောင်ဝိုင်း(၁၅)လမ်း၊ အမှတ်(၇၈)နေ [လင်ကျင်ကြူး(ခ)ဒေါ်ကျင်ကြူး]၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူ အားရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) တွင် ပဲခူးမြို့၊ ညောင်ဝိုင်း(၁၅)လမ်း၊ အမှတ်(၇၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးစိန်(မြိတ်)
## အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ်(၁၁-B)နေ (ဦးအစိန်-ဒေါ်ရီ)တို့၏ဒုတိယသမီး၊ (ဒေါက်တာဦးသိန်းထွန်းကျော်)၏ဇနီး၊ ဦးညဏ်ကျော်-ဒေါ်ချိုချိုဝင်းတို့၏ မိခင်၊ မယွန်းစန္ဒီကျော်၊ မယွန်းယမုံသွယ်တို့၏ ဘွားဘွားကြီးသည် ၁-၆-၂၀၁၈ (သောကြာနေ့) ည ၁၁း၁၅ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းပို(ထားဝယ်) (၇၈)နှစ်
**မြန်မာ့ကုန်တိုက်(ငြိမ်း)**

ထားဝယ်မြို့၊ ကရပ်ပြင်ရပ်နေ (ဦးအေးချို-ဒေါ်ဝင်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၂)ဖြတ်လမ်း၊ အမှတ်(၉၉၇)နေ (ဦးဝင်းကို)၏ဇနီး၊ သထုံမြို့၊ သိမ်ဆိပ်နေ ဦးကျော်ဦး-ဒေါ်ခင်သူဇာဝင်း၊ ဦးအေးမင်းဝင်း(Apex Auto Body Shop)-ဒေါ်သီတာဝင်း (မဟာသရဖူနှင့် ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏မွေးသမိခင်၊ မဝိုင်းမိုမိုဦး၊ မောင်ကျော်ခေါင်ထင်(ဆဋ္ဌမတန်း၊ အထက-ကျိုက်ကော်)တို့၏ အဘွားသည် ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းထွန်း အသက်(၇၀)
**(လ/ထ မန်နေဂျာ-ငြိမ်း၊ စက္ကူစာတူ၊ စက်မှု-၁)**
**စာရေးဆရာ သိန်းထွန်းသစ် (ခ) တိုးအောင်**
**မြဝတီသတင်းထောက် (၂၁၆)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း**

ရန်ကုန်မြို့နေ (ဦးသိန်း-ဒေါ်ဆင့်)၊ (ဦးအုန်းလှိုင်-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့်ကြည်၊ (ဦးလှသန်း)-ဒေါ်တင်တင်မြင့်တို့၏ညီ/မောင်၊ ဦးမြကြည်-ဒေါ်တင်တင်ရွှေ၊ ဦးအေးကြည်-ဒေါ်စန်းစန်းချို၊ ဗိုလ်မှူးချုပ်ညွှန့်တင်(ငြိမ်း)-ဒေါ်တင်တင်ကြည်(ဥက္ကဋ္ဌ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ)၊ ဒေါ်မြင့်မြင့်ကြည်တို့၏အစ်ကို၊ တူ/တူမ ၁၃ ယောက်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းထွန်း အသက် (၇၀)
**(လ/ထ မန်နေဂျာ-ငြိမ်း၊ စက္ကူစာတူ၊ စက်မှု-၁)**
**စာရေးဆရာ သိန်းထွန်းသစ် (ခ) တိုးအောင်**
**မြဝတီသတင်းထောက် (၂၁၆)၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသိုလ် (၁)လမ်း၊ အမှတ်(၅၃၃)နေ ဒေါ်စန်းစန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်ထွန်း)၊ ဦးဇော်မင်းထွန်း-ဒေါ်နီလာဦး၊ ဦးကျော်ဝင်း-ဒေါ်စောမြတ်ထွန်း၊ ဦးကံထွန်း-ဒေါ်ကြည်ကြည်ခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မကြည်လဲ့ရွှန်း(ခ)ကဲကဲ (Final Part II, UM-2)၊ မစုမြတ်နှင်း(အဋ္ဌမတန်း၊ အထက-၃ ၊ မ/ဒဂုံ)တို့၏ချစ်လှစွာသောအဘိုးသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးနေဝင်း(ခ)နေဝင်းလေး
## အသက် (၅၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးမောင်နီ-ဒေါ်ကြည်ကြည်မောင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးမောင်မောင်အေး)-ဒေါ်နုနုတို့၏ သားသမက်၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ အမှတ်(၅၇-အေ)၊ မြေညီထပ်နေ ဒေါ်နန္ဒာအေး၏ချစ်လှစွာသောခင်ပွန်း၊ မခိုင်လင်းထွန်း၊ မောင်မြတ်သုခ၊ မောင်သော်ဇင်လင်းတို့၏မွေးသဖခင်ကျေးဇူးရှင် ဦးနေဝင်း(ခ)နေဝင်းလေးသည် ၁-၆-၂၀၁၈(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အာနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြစိန်(ခ)ဘိုးမြ
**(မမ-ဘွိုင်လာ-ငြိမ်း)**
## အသက် (၁၀၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးဘိုးဝဲ-ဒေါ်ငွေအောင်)တို့၏ သား၊ (ဦးခိုင်-ဒေါ်ထွေး)တို့၏ သားသမက်၊ (ဦးအုန်းမြင့်)-ဒေါ်ခင်အေးဝေ၊ ဦးသိန်းဝင်း-ဒေါ်ခင်အုန်းမြင့်၊ ဦးလှမြင့်(မမ-ငြိမ်း)-ဒေါ်တင်တင်အေး၊ ဦးခင်မောင်လှ(မမ-ငြိမ်း)-ဒေါ်ခင်ပြုံး(ကက-၃၊ ပစ္စည်းထိန်း)၊ ရဲအုပ်နိုင်ဝင်း (မှုခင်းတပ်ဖွဲ့-CID)-ဒေါ်ခင်မာကြူတို့၏ မွေးသဖခင်၊မြေး၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ (ဒေါ်မြသန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၇၇)၊ CID (၅)လမ်း ရဲအုပ်နိုင်ဝင်း-ဒေါ်ခင်မာကြူတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ မွေ့ရာခုံ ဒါယကာကြီး**
## ဦးထွေးမောင် (၈၄)နှစ်
**(ကျန်းမာရေးမှူး-ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နေ (ဦးအေးကျော်-ဒေါ်စည်းစိမ်)တို့၏သားကြီး၊ (ဦးဖိုးမြိုင်-ဒေါ်စောကြွယ်)တို့၏သားသမက်၊ အမှတ် (၁၅-A)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်သန်းစိန်၏ ခင်ပွန်း၊ ဦးရွှေဇင်ဦး-ဒေါက်တာနီလာသိန်း၊ ဦးဇော်ဦးမောင်-ဒေါ်ခင်လေးနွယ်၊ ဦးကျော်ဦးမောင်-ဒေါ်အိမ်စိုးခိုင်၊ ဒေါ်ယုယုနိုင်မောင်၊ ဦးကျော်လင်း-ဒေါ်နီလာခိုင်မောင်တို့၏ဖခင်၊ ဒေါက်တာအိမ့်ရွှေစင်သိန်း၊ မဆုရွှေဇင်သိန်း၊ မောင်ဝဏ္ဏလင်းမောင်၊ မအိမ်ခြွေကြည်ဖြူ၊ မောင်ရဲလင်းမောင်တို့၏ ဘိုးဘိုးကြီးသည် ၂-၆-၂၀၁၈(စနေနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မာ(B.Sc -Chem)
**အလယ်တန်းပြ ဆရာမ(ငြိမ်း)**
**အ. မ. က(၁၈)၊ တ/ဥက္ကလာပ၊**
**အ. ထ. က(၁) အင်းစိန်**
## အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၉၈)နေ (ဦးစိန်သွင်-ဒေါ်ခင်ထွေး)တို့၏သမီး၊ ဦးစိန်ဝင်း (ဒုဌာနမှူး-ငြိမ်း၊ YCDC၊ ရေသန့်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး သက်ခိုင်ဦး-ဒေါ်အိအိဝင်း၊ ဦးအောင်ကိုကိုဝင်း (အင်/ယာ-၂၊ ရေသန့်)-ဒေါ်တင်ယုဝေ၊ ဦးကျော်ကိုကိုဝင်း-ဒေါ်မေဖြူစင်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ပြင်ဦးလွင်မြို့၊ အောင်သစ္စာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာတက္ကသိုလ် နေအိမ်နှင့် ၈-၆၂၀၁၈ ရက် နံနက် ၈ နာရီမှ ၁၁ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အနော်ရထာလမ်း၊အမှတ်(၃၉၈) နေအိမ်များသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ ကလျာဏ
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**ဦးစီးပဓာနနာယကဆရာတော်၊ ချိကယ်ကန္ဒရဝတီကျောင်းတိုက်၊**
**ထေးသမရပ်ကွက်၊ လွိုင်ကော်မြို့**
## သိက္ခာတော် (၅၇)ဝါ၊ သက်တော် (၇၈)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ထေးသမရပ်ကွက်၊ ချိကယ်၊ ကန္ဒရဝတီကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကလျာဏ မဟာထေရ်သည် (၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်) ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၂၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်၏စံကျောင်းတော်ချ အခမ်းအနားကို (၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်) ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီတွင်လည်းကောင်း၊ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်) ၁၆-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ

## ဦးမြင့်စိုး (၇၃)နှစ်
**ရေကြောင်းဆက်သွယ်ရေးအရာရှိ(ငြိမ်း)**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မလွန်ကုန်းလမ်း၊ အမှတ်(၃၇)၊ လေးလွှာ၊ ခေါင်းရင်းခန်းနေ (ဦးပါ-ဒေါ်ခင်တင့်)တို့၏သားကြီး၊ (ဦးစိန်)-ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်တင်တင်ဝင်းစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်မြင့်မြင့်သွင်တို့၏အစ်ကိုကြီး၊ ဦးဖြိုးဝေစိုး၊ ဒေါ်သင်းလတ်စိုး-ဦးရဲနိုင်လင်း၊ ဦးစည်သူစိုးတို့၏ချစ်လှစွာသောမွေးသဖခင်၊ မသုန္ဒရီလင်း(ခ)Orchid Lynn၏ ဘိုးဘိုးကြီး ဦးမြင့်စိုး (ရေကြောင်းဆက်သွယ်ရေးအရာရှိ-ငြိမ်း)သည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၅း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနွဲ့ဝင်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့-ငြိမ်း) (၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂၈)လမ်း၊ အမှတ် (၂၂၄)နေ ဒေါ်တင်နု (သူနာပြုဆရာမကြီး-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့-ငြိမ်း)၏အစ်ကို ဦးနွဲ့ဝင်းသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၀၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထွေးသွင် (Nancy Thwin)
## အသက် (၇၂) နှစ်

နမ္မတူမြို့နေ (ဦးသွင်-ဒေါ်ခင်ချစ်)တို့၏ သမီးထွေး၊ အမှတ် (၁၅-F)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးယုဆိုင်-ဒေါ်ရှုကြူ)တို့၏ သမီးချွေးမ၊ ဦးအုန်းထွန်း [Johnny Saing (M.E.H.S)]၏ ချစ်လှစွာသောဇနီး၊ ဦးချစ်သွင်(Reggie Thwin)-ဒေါ်နန်တောင်၊ ဒေါ်ခင်လှသွင်(Vilma)-(ဦးရှုရွှယ်)၊ [ဒေါ်ခင်မြသွင် (Pansy)-ဦးစံသိန်း]၊ ဒေါ်ခင်မေသွင်(June)-ဦးစံကြူ၊ ဒေါ်ခင်စီသွင်(Babara)-(ဗိုလ်မှူးမောင်ဇော်)၊ ဦးခင်မောင်သွင်(Edward)-(ဒေါ်လှလှသိန်း)၊ ဒေါ်ခင်မာသွင်(Anne)-(ဦးရွှေဝ)တို့၏ ချစ်လှစွာသောညီမ၊ ဒေါ်ဝေနှင်းထွန်း-Javierတို့၏ မိခင်၊ နန္ဒာ၊ Kai တို့၏အဘွားသည် ၂-၆-၂၀၁၈ ရက် နံနက် ၁၁း၁၅ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထွေးသွင် (Nancy Thwin)
## အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၁၅-F)နေ (ဝဏ္ဏကျော်ထင်ဦးယုဆိုင်-ဒေါ်ရှုကြူ)တို့၏ သမီးချွေးမ၊ (ဦးသွင်-ဒေါ်ခင်ချစ်)တို့၏သမီး၊ ဦးအုန်းထွန်း [Johnny Saing (M.E.H.S)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာမြတ်လှိုင်-ဒေါ်မြဝေ၊ ဒေါက်တာသန်းလွင်-ဒေါက်တာခင်မှီဟန်၊ ဦးမြဘူး-ဒေါက်တာဆင့်ဆင့်၊ ဦးအေးလွင်-ဒေါ်ဝေရည်ကြည်ဝင်း၊ ဒေါက်တာလေးမောင်-ဒေါ်သန်းသန်းအေး၊ ဦးစိုးလွင်-ဒေါ်မင်းမင်းဝင်းစိုး၊ ဒေါက်တာသင်းသင်းဆိုင်တို့၏ ညီမ/အစ်မ၊ ဒေါ်ဝေနှင်းထွန်း-Mr.Javier တို့၏မိခင်၊ နန္ဒာ၊ Kai တို့၏အဘွားသည် ၂-၆-၂၀၁၈ရက် နံနက် ၁၁း၁၅နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ခင်ခင်လှ(ခ)မတူး(စစ်တွေ) (၆၅)နှစ်
**ပစ္စည်းထိန်း(ပ)၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ တိုက်(၉/၆)၊ အခန်း(၀၀၂)၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းအောင်ကျော်)-ဒေါ်လှမြခိုင်တို့၏ သမီး၊ ဒေါ်ခင်သိန်း-ဦးညွှန့်တင်တို့၏ညီမ၊ ဦးကျော်စိုး-ဦးကျော်တင်-ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်သာ-ဒေါ်စန်းစန်းအေး၊ ဒေါ်ခင်စိုး၊ ဦးမြင့်စိုး၊ ဦးကျော်လှ-ဒေါ်မာလာအေး၊ ဒေါ်ခင်အောင်-ဦးဘဟန်တို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ ချစ်လှစွာသောဒေါ်လေးသည် ၂-၆-၂၀၁၈(စနေနေ့) နံနက် ၁၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကား များ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ် ဒါယိကာမ**
## မမေဇင်နွယ်(ခ) Tr.Alice (၃၆)နှစ်
**Sunflower English Language Academy၊ အ. ထ. က(၁) ဒဂုံ**

ရန်ကုန်မြို့၊ အမှတ်(၂၂၈)၊ (၂၉)လမ်း၊ တတိယထပ်နေ ဦးတင်မြင့်-ဒေါ်နွယ်နီအောင်တို့၏သမီးငယ်၊ ကော့သောင်းမြို့နေ ဦးအမ်းပန်(ခ)ဦးစိန်သန်း-ဒေါ်လဲ့လဲ့မော်တို့၏သမီးချွေးမကြီး၊ အင်္ဂလန်နိုင်ငံ၊ London မြို့နေ ကိုငွေးလှိုင်(ခ)ခမ်းစိုင်းအိုက်နောင်၏ချစ်လှစွာသောဇနီး၊ မသွန်းသီရိ (ခ) Amanada၏ ချစ်လှစွာသောမိခင် S.E.L.A Founder သည်၃၀-၅-၂၀၁၈ ရက် ည ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# IDP စခန်းများပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဇွန် ၂**

၂၀၁၈ ခုနှစ် ဇွန် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ထားရသည့် IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက IDP စခန်းများပိတ်သိမ်းခြင်းသည် အပြုသဘောဆောင်သည့် ဆောင်ရွက်ခြင်းဖြစ်ပြီး မင်္ဂလာရှိပါကြောင်း၊ ဒုက္ခသည်များ လူမှုသဟဇာတမဖြစ်၍ ပဋိပက္ခများ ဖြစ်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးမရ၍ တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့်လည်းကောင်း ဒုက္ခသည်များနေထိုင်ရာ IDP စခန်းများ ပေါ်ပေါက်လာပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီ IDP စခန်းများ ဖြစ်ပေါ်လာတတ်ကြောင်း၊ IDP စခန်းများ ရေရှည်တည်တံ့ခြင်းသည် မလိုလားအပ်သဖြင့် ပိတ်သိမ်းရန် အစီအစဉ်ရေးဆွဲခြင်းဖြစ်ပါကြောင်း၊ IDP စခန်းများတွင် နေထိုင်ရသည့်အတွက် မူလအလုပ်အကိုင်ပျက်ပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကလေးသူငယ်များ၏ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေး ဆုံးရှုံးရခြင်း၊ ပညာရေး၊ ကျန်းမာရေး လက်လှမ်းမမီခြင်း၊ လူငယ်များအနေဖြင့်လည်း တိုးတက်မှုနှင့် ပါဝင်ဆောင်ရွက်ခွင့် ဆုံးရှုံးရခြင်း၊ အမျိုးသမီးများ၏ ရပ်တည်မှု၊ ဖွံ့ဖြိုးမှုထိခိုက်ပြီး အကြမ်းဖက်ခံရမှု၊ လူကုန်ကူးမှုများ ဖြစ်နိုင်ခြေရှိခြင်း၊ ထိခိုက်လွယ်သည့် အုပ်စုများဖြစ်သော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများနှင့် ကိုယ်ဝန်ဆောင်များကို အဓိကထိခိုက်မှုရှိပါကြောင်း၊ လူမှုပဋိပက္ခများကြောင့် ဒုက္ခသည်စခန်း၌ နေထိုင်ကြသူများတွင် နောက်ဆက်တွဲဆိုးကျိုးများခံစားရကြောင်း၊ ဥပဒေအရ ရရှိသင့်သည့် အခွင့်အရေးများ ဆုံးရှုံးမှုများရှိပါကြောင်း၊ IDP စခန်းများတွင် နေထိုင်ခြင်းကြောင့် အထောက်အပံ့ ပံ့ပိုးကူညီမှုများကို မှီခိုနေထိုင်၍ လုပ်ရည်ကိုင်ရည်များ လျော့ကျလာပါကြောင်း၊ ပြည်နယ် လေးခုရှိ မြို့နယ် ၁၅ ခုတွင် IDP စခန်း ပေါင်း ၁၄၀ ကျော်ရှိပြီး လူဦးရေ ၁၆၀၀၀၀ ကျော်ရှိပါကြောင်း၊ မည်သည့်မူဝါဒ၊ မည်ကဲ့သို့အစီအစဉ်ဖြင့် ပိတ်သိမ်းမည်ဆိုသည်မှာ အရေးကြီးပါကြောင်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



**နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို တွေ့ရစဉ်။**

# နေပြည်တော်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၂၂၃၈၉ ဦးတွင် ၇၃၉၉ ဦး အောင်မြင်

**နေပြည်တော် ဇွန် ၂**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများ၌ နံနက်အစောပိုင်းမှ စတင်၍ စာမေးပွဲအောင်စာရင်းကြည့်ရှုမည့်သူများ စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ဖြေဆိုသူပေါင်း ၂၂၃၈၉ ဦးရှိသည့်အနက် ၇၃၉၉ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၀၅ ရာခိုင်နှုန်းရှိသည်။ ဖြေဆိုအောင်မြင်သူများအနက် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၀၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၁ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး ရှိကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၉၃၄၈ ဦးရှိရာမှ ၆၇၁၀ ဦးအောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သဖြင့် အောင်ချက်ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

**သတင်းစဉ်**



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇွန် ၃၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

ကိုဇေ

## တစ်ကိုယ်တော်ဝဲကျော်



မသိရင် တရုတ်သိုင်းဝတ္ထုနာမည်လိုလို တော်လှန်ရေးကားနံမည်လိုလိုနဲ့ အမှန်က ဒီလို။

"အမေ ကျုပ်ဆိုင်ကယ်တစ်စီး အပေါင်ခံလာတယ်"

ဆိုင်ကယ်လေး အိမ်ထဲတွန်းဝင်လာရင်း ပြောလိုက်တာ။

"ဟဲ့ ဘယ်သူ့ဟာတုန်း၊ ဘယ်က အပေါင်ခံလာတာလဲ၊ နင်လည်းမစီးတတ်ဘဲနဲ့"

"ညတုန်းက ဦးဘပု အသုဘမှာ၊ စပါးဝယ်တဲ့ကောင်တွေ ဖဲရှုံးလို့၊ စပါးဖိုးကို မချေသေးဘဲ ဆိုင်ကယ်ထိုးပေးသွားတာ"

"ဟဲ့၊ အဲဒါဆို ငါ့စပါးဖိုးမရသေးဘူးပေါ့"

"ပြန်ရမှာပေါ့အမေရာ၊ အတိုးလည်း ရဦးမယ်လေ၊ တစ်ရာကို တစ်နေ့နှစ်ဆယ်တိုးဗျ၊ နည်းတဲ့အတိုးလား"

"နင်တော့လုပ်လာပြန်ပြီ ဝဲကျော်ရယ် နင့်ဆိုင်ကယ်ကလည်း ဆိုင်ကယ်သာဆိုတယ် အင်္ဂါလည်းအစုံမပါဘူး"

"မောင်းလို့ရတယ်လေဗျာ၊ တော်ပီပေါ့၊ စက်ဘီးထက်တော့ သာပါတယ်ဗျာ"

ဘာပဲဖြစ်ဖြစ် ဝဲကျော်ဆိုင်ကယ်စီးပီလေ၊ ညနေကျ တလင်းထဲကိုထွက်၊ ဆိုင်ကယ် အစီးစကျင့်တာပဲ။

ရွာထဲက ကလေးတွေရော၊ ရွယ်တူ လူငယ်တွေပါထွက်ကြည့်နေတာ ကန်သင်းရိုးလေးတွေမှာ အသီးသီးငုတ်တုတ်လေးတွေ။

ဝဲကျော်တစ်ယောက် အရန်မီးသတ်သင်တန်းတုန်းကရတဲ့ ဘောင်းဘီအပြာ၊ အင်္ကျီလက်ရှည်အပြာနဲ့ ဒါတောင် ဦးထုပ်ကို ဘယ်နားထားမိမှန်းမသိလို့ ဆောင်းမလာခဲ့ရတာ။

လူအုပ်ဘက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ဆိုင်ကယ်ကို ခွလိုက်တယ်ဆိုရင်ပဲ၊ မသိရင် ရန်သူတစ်ရာလောက်ကို တစ်ယောက်တည်း သွားချတော့မယ့် မြန်မာကားထဲက မင်းသားအိုက်တင်မျိုး။

"ဟေး ကိုကြီးဝဲကျော်ကွ" ကလေးတွေက လက်ခေါက်တွေ မှုတ်ပီးအားပေးတယ်။

ဆိုင်ကယ်ကစ်တံကို နင်းပီး စက်နှိုးလိုက်တယ်၊ တစ်ချက်နင်းတယ်၊ မနိုးဘူး။

နှစ်ချက် သုံးချက် မနိုးဘူး။

"ဟော့ကောင် သော့အရင်ဖွင့်ရမှာမဟုတ်ဘူးလား" တက်ပုကလှမ်းအော်တာ။

"ငါသိတယ်၊ ဆိုင်ကယ်ဆိုတာ၊ စနိုးနိုးချင်း၊ တန်းမနိုးရဘူးကွ၊ အင်ဂျင်ထဲက အနက်ဆီတွေအရင်ပြန့်အောင် လုပ်ရတယ်"

အင်ဂျင်ဝိုင်တောင်အနက်ဆီတဲ့ အေးလေ သူမြင်ဖူးတာလည်း အင်ဂျင်ထဲက ထုတ်ပီးသား မည်းမည်းတွေပဲ မြင်ဖူးတာကို။

"ဘရိတ်ကို အရင်နင်းထားနော်"

ဘယ်ကောင်လှမ်းအော်လိုက်တာလည်း မသိ။ အသံကြားတော့ သူက လက်ကိုင်နှစ်ဖက်မှာ ဘရိတ်ကိုရှာတယ်၊ မတွေ့ဘူး။

အဲတော့ ခြေထောက်က ဘရိတ်ကို နင်းကြည့်ပြီး ရှေ့ကိုတွန်းကြည့်တယ်၊ မြေကြီးနားကပ်သွားမှ ဆိုင်ကယ်လိမ့်တာရပ်သွားတယ်။ ဝဲကျော်ခေါင်းလေးတညိတ်ညိတ်လုပ်ပြီး သူ့ဘရိတ်မိတယ်ဆိုတော့ ကျေနပ်သွားတဲ့ပုံနဲ့ သော့ဖွင့် စက်နှိုးလိုက်တော့ တစ်ချက်တည်းနဲ့ နိုးသွားတယ်။

ဘရိတ်ကို တစ်ဖက်ကနင်းထားတော့ ဂီယာထိုးဖို့ ခြေထောက်ကြွလိုက်ရင်း၊ ဆိုင်ကယ်က စောင်းသွားရင်း၊ ညာဘက်ကို ထောက်လိုက်၊ ဘယ်ဘက်ကိုပြန်ထောက်လိုက်နဲ့ သူ့မှာဆိုင်ကယ်မလဲအောင် ထိန်းနေရတာလေ။

"မြန်မြန်မောင်းပါဗျ၊ ကြည့်ချင်လှပြီ" ဝဲကျော် ဘရိတ်ကိုလွှတ်ပြီး ဂီယာနင်းချလိုက်တာ။

"ဂလုတ် ဝရှူး ဝေါ"

"ဟ ဟ လုပ်ပါဦးဟ၊ ဆွဲကျပါဟ"

နံပါတ် ဝမ်း ဂီယာနဲ့ လီဗာမချဘဲ၊ (ချရမှန်းလည်းမသိ) မောင်းထွက်တော့ ခြံထဲက နွားသိုးဖြည်လွှတ်လိုက်တဲ့အတိုင်းပဲ၊ ကဆုန်ပေါက်ပြီး ထွက်သွားတာ။

ပါးစပ်ကအော်တဲ့အသံက ခဏနဲ့ပျောက်သွားတယ်။

"ဘရိတ်ကိုနင်း၊ ဘရိတ်ကိုနင်း"

ဘေးကလူတွေ ဝိုင်းအော်ပေမယ့် ဆိုင်ကယ်က ဘရိတ်နင်းစရာကိုမလိုဘဲ ရပ်သွားတယ်လေ။

တလင်းထောင့်က ကောက်ရိုးပုံထဲမှာ နောက်ဘီးကလည်နေတော့ ကောက်ရိုးတွေက တဖွားဖွားနဲ့ မသိရင် စပါးခြွေလှေ့စက်က ထွက်နေတဲ့အတိုင်းပဲ၊ လူကတော့ ကောက်ရိုးပုံထဲမှာ ခေါင်းစိုက်လို့၊ မနည်းဆွဲထုတ်လိုက်ရတယ်။

"မင်းကလည်း ဖြည်းဖြည်းမောင်းပါကွ"

"အစမို့လို့ပါကွာ"

နောက်နေ့ကျတော့ ဆိုင်ကယ်အမောင်းသင်တာကို စပါးပွဲစားတစ်ယောက်ကို မေးကြည့်တယ်။

"နံပါတ်လေးဂီယာနဲ့ အရင်မောင်းရတယ်ဗျ၊ လီဘာကို ဖြည်းဖြည်းဆွဲရတယ်"

နည်းသိတာနဲ့ နေပူကြီးထဲ ဆိုင်ကယ်ထုတ်ပြီးစီးတာပဲ။ ညနေပိုင်းကျ အိုကေပီဆိုတာနဲ့ လမ်းမထွက်စီးပြတော့တာ။

အတော်လေး ကျင့်သားရလာတော့ နှစ်ယောက်တင်မောင်းချင်လာတယ်။

ခက်တာက သူ့နောက်ဘယ်သူ့မှ လိုက်မစီးရဲဘူး။ နှစ်ရက်လောက်ကြာတဲ့အထိ ဘယ်သူမှခေါ်မရတော့ တစ်မျိုးကြံပြီလေ။

ဝဲကျော်ပဲ အကြံကတော့ရှိပြီးသား။ အရက်ဆိုင်နဲ့ မလှမ်းမကမ်းမှာ စောင့်နေတာ။

တက်ပုတစ်ယောက် အရက်ဆိုင်ထဲဝင်သွားတာမြင်တော့ နောက်ကလိုက်ဝင်သွားတယ်။

"တက်ပု အစောကြီးပါလားကွ ငါမင်းလိုက်ရှာနေတာ"

"ဟော့ကောင် ငါလိုက်မစီးဘူးနော်"

"အေးပါကွာ"

တက်ပုဘေးဝင်ထိုင်လိုက်တယ်။

"မှာလေ ဘာသောက်မလဲ၊ ငါပိုက်ဆံပေးပါမယ်၊ စပါးရောင်းထားတာ ရှိပါတယ်ကွ"

"မင်းပြီးရင် လိုက်မစီးခိုင်းဘူးနော်"

"အေးပါဆိုကွာ၊ ငါလည်းစကားပြောဖော်မရှိလို့ပျင်းနေလို့ပါ"

အရက်သန့်တစ်လုံးမှာလိုက်ပြီး

"မင်းလည်းသောက်လေ"

"ငါမသောက်တော့ဘူး၊ ဆိုင်ကယ်မောင်းရမှာလေ၊ မူးနေလို့မဖြစ်ဘူး"

တက်ပု တစ်ခွက်ငှဲ့ပီးမော့ချလိုက်တယ်၊

"မင်းဆိုင်ကယ်စီးတာ အတော်တတ်ပြီလား"

"အေး တစ်ယောက်တည်းတော့ ရနေပြီလေ"

စကားပြောရင်းနဲ့ အရက်တစ်ပိုင်းလောက်ဝင်သွားတော့

"တက်ပု မင်းဆိုင်ကယ်မစီးချင်ဘူးလား"

"ဟော့အေး"

"ငါနေ့တိုင်း တိုက်မယ်လေ"

တက်ပုတစ်ခွက်ထပ်မော့လိုက်ပြီး

"နေ့တိုင်းတိုက်မှာနော်"

"အေးပါကွ"

အရက်ကလည်း တစ်လုံးကုန်တော့မယ်၊ တက်ပုက သတ္တိပြချင်လာပြီ။

"ငါ မင်းနောက်က လိုက်စီးမယ်"

"မင်းတကယ်ပြောတာလား"

ဝဲကျော် တော်တော်လေး ပျော်သွားတယ်၊ သူဆင်ထားတဲ့အကွက်ထဲ ဝင်လာပြီကို

"ယောကျ်ားဆိုတာ သေတစ်နေ့မွေးတစ်နေ့ပဲလေ"

"ယောကျ်ားဆိုင်ကယ်စီး မိန်းမ မီးနေဆိုတဲ့ စကားလည်းရှိတာပဲ"

"ယောကျ်ား ဖောင်စီးပါကွ"

"အခုက ဆိုင်ကယ်စီးမှာ"

ဝဲကျော်အကြံ အောင်မြင်တယ်လေ၊ အရက်ဖိုးရှင်းပြီး တက်ပုကခွလိုက်လာတာပဲ၊ မူးကလည်း အတော်မူးနေပြီကို။

ဒါတောင် ဝဲကျော်က တက်ပုဆင်းပြေးမှာဆိုးလို့ ပုဆိုးကိုကွင်းသိုင်းပြီး နှစ်ယောက်ပူးချည်ထားသေးတာ။ မောင်းပြီး ရွာအပြင်ရောက်ရုံရှိသေးတယ်။

"မောင်းပါကွ ဝဲကျော်ရ"

"နွားအုပ်ကြီးလာနေတယ်ကွ"

"ဘယ်မှာလဲ"

"ရှေ့မှာ"

"ဟင် နွားပြေးမအုပ်ကြီးဟ၊ ဟော့ကောင် ပြန်လှည့် ပြန်လှည့်"

"ငါမကွေ့တတ်သေးဘူးကွ"

"ဟင် အမလေး အမေရဲ့ သားတော့ဘဝပျက်ပါပြီဗျ"

တက်ပုအမူးပြေသွားပြီး မျက်လုံးပါ ပြူးထွက်လာတယ်။

မပြူးခံနိုင်ရိုးလား၊ ရှေ့ကနွားမတစ်ကောင် နောက်ကိုပြေးလိုက်လာတဲ့ နွားထီးအုပ်ကလည်း အကောင်သုံးဆယ်လောက်ရှိတာကိုး။ ဆင်းပြေးမယ်လုပ်တော့ ပုဆိုးနဲ့ချည်ထားတော့ဆင်းမရ ဝဲကျော်သာ ကျစ်ကျစ်ပါအောင် ဖက်ထားပြီး

"လမ်းဘေးဆင်း လမ်းဘေးဆင်း"

တက်ပုအော်သံနဲ့ ဝဲကျော်လည်း လမ်းဘေးမောင်းချလိုက်တာ ဝုန်းဆိုတဲ့ အသံပဲကြားလိုက်ရတယ် ဆိုင်ကယ်ရှေ့ဘီးက မြောင်းထဲမှာ နှစ်ယောက်စလုံးက မြောင်းဟိုဘက်နှုတ်ခမ်းပေါ်မှာ ဖက်လျက်သားလေး။

တက်ပုဆိုတာ မနည်းနှာနှုတ်ယူလိုက်ရတယ်။ နောက်နှစ်ရက်လောက်ကြာတော့ တက်ပုအမေက ပုဆိုးကတစ်ကွင်း၊ အင်္ကျီက တစ်ထည်၊ ဘီစကွတ်မုန့်က တစ်ထုပ်နဲ့ ဝဲကျော်ဆီ ရောက်လာတယ်။

သူ့ခမျာ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင်ကျတယ်။

သူ့သားတက်ပုက အရက်ကို ရာသက်ပန်လျှသွားတဲ့အကြောင်း၊ အညှော်တွေပျောက်အောင် တောရကျောင်းမှာ သင်္ကန်းသွားဝတ်နေကြောင်း ဝဲကျော်ကို ကျေးဇူးတွေတင်လွန်းလို့ လာပေးတာတဲ့။

ခုဆို ရွာထဲမှာ မူးပြီးရမ်းတဲ့ကောင် တစ်ကောင်မှ မရှိတော့ဘူး။

ဘယ်ရှိမလဲ၊ ဝဲကျော်က အားတိုင်းအရက်ဆိုင်ရှေ့သွားချောင်းတယ်။

ဆိုင်ထဲမှာ လူတွေ့တာနဲ့ အိမ်ပြန်ဆိုင်ကယ်ယူတယ်။ သူ့ဆိုင်ကယ်သံကြားတာနဲ့ ခုနအရက်ဆိုင်ထဲကလူတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့တာပဲ။

အဲဒီနောက်ပိုင်း ရွာထဲကအရက်ဆိုင်တွေလည်း အရင်လိုမရောင်းရတော့ဘူး။

မနေနိုင်လို့ သောက်ချင်တဲ့ကောင်တွေလည်း အိမ်မှာ တိုးတိုးတိတ်တိတ် ခိုးသောက်ရတယ်။

တစ်ခါတလေ အိမ်ကမသိအောင် ခိုးသောက်တဲ့ကောင်တွေလည်း သူရာမေရိယကံအသာထားဦး။ အရက်မူးလာလို့ဝဲကျော်နဲ့တွေ့ရင် အရှင်လတ်လတ် ငရဲကျတာထက်ဆိုးမယ့်အဖြစ်ကိုသိလို့ ရပ်တန်းကရပ်ကုန်ကျပြီ။

တစ်နေ့တော့ ဝဲကျော်က မနက်စောစော အိမ်ရှေ့ကိုအထွက် ဘုန်းကြီးကျောင်းထဲက ထွက်လာတဲ့ ကိုယ်တော်တစ်ပါးကို မြူတွေကျနေတဲ့ကြားက လှမ်းမြင်လိုက်တာ

"ဟာ အာဂန္တုကိုယ်တော်"

ရွာကိုအလည်ကြွလာတဲ့ ကိုယ်တော်ပဲဖြစ်မယ်ထင်ပြီး တစ်နေရာရာကို ကြွမယ်ဆိုတာ သိလို့လှမ်းမြင်လိုက်တာနဲ့ နောက်က ပြေးလိုက်သွားတာ။

"ကိုယ်တော်ဘယ်ကြွမလို့လဲ၊ တပည့်တော်လိုက်ပို့ပေးမယ်ဘုရား"

ခပ်သွက်သွက်လျှောက်နေတဲ့ ကိုယ်တော်လေး အသံကြားလို့ လှည့်ကြည့်ပြီး။

"ဟင် ဝဲကျော်"

"ဟာ ဦးဥ္စင်းတက်ပု"

စျာန်ရတဲ့ ကိုယ်တော်တွေတောင် ဦးဇင်းတက်ပုလောက်မြန်မယ်မထင်ရဘူး။ ဖိနပ်နှစ်ဖက်ကို လက်ကကိုင်ပြီး ဦးဥ္စင်းတက်ပုရယ်လေ ပြေးတာ ပြေးတာဆိုတာ။ ။

### နှလုံးထီဒုက္ခ ဆင်ခြင်ကြ

တစ်ရက်နှစ်ကြိမ် ပေါ်လို့လာ
နှစ်လုံးထီရဲ့ ဒုက္ခပါ။
ဒုက္ခပေးတာ လူမသိ
ဆန်အိုးထဲမှာ ဆန်မရှိ။
ဆန်မရှိတော့ ခက်လှပြန်
ငွေရရှိရေး ကြိုးစားကြံ။
မှုမမှန်တဲ့ သတ္တိသွေး
လုယက်ခိုးဖို့ ဝန်မလေး။
တွက်ရေးချက်ရေး ဆိုဒ်အစုံ
ရှိသမျှကို အောလို့ပုံ။
နောက်ဆုံးတော့ကုန် သူမပေါက်
မိသားစုလိုက် ဒုက္ခရောက်။
ကြောက်စရာပါကွဲ့ သတိဆောင်
နှစ်လုံးထီဆို ဝေးဝေးရှောင်။
စည်းစိမ်ပြောင်မယ့် ထိုဒုက္ခ
နှစ်လုံးထီရဲ့ သံဝေဂ။
သူရောငါရော ဆင်ခြင်ကြ။ ။

ဖျာပုံမောင်သုည


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

## အောင်မြင်မှုအတွက် စာပေ

လမင်းခန့်(ပန်းပျိုးလက်)

လူတိုင်းအောင်မြင်မှုကို လိုချင်တပ်မက်ကြသည်သာ။ မိမိလုပ်ကိုင်နေသော နယ်ပယ်၌ နေရာတစ်ခုကို ရလိုကြသည်သာဖြစ်သည်။ အောင်မြင်မှုကို လိုချင်ကြသောသူများသော်လည်း တကယ်အောင်မြင်သွားသော လူအနည်းငယ်မျှလောက်သာရှိသည်။ ထိုအနည်းငယ်လောက်သော လူများ ဘာကြောင့် အောင်မြင်ကြသနည်း။ အောင်မြင်မှုကို အဘယ်သို့ ရှာဖွေကြသနည်း။ ကျွန်တော်တို့ လေ့လာကြည့်သင့်သည်။ အောင်မြင်နေသောသူတွေကိုကြည့်၍ အားကျနေရုံဖြင့် အောင်မြင်မှုက ကျွန်တော်တို့ဆီ ရောက်လာမည်မဟုတ်ပေ။ ကျွန်တော်တို့ကသာ ထိုအောင်မြင်မှုကို ရှာဖွေရမည်ဖြစ်သည်။ ထိုအောင်မြင်မှုများသည် အဘယ်မှာ ရှိမည်နည်း။

"အောင်မြင်သော လူမျိုးတိုင်းသည် စာဖတ်ကြ၍ စာဖတ်သော လူမျိုးတိုင်းသည် အောင်မြင်ကြသည်"ဟု ဦးသန့်က ဆိုဖူးသည်။ စာအုပ်စာပေနှင့်ပတ်သက်၍ မြန်မာစကားပုံပေါင်းများစွာ ရှိလေသည်။ မြန်မာစာပေလောကသည် ၁၉၈၀ ဝန်းကျင်၌ တကယ်ရွှေထီးဆောင်းခဲ့သော ကာလများပင်ဖြစ်သည်။ စာအုပ်တိုက်များ၊ မဂ္ဂဇင်းများ၊ သတင်းစာများ လှိုင်လှိုင်ထွက်ပြီး ရောင်းအားအကောင်းဆုံး ခေတ်ကာလတစ်ခုဖြစ်ခဲ့သည်။ ထိုရွှေအိုရောင်နေ့ရက်များသည် ယခုအခါ တဖြည်းဖြည်း ပျက်သုဉ်းလာခဲ့သည်။ မဂ္ဂဇင်းတိုက်များ ပိတ်ခြင်း၊ သတင်းစာများ ဆက်လက်မရပ်တည်နိုင်တော့ခြင်းများသည် ကျွန်တော်တို့ လူမျိုးများ၏ စာဖတ်အားနည်းမှုကို တဖြည်းဖြည်း သိသာလာစေသည်။ စင်ကာပူကို ကျော်ဖြတ်ဖို့ဆိုလျှင် အသိဉာဏ်ပညာပေါင်းများစွာ၊ ဗဟုသုတကြွယ်ဝမှုပေါင်းများစွာ လိုပေသည်။ ထို့ကြောင့် အောင်မြင်သော နိုင်ငံတစ်ခု၊ အောင်မြင်သော လူသားတစ်ယောက် ဖြစ်ပေါ်လာစေဖို့ စာပေသည် အဓိက အရေးကြီးလာခဲ့သည်။

ဗြိတိန် စာပေပညာရှင်တစ်ဦးကဆိုလျှင် "ယနေ့မြန်မာနိုင်ငံရဲ့ စာကြည့်တိုက်တွေကို ကြည့်ရုံနဲ့ ဒီလူမျိုးရဲ့ အခြေအနေနဲ့ အဆင့်အတန်းကို သိပါတယ်"လို့ ပြောကြားဖူးသည်။ ကျွန်တော်တို့နိုင်ငံ၏ အမျိုးသားစာကြည့်တိုက်များမှာ လွန်စွာအားနည်းလှသည်။ ထိုမှတင်မက တံခါးတွေဟာ အမြဲပိတ်ထားလေ့ရှိသည်။ အမြင့်တက်လိုလျှင် အမြင့်တက်သော လှေကားများကို သိမှဖြစ်မည်။ ထိုသို့မှမဟုတ်လျှင် အမြင့်ကိုမရောက်ဘဲ တဝဲဝဲလည် အောက်ထစ်က ရုန်းထွက်ပစ်ဖို့ရန် ခက်ခဲလွန်းနေမည်သာ။

### လျော့နည်းလာသော စာဖတ်အား

တိုးတက်နေသော နိုင်ငံတိုင်းတွင် သုတ၊ ရသ စာအုပ်များ သိန်းနှင့် သန်းနှင့်ချီပြီး ထုတ်လုပ်ရိုက်ဝေကာ ရောင်းချနေရသည်။ ထိုနိုင်ငံများတွင် ဉာဏ်ပညာကို အဓိကထားကြပြီး စာအုပ်စာပေကို ချစ်မြတ်နိုးကြသည်။ ကျွန်တော်တို့နိုင်ငံတွင်မူ စာအုပ်အုပ်ရေ နှစ်ထောင်ခန့်မျှပင် မကုန်ချင်။ နာမည်ရဆရာများ စာအုပ်တွေလောက်သာ ရောင်းထွက်သည်။ စာအုပ်များသည် လူတွေနှင့် အလှမ်းဝေးကွာလွန်းသွားပြန်သည်။ တန်ဖိုး ၁၅၀၀၊ ၂၀၀၀ ဝန်းကျင်ရှိသော စာအုပ်များ ရောင်းမကုန်သော်လည်း တန်ဖိုး ၂၅၀၀ မှ စသော 3D ရုပ်ရှင်လက်မှတ်များမှာ ပွဲစဉ်တိုင်း လက်မှတ်ကုန်၍ မှောင်ခိုကပင် ဝယ်ယူရသည်အထိ အခြေအနေဆိုးသည်။ အားလပ်ချိန်မရှိ၍ စာမဖတ်နိုင်ဟု ဖြေရှင်းချက်မျိုးတွေ ခေတ်စားလှသော်လည်း တကယ့်လက်တွေ့တွင် ပန်းခြံများ၊ ကစားကွင်းများမှာ လူတွေမြောက်မြားစွာ။ အချိန်တွေ ပေါလွန်းလှပေသည်။ ထိုအချိန်များကို စာအုပ်များအတွက် မပေးကြတော့။ တိုးတက်ချင်စိတ်ရှိပေမယ့် တကယ့်တိုးတက်ဖို့လမ်းကြောင်းကိုတော့ မရှာတော့။ ခပ်ပေ့ပေ့နေကာ မိမိဘဝကိုမိမိ လမ်းဘေးထဲ ဆွဲချနေကြသည်။ စာဖတ်ခြင်းသည် စိတ်ကို လိမ္မာယဉ်ကျေးစေသလို အသိဉာဏ်ခွန်အားကိုလည်း တိုးပွားစေသည်။ ပြောင်းလဲလာသော ခေတ်စနစ်အရ အနာဂတ်တွင် ကာယလုပ်သားများထက် ဉာဏလုပ်သားများသာ နေရာရဖွယ်ရှိသည်။ ထို့ကြောင့် "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်အတိုင်း ပညာဉာဏ်မြင့်မားစေဖို့ စာဖတ်ခြင်းကို အလေးဂရုပြုလုပ်ဆောင်ဖို့ လိုအပ်ပါသည်။ စာဖတ်အား မြင့်မားလာစေဖို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လက်ရှိ အခြေခံစည်းမျဉ်းများ ချမှတ်ကာ ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ အသိဉာဏ်ပညာ ဗဟုသုတစာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာပေဆိုင်ရာပွဲများနှင့် စာအုပ်အရောင်းပွဲတော်များ မြန်မာနိုင်ငံ မြို့အနှံ့အပြားတွင် လုပ်ဆောင်လာကြပေသည်။ သို့သော် စာအုပ်လောကအတွက်တော့ ကြီးကြီးမားမား အပြောင်းအလဲ မဖြစ်ခဲ့သလို လူငယ်တွေကြား စာဖတ်ခြင်း ယဉ်ကျေးမှု မထွန်းကားလာသေးပေ။ လူငယ်များအနေဖြင့် မိမိဘဝ တိုးတက်မှုအတွက် အမှန်တကယ်လိုအပ်နေသော စာဖတ်အားကို မြှင့်တင်ရန် လိုအပ်နေသလို ကလေးငယ်များကိုလည်း စာပေဗဟုသုတရစေရန်နှင့် စာပေကို ချစ်မြတ်နိုးတတ်စေရန် ငယ်စဉ်အရွယ်ကတည်းက အလေ့အကျင့် တစ်ခုဖြစ်အောင် လုပ်ကြရမည်။ ပညာရေးသည် ကလေးသူငယ်များအတွက် အဓိက လိုအပ်လှသော်လည်း ပြင်ပဗဟုသုတများသည် ကျောင်းဖတ်စာအုပ်များနှင့် မလုံလောက်ပေ။ ကျောင်းပညာရေး၌ ထိပ်တန်းဝင်နေသော်လည်း လက်တွေ့ လူမှုဘဝနှင့် အလှမ်းဝေးနေသော ကလေးများစွာရှိသည်။ ထိုသို့သော အခြေအနေသည် မိဘအပေါ်၌သာ များစွာတည်မှီနေလေသည်။ ထို့ကြောင့် ကျောင်းနေစဉ်အရွယ် ကလေးများကိုလည်း စာအုပ်စာပေနှင့် ရင်းနှီးရန် ပျိုးထောင်ပေးဖို့လိုအပ်သလို အမြို့မြို့အနယ်နယ်တိုင်းတွင် ကျောင်းစာကြည့်တိုက်များ၊ ရပ်ရွာစာကြည့်တိုက်များ ပေါ်ပေါက်လာရေး၊ စာအုပ်စာတမ်းပြည့်စုံရေးနှင့် တံခါးဖွင့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးတို့ကို နိုင်ငံတော်အနေနှင့် အလေးဂရုပြု၍ ဆောင်ရွက်မှ လျော့နည်းလာသော စာဖတ်အားများ တစ်စစ တိုးပွားလာပြီး အသိဉာဏ်ပညာဖွံ့ဖြိုးသော တိုင်းနိုင်ငံအဖြစ်သို့ စည်းစနစ်သေဝပ်စွာ တက်လှမ်းနိုင်မည်ဖြစ်သည်။

### အဆိပ်သင့်စာပေ ရှောင်ရှားကြစေ

အဆိပ်သင့်စာပေများသည် ယခုအခါ ပေါပေါလောလော ထွက်လာပြီဖြစ်သည်။ ကိုယ့်အကျိုးအမြတ်ကိုပဲကြည့်ရင်း ပြည်သူကို မငဲ့ကွက်သောခေတ်၌ စာဖတ်ခါစလူငယ်များသည် အဆိပ်သင့်စာပေများကို အဓိကထား၍ ရှောင်ရှားနိုင်ရမည်ဖြစ်သည်။ ဘာသာရေး၊ နိုင်ငံရေး မှိုင်းတိုက်စာပေများသည် အဆိပ်သင့်ကာ ဒုက္ခအလွန်ရောက်စေနိုင်သည်။ ထိုကဲ့သို့ စာပေများကို ရှောင်ရှားနိုင်မှသာ စာဖတ်ခြင်း၏ အရသာနှင့် အနှစ်တွေ့ရှိမည်ဖြစ်သည်။

အောင်မြင်ကြီးမြတ်မှုကို ရလိုလျှင် အောင်မြင်ကြီးမြတ်သော စာပေများကို မက်မက်မောမော ဖတ်ရမည်သာဖြစ်သည်။ စိတ်အပျင်းပြေ ဖတ်တာမျိုးမဟုတ်ဘဲ တကယ်စိတ်ပါဝင်စားစွာဖတ်မှသာ စာဖတ်ခြင်း၏အရသာကို သိရှိရမည်ဖြစ်သည်။ ထိုမှမဟုတ်ဘဲ စိတ်အပျော်ကိုလိုက်ကာ အချစ်အလွမ်းများ ခပ်ပေါပေါထည့်ထားသော စာအုပ်များနောက်လိုက်လွန်းနေလျှင် အချိန်ကို မိမိကိုယ်တိုင်ပင် ဖြုန်းတီးလိုက်သည်နှင့် လွန်စွာတူပေသည်။ အစားထိုးမရနိုင်သောအရာများတွင် မိဘနှင့် အချိန်သည် နံပါတ်စဉ် ထိပ်တန်း၌ချိတ်နေသည်။ ထိုသို့ တန်ဖိုးကြီးလှသော အချိန်မြောက်မြားစွာကို အလဟဿ ဖြုန်းတီးပစ်မိခြင်းသည် လွန်စွာ နှမြောဝမ်းနည်းစရာပင်ဖြစ်သည်။ အောင်မြင်မှု ဆာလောင်သူ အောင်မြင်အောင်စနစ်တကျ တွေးနိုင်သောစာပေမျိုးကို ရွေးချယ်ဖတ်ကာ အဆိပ်သင့်စာပေမျိုးကို ဝေးဝေးကရှောင်ရှားနိုင်မှသာ လက်တွေ့အောင်မြင်မှုကို ဖမ်းဆုပ်နိုင်မည် ဖြစ်သည်။

### အောင်မြင်သော ရွှေမြန်မာများ ဖြစ်ကြစေ

ရွှေမြန်မာလို့ဆိုလိုက်ရင် ပီတိဖြစ်ပေါ်လာသော ရင်တွင်းခံစားချက်သည် တုနိုင်းမဲ့လှသည်။ တစ်ခေတ်တစ်ခါ အာရှအကောင်းဆုံးတက္ကသိုလ်၊ လူတော်များမွေးဖွားရာနိုင်ငံ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကြီးမြတ်သောနိုင်ငံဟု ဆိုလိုက်လျှင် ရွှေမြန်မာဆိုသောအသံများ ညံနေပေသည်။ ယခုအခါမှာတော့ ရွှေမြန်မာများသည် ရွှေမှ ငွေ၊ ကြေးစသည်ဖြင့် တန်ဖိုးလျော့ကျလာကြပေသည်။ "ရေလိုက်လွဲသောငါး"ကဲ့သို့ ကျွန်တော်တို့သည် အောင်မြင်မှုနောက် ငွေကြေးစည်းစိမ်နောက်လိုက်ရင်း အောင်မြင်မှု၊ ငွေကြေးစည်းစိမ်တို့နှင့် ဝေးဝေးလာကြသည်။ လက်တွေ့ဘဝမှာ ကျရှုံးမှန်းမသိအောင် ကျရှုံးလာကြသည်။ အရှုံးများ ကြုံတွေ့လာလျှင် စနစ်တကျ ရင်မဆိုင်နိုင်တော့ပေ။ ထိုသည်ကား စာဖတ်ကျင့်နည်းလာလွန်း၍ မရင့်ကျက်ခြင်းဖြစ်သည်။ အသုံးမပြုသော ဓားသည် သံချေးတက်သကဲ့သို့ ဦးနှောက်များ သံချေးတက်လာခြင်းဖြစ်သည်။ လူဦးနှောက်သည် ဟားဗတ်တက္ကသိုလ်မှ စာကြည့်တိုက်ဖြစ်သည်။ နှစ်ပေါင်းများစွာ သက်တမ်းရှိသော စာကြည့်တိုက်တစ်ခုလုံးကို လူဦးနှောက်မှ မှတ်သားနိုင်သည်။ အသုံးချနိုင်သည်။ တိုးတက်ခေတ်မီသော နိုင်ငံများသည် စာဖတ်ခြင်း အလေ့အကျင့်ကိုပြုလုပ်ကာ လူဦးနှောက်များကို စာကြည့်တိုက်သဖွယ်ဖြစ်ပေါ်စေသည်။ ဝမ်းနည်းဖွယ်ကောင်းလွန်းသည်မှာ ကျွန်တော်တို့နိုင်ငံတွင်မူ လူဦးနှောက်သည် Calculator တစ်ခုလောက်သာ အလုပ်လုပ်နိုင်သည်။ စာများ မဖတ်ခြင်းသည် ဦးနှောက်အဆင့်အတန်းကို နိမ့်ကျစေသည်။ ဂဏန်းများကြားတွင်သာ ဦးနှောက်ကို အသုံးချနေကြသည်။ အမှန်စင်စစ် အခုထက် ကြီးမြတ်သောနေရာများတွင် ကျွန်တော်တို့ ဦးနှောက်များ အလုပ်လုပ်ကြရသဖြင့် အရည်အသွေး နိမ့်ကျလာခြင်းဖြစ်သည်။

တိုးတက်လာသည်နှင့်အမျှ လူများသည် တိုးတက်ရမည် မြင့်မားရမည်ဖြစ်သည်။ သို့သော် ထိုမြင့်မားမှုသည် အပေါ်ယံ ပကာသနခြယ်သထားသော ရွှေငွေဂုဏ်ဓနများမဟုတ်။ အသိဉာဏ်ပညာ မြင့်မားလွန်းလှသော ဦးနှောက်များဖြစ်ခြင်းသည် မြင့်မားခြင်းစစ်စစ်ဖြစ်သည်။ အသိဉာဏ်ပညာ မြင့်မားခြင်းမဟုတ်ပါက အမှန်တကယ်မြင့်မားခြင်းမျိုးမဟုတ်ပေ။ တစ်ခဏမျှ ကံတရားလှ၍ မြင့်မားခြင်းမျိုးသာဖြစ်သည်။ စီမံခန့်ခွဲခြင်း၊ ဖြစ်တည်မှုကို ထိန်းသိမ်းခြင်း အစရှိသော ကြီးမြတ်မှုတိုင်းသည် ဦးနှောက်၏ အလုပ်ဖြစ်သည်။ ထိုကဲ့သို့ အလုပ်မျိုးကို လုပ်ဆောင်နိုင်ရန် စာပေဗဟုသုတပြည့်ဝခြင်း၊ စာဖတ်နာခြင်း၊ အသိတရားကြွယ်ဝခြင်းတို့က ဖြစ်စေနိုင်သည်။စာမဖတ်သော လူသည် ထိုကဲ့သို့ ကြန်အင်လက္ခဏာမျိုးမရှိ။ အလွန်တရာမှ ဦးနှောက်ကို မသုံးချင်ဘဲ ခွန်အားတစ်ခုတည်းဖြင့်သာ ပင်ပန်းဆင်းရဲနေကြသည်။ ဦးနှောက်အသုံးမပြုခြင်းကြောင့် ရွှေမြန်မာများမှ ယခုအခါ ကြေး၊ သံအဆင့် ဖြစ်ကုန်လေသည်။ ဦးနှောက်အသုံးမချခြင်း အကြောင်းအရင်းသည် စာဖတ်နည်းခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် မိမိဘဝကိုသာမက နိုင်ငံနှင့်လူမျိုးပါ တိုးတက်စေနိုင်သော အလေ့အကျင့်ကို မွေးယူရင်း ရွှေမြန်မာအဖြစ်သို့ တက်လှမ်းကာ အောင်မြင်မှုအတွက် စာပေသည် လွန်စွာအရေးပါကြောင်း ပြောကြားရင်း အောင်မြင်မှုအတွက် စာဖတ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါသည်။ ။

ဆောင်းပါး

## စည်းကမ်းနှင့် အသိတရား

သီဟဆွေ

ကျွန်ုပ်တို့ လူမှန်းသိတတ်စ အရွယ်ကတည်းက စည်းကမ်းဆိုသောစကားကို ကြားဖူးကြပေလိမ့်မည်။ ကျောင်းမှာနေတော့ ကျောင်းစည်းကမ်း၊ အိမ်မှာနေတော့ အိမ်စည်းကမ်း၊ လမ်းပေါ်မှာ လမ်းလျှောက်နေတော့ လမ်းစည်းကမ်း စသည်ဖြင့် စည်းကမ်းအမျိုးမျိုး ရှိကြပေသည်။ ကျွန်ုပ်တို့ ပြန်လည်၍ စဉ်းစားသုံးသပ်သင့်သည်။ စည်းကမ်းသည် ကျွန်ုပ်တို့ ဘဝအတွက် မည်မျှ အရေးကြီးပါသနည်း။ ဤမေးခွန်းအတွက် အဖြေအမျိုးမျိုး ပေးကြပေလိမ့်မည်။ "ဤနေရာတွင် အမှိုက်မပစ်ရ ဒဏ်ငွေ ၁၀၀၀၀ိ/-" ဆိုသည့် စာတမ်းမျိုးကို တွေ့ဖူးမြင်ဖူးကြပေလိမ့်မည်။ သို့ပါသော်လည်း ထိုအနားတစ်ဝိုက်တွင် အမှိုက်များ ရှိနေတတ်ပေသည်။ ဤသည်မှာ စည်းကမ်းထုတ်ထားသော်လည်း စည်းကမ်းကို မလိုက်နာခြင်း တစ်နည်းအားဖြင့် လူလစ်ရင်လစ်သလို လုပ်တတ်ကြခြင်း၏ ပြယုဂ်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများတွင် ထိုသို့သော စာတမ်းကို တွေ့ရပေလိမ့်မည်မဟုတ်။ သို့ပါသော်လည်း အမှိုက်များလည်း ပုံနေမည်မဟုတ်ပေ။ အဘယ်ကြောင့် ဤသို့ဖြစ်နေရပါသနည်း။ ဤမေးခွန်းအတွက် အဖြေမှာ ရိုးရှင်းလှသည်။ ဤသို့သော နိုင်ငံများမှ နိုင်ငံသူ နိုင်ငံသားများတွင် အသိတရားပြည့်ဝနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အသိတရားသည် စည်းကမ်းထက်ပို၍ အရေးကြီးလှပေသည်။ သူတစ်ပါး သန့်ရှင်းသပ်ရပ်အောင် ပြုလုပ်ထားသောနေရာတွင် အမှိုက်မပစ်ခြင်း၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ သုံးထားကာ ဓာတ်ကြွင်းများကျန်နေသော သစ်သီးဝလံများကို ငါကြီးပွားရင်ပြီးရောဟု ဈေးကွက်တွင်ရောင်းခြင်း၊ ငါကြီးပွားရင်ပြီးရောဟုဆိုကာ သစ်ပင်များကို မတော်မတရား ခုတ်ပစ်ခြင်းများ စသည့် ကိစ္စများသည် အသိတရားခေါင်းပါးမှုကြောင့် ဖြစ်ပေါ်လာကြသည့် ကိစ္စများဖြစ်သည်။

အသိတရားဟူသည် မိုးကျရွှေကိုယ်တော့မဟုတ်ပေ။ စနစ်တကျ အချိန်ယူတည်ဆောက်ရသောအရာဖြစ်ပေသည်။ ယနေ့ ဖွံ့ဖြိုးတိုးတက်ပြီး အသိတရား ပြည့်ဝနေသော နိုင်ငံများမှာလည်း တစ်ချိန်က အသိတရားရှိကြဖို့ စနစ်တကျ တည်ဆောက်ယူခဲ့ကြရပေသည်။ "ခွေးကြီးမှ လက်ပေးသင်လို့မရ"ဟူသော စကားပုံရှိသည်နှင့်အညီ အသိတရားရှိကြဖို့ ငယ်စဉ်ကလေးဘဝကစကာ ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ ကျောင်းများတွင် လောကနီတိ၊ ပြည်သူ့နီတိ စသည့် အသိတရားတိုးပွားရေးအတွက် သင်ရိုးများဆွဲကာ တိတိကျကျ သင်ကြားသင့်ပေသည်။ သို့ပါမှသာ ဒီကလေးများ အသက်အရွယ်ကြီးလာသောအခါ အသိတရားပြည့်ဝသော လူကြီးများဖြစ်လာကြမည်ဖြစ်သည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော စကားအရ ယနေ့ခေတ်လူငယ်များသည် နောင်တိုင်းပြည်၏ အနာဂတ်မျှော်လင့်ချက်များဖြစ်ပေသည်။

ကလေးကောင်းမှ လူငယ်ကောင်းမယ်၊ လူငယ်ကောင်းမှ လူကြီးကောင်းမယ် ဟူသော စကားအရ ကလေးဘဝကတည်းက အစကောင်းခဲ့ပါမှ လူကြီးဘဝတွင် အနှောင်းသေချာမည် ဖြစ်သည်။ ကလေးဘဝကတည်းက စည်းကမ်းကိုသာ အလေးထားကာ အသိတရားတိုးပွားရေးအတွက် မပြုလုပ်ခဲ့ပါက နောင်အခါ တိုင်းပြည်အတွက် နစ်နာစရာရှိပေသည်။ ဘတ်စ်ကားပေါ်တွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များကို နေရာဖယ်ပေးခြင်းသည် အသိတရားရင့်သန်မှုကြောင့်သာဖြစ်နိုင်ပြီး ဤသို့ ဖယ်ပေးရမည်ဟု စည်းကမ်းများထုတ်၍ မထားပေ။ ထိုနည်းတူစွာ အမျိုးသမီးများအား ဦးစားပေးရမည်ဟူသည်မှာလည်း စည်းကမ်းထုတ်ထားခြင်းမဟုတ်ဘဲ အသိတရားဖြင့်သာ စောင့်ရှောက်ကာကွယ် ဦးစားပေးကြခြင်းဖြစ်ပေသည်။

ဤကဲ့သို့သော နေ့စဉ် လူနေမှုဘဝတွင် အသိတရားရင့်သန်မှုသည် အမှန်တကယ်ပင် လိုအပ်လှပေသည်။ တစ်ဖန် အသိတရားနှင့် စည်းကမ်းသည် ဘယ်ခြေထောက်နှင့် ညာခြေထောက်ကဲ့သို့ ဖြစ်သည်။ လူတစ်ယောက်ရှေ့ကိုရောက်ဖို့ ဘယ်ခြေထောက်နှင့် ညာခြေထောက်ကို ဟန်ချက်ညီအောင် ရွှေ့ပါမှ လိုရာခရီးကို ရောက်နိုင်ပေမည်။ ခြေထောက်တစ်ဖက်တည်းသာ လှမ်းနေပါလျှင်တော့ ရှေ့သို့ ရောက်နိုင်မည်မဟုတ်ပေ။ ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်း လျှောက်လှမ်းနေပြီဖြစ်သည်။

ဤကဲ့သို့ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းရာတွင် ဘယ်ခြေထောက်ရော ညာခြေထောက်ပါ ဟန်ချက်ညီညီ လျှောက်လှမ်းပါမှ လိုရာခရီးကို အချိန်မြန်မြန်နှင့် ရောက်နိုင်မည်ဖြစ်သည်။ စည်းကမ်းတစ်ခုတည်းသာ ကောင်းအောင်ကြိုးစားပြီး အသိတရား တိုးတက်ရေးကို ဘေးဖယ်ထားပါက အသိတရားတိုးပွားမှုများ ဆုတ်ယုတ်ကာ စည်းကမ်းမလိုက်နာသူများ ရှိလာပါက တိုင်းပြည် ရေတိမ်တွင်နစ်ရမည်ဖြစ်သည်။ ဤကဲ့သို့ ရေတိမ်နစ်ခြင်းမှ ကာကွယ်ရန် အသိတရား တိုးပွားရင့်သန်အောင် ပြုလုပ်သင့်သည်။ ထိုသို့ ပြုလုပ်ရာတွင်လည်း ကလေးဘဝကတည်းက အချိန်ယူကာ တည်ဆောက်သင့်ကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

### မဟာသမယ ငြိမ်းချမ်းရေးနေ့

လပြည့်နယုန် ဤကာလမှာ
ညီညာကြဖို့ ဟောခဲ့ပေ။
ကောလိယခေါ် ကပိလတို့
အသိရလို့ စစ်ငြိမ်းပြေ။
တစ်ဖက်နစ်ရာ ငါးဆယ်ထားလို့
ငါးရာရဟန်း ပြုခဲ့လေ။
ရဟန္တာကျော် ငါးရာဖူးဖို့
များစွာနတ်မျိုး စုရုံးနေ။
နတ်ပြဟ္မာစုံ အမည်များကို
ဘုရားနှုတ်ဆက် ခေါ်ခဲ့ပေ။
နတ်ပြဟ္မာစုံ နာမာသလို့
မဟာသမယ ခေါ်သလေ။
လပြည့်နယုန် စိတ်ဝမ်းအေးလို့
ငြိမ်းချမ်းရေးနေ့ မှတ်ကြလေ။
မှတ်လေ မှတ်လေ။

သာကီနွယ် နတ်မောက်

ဝတ္ထုတို

# နောင်ရိုး(ကန့်ဘလူ)

"ဆရာ . . သမီး ပိုက်ဆံပျောက်သွားလို့"။

နေ့လယ် ထမင်းစားကျောင်းဆင်းခါနီး သင်္ချာပုစ္ဆာအဖြေများကို သူ့ထက်ငါ အလုအယက်လာရောက်ပြနေကြသည့် ကျောင်းသူကျောင်းသားအများစုကြားမှ ထွက်ပေါ်လာသည့် "ခိုင်ဇင်မြင့်"၏အသံ။

ခက်ချေပြီ။ ကျောင်းသူ ကျောင်းသားများက သင်္ချာပုစ္ဆာများကိုတွက်၍ လာပြသူပြ၊ မှားသူက ပြန်တွက်၊ ပြန်လာပြနဲ့ ကျောင်းဆင်းခါနီးရုတ်ရုတ်သဲသဲဖြစ်နေချိန်မှာမှ ပိုက်ဆံပျောက်လေသည်။

ကျွန်တော့် ပဥ္စမတန်း၌ အားလုံး ကျောင်းသား ၂၅ ယောက်သာရှိသည်။

"သမီး. . . ဘယ်အချိန်က ပျောက်တာလဲ---" "ဆရာ. . . သင်္ချာချိန် စသင်တော့ကို ရှိသေး တယ်ဆရာ၊ သမီးက ကွန်ပါဘူးအောက်ဆုံးမှာ ထည့်ထားတာ၊ ဆရာ့ဆီသင်္ချာလာပြနေတာနဲ့ ကွန်ပါဘူးကို ခုံပေါ်မှာ တင်ထားခဲ့မိတာ၊ ခုကြည့်တော့ မရှိတော့ဘူး ဆရာ"

"ကဲ ---တပည့်တို့ ကိုယ့်နေရာကိုယ်ထိုင်မယ်"

ဒါဟာ လွယ်လွယ်ကူကူနဲ့ ယူလို့ရတာကြောင့် ယူလိုက်ခြင်းဖြစ်ပေမည်။ လွယ်လွယ်ရလျှင် သူကြွယ်တောင် ခိုးသည်မို့ အပြစ်လုပ်သော ကလေးကိုလည်း အပြစ်မတင်လိုပေ။

နောက်ပြီး ကျောင်းဆင်းခါနီးအချိန်ဆိုတော့ ယူတဲ့သူဟာ သူ့အတွက် လွတ်နိုင်ချေလမ်းရှိသည်ဟု ကလေးအတွေးဖြင့် ထင်ထားပုံရပေသည်။

"အားလုံး မင်းတို့ကြားကြတဲ့အတိုင်းပဲ၊ မင်းတို့သူငယ်ချင်း ခိုင်ဇင်မြင့်က ပိုက်ဆံပျောက်လို့တဲ့ ၊ ဘယ်သူယူလဲလို့ ဆရာမမေးတော့ဘူး ၊ ခိုင်ဇင်မြင့်မှာ ပိုက်ဆံပါလာတယ်ဆိုတာ ဘယ်သူသိလဲ၊ သူပိုက်ဆံပါလာတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ ၊ကျွန်တော်သိပါတယ် ဆရာ၊ တစ်ထောင်တန်တစ်ရွက်ပါ"

ကျော်နှင်းစိုးက ဟုတ်ကြောင်း ထ၍ထောက်ခံသည်။

"ခိုင်ဇင်မြင့် ပိုက်ဆံပါတယ်ဆရာ၊ သမီးလဲသိတယ်" ဇေဇေမာကလည်း သက်သေခံသည်။

"ကဲ ဟုတ်ပြီ----၊ ခိုင်ဇင်မြင့် ပိုက်ဆံပါတာသေချာရင် ဆရာက ရှာပေးရတော့မယ်၊ ဒါပေမယ့် ဆရာ မင်းတို့အိတ်တွေကို မရှာဘူး၊ မင်းတို့ စိတ်တွေကိုရှာမယ် ၊ ဗလာစာရွက်တစ်ရွက်စီ ဖြုတ်လိုက်ကြစမ်း ၊ ပြီးရင် ခဲတံထုတ်" ကျွန်တော် တစ်တန်းလုံးကို မျက်လုံးဝိုက်ပြီးကစားလျက် စကားဆိုလိုက်သည်။

"ကဲ အခု အားလုံး ဘောလုံးကွင်းထဲကိုထွက်၊ တစ်ယောက် တစ်နေရာစီခွဲပြီးတော့ ပိုက်ဆံယူတယ်လို့ မင်းတို့ထင်တဲ့ လူရဲ့ နာမည်ကို ချရေးခဲ့၊ နာမည်ကို ကိုယ်ထင်တဲ့လူ တစ်ယောက်ပဲ ရေးရမယ်နော်၊ ပြီးရင် ဆရာ့ကို လာပေး "

ကျောင်းသားများအားလုံး ဘောလုံးကွင်းဘက် ထွက်သွားကြသည်။

ထို့နောက် ပိုက်ဆံယူတယ်လို့ သူတို့ထင်တဲ့လူရဲ့နာမည်ကိုရေးပြီး ကျွန်တော့်ဆီ လာပေးကြသည်။

ယခုမှပင် ကျွန်တော့်ရဲ့ ပိုက်ဆံပျောက်ရှာပုံတော် စစ်ဆင်ရေးကို စတင်ရတော့သည်။

"ကဲ၊ အခု ဆရာ့လက်ထဲမှာ ပိုက်ဆံယူတဲ့ လူရဲ့နာမည်ရှိနေပြီ"

"ကဲ၊ အခု ဇေဇေမာ ဆရာနဲ့ ရုံးခန်းထဲကို လိုက်ခဲ့" ကျွန်တော် ဇေဇေမာ့ကို ရုံးခန်းထဲသို့ ခေါ်သွားလိုက်သည်။

ဇေဇေမာ့ခမျာ မျက်လုံးလေးကြောင်တောင်တောင်နှင့် ကျွန်တော့်နောက်မှ လိုက်လာပေသည်။

ရုံးခန်းထဲရောက်တော့ ကျွန်တော် ဇေဇေမာ့ကို စတင်စစ်တော့သည်။

"ကဲ ---သမီး ဇေဇေမာ၊ သမီးသူငယ်ချင်းတွေက သမီးနာမည်ကို ရေးကြတယ်၊ သူတို့က သမီးယူတယ်တဲ့၊ ဘယ်လိုလုပ်မလဲ၊ သမီးယူတယ်ဆိုတာ သူတို့အားလုံးသိနေတယ်၊ ယူထားရင် ဆရာ့ဆီပြန်အပ်ပါ၊ ဆရာမရိုက်ဘူး၊ မဆူဘူး၊ ပြီးရင် အဲဒီပိုက်ဆံကို သမီးဆီကရတာမဟုတ်ဘူးလို့ သူတို့ကိုဆရာပြောပေးမယ်၊ ခုတော့ --ကျန်တဲ့လူအားလုံးက သမီးယူတယ်လို့ ရေးထားကြတယ်"

"ဆရာ ---သမီး မယူပါဘူးဆရာ ---သမီးတကယ်မယူပါဘူး ---ကျိန်ဆိုကျိန်ပါ့မယ်ဆရာ"

ဇေဇေမာက ရှင်းပြသည်။ သူမဟုတ်ကြောင်းငြင်းသည်။

အမှန်တကယ်လည်း ဇေဇေမာမဟုတ်ပေ။

"ကဲ ဆရာက စတာပါ၊ သမီးမဟုတ်ဘူးဆိုတာ ဆရာသိပါတယ်၊ နှင်းအိခိုင်ကို ဆရာ့ဆီလွှတ်လိုက်၊ အခန်းထဲရောက်ရင် ဘာမှမပြောနဲ့"

နှင်းအိခိုင် ရောက်လာသည်။

ဇေဇေမာကဲ့သို့ဖြစ်သည်။

မြတ်သက်မွန်ကို လွှတ်ခိုင်းပြန်သည်။

ဤသို့ဖြင့် တစ်ယောက်ပြန်လွှတ်တစ်ယောက်ခေါ်နည်းဖြင့် စစ်နေရင်း ယောက်ျားလေးတွေအလှည့်သို့ ရောက်လာခဲ့သည်။

၂၃ ယောက်မြောက် ကျော်ရဲအောင်အလှည့်တွင်တော့ ---။

"ကဲ ---ငါ့တပည့် ---ဆရာ့ကို ကြောက်စရာမလိုဘူး၊ သူတို့အားလုံးက စာရွက်ပေါ်မှာ မင်း နာမည်ပဲ ရေးထားကြတယ်၊ ငါ့တပည့်ယူတယ်ဆိုတာ ဆရာမသိပေမယ့် သူတို့အားလုံးက သိနေကြတယ်၊ ဘယ်လိုလုပ်ကြမလဲ၊ သူငယ်ချင်းတွေက မင်းကို ပိုက်ဆံယူတဲ့လူလို့ ထင်နေတာကို ခံချင်သလား၊ ဒါမှမဟုတ် မင်းမဟုတ်ဘူးဆိုတာကို သက်သေပြချင်လား၊ မင်းပိုက်ဆံပြန်အပ်မယ် ဆိုရင်တော့ မင်းယူတာမဟုတ်ဘူးလို့ ဆရာ မင်းဘက်ကနေလိုက်ပြီး သူတို့ကို ပြောမယ်၊ ဘယ်လိုလဲ"

"ဆရာ့ စားပွဲပေါ်က မြေဖြူဘူးအောက်မှာ လေ့ကျင့်ခန်းလာပြရင်း မသိမသာနဲ့ကျွန်တော်ဝှက်ထားခဲ့ပါတယ်ဆရာ၊ ကွန်ပါဘူးက ပွင့်နေပြီး ပိုက်ဆံကို လွယ်လွယ်တွေ့လို့ ကျွန်တော်ယူမိပါတယ်ဆရာ ၊ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

"အေး ----အေး၊ ဟုတ်ပြီ ---ကိုယ့်နေရာကို ပြန်ထိုင်၊ ဘယ်သူ့မှ ဘာမှ မပြောနဲ့၊ သွားတော့ ---ဝေယံဦးကို လွှတ်လိုက်"

ဤသို့ဖြင့် ကျွန်တော် ၂၅ ယောက်စလုံးကို ဟန်မပျက် စစ်လိုက်သည်။

ထို့နောက် အတန်းထဲသို့ ပြန်သွားပြီး ကျွန်တော့် စားပွဲပေါ်ရှိ မြေဖြူဘူးအောက်မှ ခိုင်ဇင်မြင့်၏ ပိုက်ဆံတစ်ထောင်ကို ခပ်တည်တည်နဲ့ ယူပေးလိုက်သည်။

နောက်ပြီး ---အားလုံးကို ပြောပြလိုက်သည်။

"တပည့်တို့အတန်းကိုသင်ရတာ ဆရာ သိပ်ပျော်တာပဲ ---ဘာလို့လဲ သိလား၊ ဆရာ့အတန်းထဲမှာ သူတစ်ပါးပစ္စည်းကို မသိအောင် ယူတဲ့လူမရှိလို့ဘဲ၊ ပြီးတော့ ----ငါ့တပည့်တွေက သူငယ်ချင်း အချင်းချင်း သိပ်ချစ်ကြတယ်၊ သိပ်ခင်ကြတယ်၊ စည်းလုံးကြတယ်၊ ဆရာ့ဆီကို လာပေးတဲ့စာရွက်တွေပေါ်မှာ ဘယ်သူမှ နာမည်ရေးမလာကြဘူး၊

"ဒါဟာ ----ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ အဲဒီလို ယူတဲ့လူမရှိဘူးလို့ ဆရာ့ကို သက်သေပြတာပဲ၊ ကျွန်တော့် သူငယ်ချင်းတွေဟာ အဲဒီလိုမယူတတ်၊ မခိုးတတ်ဘူးလို့ မင်းတို့ သက်သေပြလိုက်တာပဲ"

ကျွန်တော် မုသားစကားများသုံးလိုက်သည်။

အကယ်၍ ဘယ်သူက ဘယ်သူ့နာမည် ရေးတယ်ဆိုတာသာ သူတို့သိလျှင် ငါ့ကို ထင်ရကောင်းလားဟု စိတ်ဝမ်းကွဲကြပေမည်။

"တကယ်တော့ ----အဲဒီပိုက်ဆံကို ဆရာယူထားတာ၊ မင်းတို့ရဲ့ သူငယ်ချင်းသံယောဇဉ်တွေ၊ အချင်းချင်း ချစ်တဲ့စိတ်တွေကို သိချင်လို့၊ နောက်ပြီး သမီးခိုင်ဇင်မြင့်နဲ့အတူ အားလုံးကို သတိပေးချင်လို့၊ ရွှေငွေဥစ္စာဆိုတာ ဘယ်တော့မှ အလွယ်မထားရဘူးဆိုတာ သိစေချင်လို့၊ ဟုတ်ပြီလား------"

ကျွန်တော့်ရဲ့မုသားစကားတွေကိုကြားရသောအခါ သူတို့မျက်နှာများ ဝင်းပလာကြသည်။

"ဟင်-----ဟာ"ဟူသော စကားများစွာနှင့် စိတ်သက်သာရာ ရသွားကြသည်။

သူတို့ရေးထားသော စာရွက်ပေါ်မှ သူငယ်ချင်းကို တောင်းပန်သည့်အကြည့်နှင့် ကြည့်နေကြသည်။

ဘာမှတော့မပြောကြ။

ထိုစဉ် နေ့လယ်ထမင်းစားနားသည့် ခေါင်းလောင်းသံကို ကြားရသည်။

ကလေးများအားလုံးနှုတ်ဆက်လိုက်သည့် "မင်္ဂလာပါ ဆရာကြီး ----ကျေးဇူးတင်ပါတယ် ---ဆရာကြီး"ဟူသောအသံများကြားဝယ် ကျွန်တော့် မုသားချိုချိုများ လွင့်မျောသွားတော့သည်။

သို့သော် ---"ကျေးဇူးတင်ပါတယ် ---ဆရာကြီး"ဟူသော စကားကို အကျယ်ဆုံးအော်ဟစ်နှုတ်ဆက်လိုက်သူမှာ "ကျော်ရဲအောင်" ဖြစ်ကြောင်းကိုတော့ သူတို့တစ်တန်းလုံး မသိလိုက်ကြရှာပါပေ။ ။



## ရွှေမိုးကြိုဆိုပွဲ

ကိုရွှေဖားက "အုံအင်အင်"
အော်မြည်တွင်းဝဝင်။
ဖိုးဖိုးသိကြား သိစေအား
သတင်းသူကပါး။
ကိုရွှေဖားကို ကျေးဇူးတင်
ဦးကြီးထွန်ရေးငင်။
ရေကူးလျှင်တဲ့ ကိုရွှေဖား
ရှင်မြူးဆော့ကစား။
ကိုရွှေဖားနှင့် သံပြိုင်ကွယ်
ကောက်စိုက်သမငယ်။
သီကျူးတေးသွယ် အပြိုင်နွှဲ
ရွှေမိုးကြိုဆိုပွဲ ။

ပန်းပျိုးအိမ် (ကျိုက်လတ်)

## ဝလုံးလှလှရေးကြမယ်

- ဝလုံးကလေးချစ်စဖွယ်
ဝိုင်းအောင်ရေးကြမယ်၊
လပြည့်ဝန်းနှယ်ပမာထား
ညီညာဝိုင်းစေသား။
- အောက်နားဆီကစကာရယ်
လက်ယာဘက်သို့ကွယ်၊
နာရီလက်တံလည်ပုံလေး
မှတ်သားကြည့်ကာရေး။
- တစ်လုံးရေးပြီးနားမနေ
ထပ်ကာထပ်ကာလေ၊
ဝလုံးလေးတွေများများရေး
သားသားမီးမီးတို့လက်ရေး
ဝိုင်းဝိုင်းစက်စက်လေး။

အောင်မြင့်(ချင်းတွင်း)

## ယဉ်ကျေးသူလေး

နေရောင်ခြည်လေး လင်းလာရင်
ကျောင်းသွားဖို့ကိုပြင်။
ဖြူစိမ်းဝတ်ဆင် ခြယ်ကာသ
မီးမီး သိပ်သိပ်လှ။
လက်ပြနှုတ်ဆက် ပျော်ရွှင်စွာ
မေမေကြီးကိုပါ။
လမ်းမပေါ်မှာ သတိထား
တည်တည်ငြိမ်ငြိမ် သွား။
ဘိုးဘိုးဘွားဘွား တုန်တုန်ယင်
မီးမီး ကူညီချင်။
တွေ့မြင်ရသူ နလုံးအေး
မီးမီး အပြုံးပေး။
ယဉ်ယဉ်ကျေးကျေး ဖော်ရွေစွာ
နှုတ်ခွန်းဆက်သမှာ။
"မင်္ဂလာပါ" "မင်္ဂလာပါ"

သူရိန်လင်း(မြန်မာစာ)

## အနာဂတ်မီးအိမ်

မိုးဦးရာသီ ရောက်ခဲ့ပြီ
ဖားလေးအော်နေသည်။
မှုန်ရီပြာ မိုးငွေလောင်း
သိပ်ပြီးပျော်ဖို့ကောင်း။

ဖြူစိမ်းလေးနဲ့ကျောင်းတက်ချင်
စာပေတတ်ဖို့ပင်။
ဖော်စုံညီ လက်တွေတွဲ
ကျောင်းလွယ်အိတ်ကိုဆွဲ။

ပညာတတ်လျှင် တစ်နေ့တွင်
ခေါင်းဆောင် ဖြစ်ဖို့ပြင်။
စိတ်ဖြူစင် ရိုးသားမှ
နောင်ကောင်းစားမယ်ပ ။

မောင်တို့မယ်တို့ ကလေးရွယ်
စာကိုကြိုးစားမယ်။
ပညာနယ် အညွန့်ဖူး
မြန်ပြည်ဂုဏ်ရောင်ထူး။

ရည်စူးငယ်(ပုသိမ်)

ဆောင်းပါး

# စည်းရိုးပြင်ထားကြစို့

နန္ဒမန်းကြယ်(တွင်းငယ်)

စည်းရိုးဟုဆိုလိုက်သည်နှင့် လူအများ၏အတွေးထဲတွင် အိမ်ခြံစည်းရိုးကို ပထမဆုံးပြေးမြင်မိကြပေလိမ့်မည်။ ထိုအမြင်ကား မှန်ပါ၏။လူများသည် မိမိနှင့်အနီးစပ်ဆုံးရှိသည့်အရာကို သတိထားမိကြသည်ကား ဓမ္မတာပင်ဖြစ်သည်မဟုတ်လော။ ထို့အတူ ရွာတွင် ရွာစည်းရိုး၊ မြို့တွင် မြို့စည်းရိုးနှင့် နိုင်ငံတွင်လည်း နိုင်ငံစည်းရိုးဟူ၍ သတ်မှတ်ချက် အသီးသီးရှိပါသည်။ ဆိုချင်သည်ကား အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ၊ မြို့၌ဖြစ်စေ၊ နိုင်ငံ၌ဖြစ်စေ စည်းရိုးများရှိကြပါသည်။ထိုအရာကို ကမ္ဘာ့မြေပုံတွင် ကြည့်လျှင်သိနိုင်ပါသည်။ နယ်နိမိတ်သတ်မှတ်သည့် အနားသတ်စည်းများကို တွေ့ရပေလိမ့်မည်။ စည်းရိုး၏အဓိပ္ပာယ်ကိုလည်း မြန်မာအဘိဓာန်တွင် "အိမ်မြေ၊ ယာမြေ စသည်တို့ကို သတ်မှတ်ထားသော အကာအရံ၊ စည်းတန်း" ဟူ၍ ဖွင့်ဆိုထားပါသည်။ စည်းရိုးထားရှိခြင်းမှာ မိမိတို့ပိုင်ဆိုင်သော အိမ်မြေ၊ ယာမြေများကို တစ်ပါးသူများ လွယ်ကူစွာ မကျူးကျော်နိုင်စေရန် သတ်မှတ်ထားသည့် အကာအရံဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံအတွက်လည်း နိုင်ငံစည်းရိုးသည် အရေးကြီးပေသည်။ ထို့ကြောင့်လည်း မိမိတို့ပိုင်သည့် မြေယာအတွင်း ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်၍ မရအောင် စည်းရိုး၊ စည်းတန်းများကို ကာရံသတ်မှတ်ထားကြခြင်းဖြစ်လေသည်။တံခါးမရှိသောအိမ်ကို မည်သူမဆို လွယ်ကူစွာဝင်ရောက်နိုင်သည့်အတွက် အန္တရာယ်အလွန်များလှသည်။ စည်းရိုးမရှိသော အိမ်သည်လည်း ထိုသို့ပင် ဖြစ်လေသည်။ စည်းရိုးမရှိ၍ ကြုံရသောအဖြစ်အပျက်ကို အနည်းငယ်တင်ပြလိုပါ၏။ ကျွန်တော်တို့ အိမ်သည် ရွာအဝင် လမ်းဘေးတွင်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် စည်းရိုးမလုပ်နိုင်သေးပေ။ ထို့ကြောင့် ရွာထဲမှ စားကျက်သို့ လွှတ်လိုက်သော ကျွဲအုပ်များ၊ နွားအုပ်များသည် ကျွန်တော်တို့ ခြံအတွင်းသို့ ဝင်ထွက်သွားလာကြသည်။ စည်းရိုးမရှိ၍ ဝင်ချင်သည့်နေရာက ဝင်လာကြသည်။ ထို့နောက် ထွက်ချင်သည့်နေရာမှ ထွက်ကြပြန်သည်။ တိရစ္ဆာန်ပီပီ လမ်းရှိရဲ့သားနှင့် ဟိုဝင်သည်ထွက်လုပ်ကာ ခြံအတွင်းမှ ဖြတ်သွားကြသည်။ ထို့ကြောင့် ခြံအတွင်း၌ စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် ပန်းပင်များ ပျက်စီးကြရသည်။

ထို့အပြင် အိမ်ခြံတွင်း၌ လူများ တစ်ယောက်စ၊ နှစ်ယောက်စ ဖြတ်သန်းသွားလာကြသည်ကို လည်း မပြောမိ၍ "တစ်ယောက်မှ တစ်ရာ" ဆိုသကဲ့သို့ လမ်းပမာ ဖြတ်သန်းသွားလာကြတော့သည်။ "အစရှိ အနောင်နှောင်" ဖြစ်ကာ ပြော၍မရ ထိန်း၍မနိုင် ဖြစ်ရတော့သည်။ ထိုအချိန်မှ မည်သူမျှဖြတ်မသွားရဟူသော စာတန်းကို ချိတ်ဆွဲလျှင်လည်း မည်သူမျှ မလိုက်နာကြတော့ပေ။ ညအချိန်၌ပင် ဖြတ်သန်းသွားလာကြသည့်အတွက် လုံခြုံမှုမရှိသည်ဟု ခံစားလာရသည်။ အကြောင်းမှာ လူအများအတင့်ရဲကာ ဖြတ်သန်းကြသည်မှာ စည်းရိုးမရှိ၍ဟု တွေးမိလိုက်တော့သည်။ အိမ်တစ်အိမ်၌ စည်းရိုးမရှိသည်ကား အသေးအဖွဲကိစ္စဟု ထင်ရသော်လည်း လေးလေးနက်နက်တွေးကြည့်လျှင် အန္တရာယ်များလှပေသည်။ ယခုတင်ပြသည့်အကြောင်းမှာ သာမန်မျှသာ ရှိသေး၏။ လမ်းဘေးအိမ်အချို့ဆိုလျှင် စည်းရိုးမရှိ တံခါးမရှိ ဓားမရှိ သည့်အတွက် အနုကြမ်းစီးခံရသည်အထိ ဖြစ်ရသည်ကို တွေ့ကြုံဖူးပါသည်။ ထို့ကြောင့် အိမ်တွင် အိမ်ခြံစည်းရိုး၊ ရွာတွင်လည်း ရွာစည်းရိုး၊ မြို့တွင်လည်း မြို့စည်းရိုး၊ နိုင်ငံတွင်လည်း နိုင်ငံစည်းရိုး ကောင်းစွာရှိဖို့လိုပေသည်။ ထိုစည်းရိုးများသည်လည်း ခိုင်ဖို့ခံ့ဖို့ လိုပါသည်။ သို့မှသာ မိမိခြံအတွင်း၊ မိမိမြေအတွင်း လုံခြုံစိတ်ချစွာနေနိုင်ပေမည်။ ဤနေရာတွင် မိမိခြံနှင့်မိမိနေသည့်အတွက် အဘယ်ကြောင့် စည်းရိုးလိုသနည်းဟု မေးဖွယ်ရာရှိ၏။ စည်းရိုးလိုအပ်သည့်အကြောင်းမှာ ယနေ့တွင် အချို့လူများသည် ခိုးဆိုးလုနိုက်လုပ်နေကြသည်။ အချို့လူများသည် မိမိမြေမဟုတ်ဘဲ ကျူးကျော်နေချင်ကြသေးသည်။ ခွင့်ပြုချက်မရှိဘဲ ဖြတ်သန်းသွားလာချင်သေးသည် မဟုတ်လော။ ထိုအကြောင်းနှင့် ပတ်သက်၍ ဆရာဇော်ဂျီ၏ ညီသစ်ဆင်းကဗျာစုထဲမှ ပြည်ချစ်အလှကဗျာတွင် "ကျားဆိုးမဝင်၊ စည်းရိုးပြင်လော့၊ ဆင်ခြင်သတိ၊ အစောင့်ရှိလော့၊ ကျား၏ပရိယာယ်၊ အလွန်ကြွယ်သည်၊ အစွယ်ကောင်းနှင့် အခြောက်နှင့်" ဟူ၍ ရေးဖွဲ့ထားပါသည်။ ကဗျာကို လွန်စွာသဘောကျမိသည်။ ဆရာက မိမိနိုင်ငံအရေး ကြိုတွေးထားသည်။ ထို့ကြောင့် မဖြစ်လာသေးသော်လည်း ဖြစ်လာမည့်အရေးကို ကြိုတွေးသင့်သည်ဟု ထင်မိတော့သည်။ ထို့အတူ မိမိနိုင်ငံသည်လည်း မိမိအိမ်ကဲ့သို့ လုံခြုံရန်အတွက် စည်းရိုးလိုအပ်ပေသည်။ ပုံမှန်အားဖြင့် ကြည့်လျှင် မသိသာသော်လည်း ဝင်ရောက်ကျူးကျော်သူများ ရှိလာလျှင် မိမိနိုင်ငံသည် စည်းရိုးပြင်ထားရန် လိုအပ်ပေသည်။ ယနေ့အခြေအနေကား စည်းရိုးပြင်ရမည့် အခြေအနေပင် ဖြစ်လေသည်။ ဤနေရာတွင် အနည်းငယ်ပြောချင်သည်မှာ စည်းရိုးပြင်ထားရုံဖြင့် မလုံလောက်သေးပေ။ အမိနိုင်ငံနေတိုင်းရင်းသား ညီအစ်ကို မောင်နှမ အချင်းချင်း စည်းလုံးညီညွတ်ရန်လည်းလိုအပ်ပေသေး၏။ ထိုအကြောင်းကို "ကျားဆိုးမလာ၊ တားဆီးရာဝယ်၊ ပညာလုပ်အား၊ မှန်တရားသည်၊ ပြည်အားစစ်စစ်၊ ပြည့်အနှစ်ဟု၊ ပြည်ချစ်စိတ်နှင့် အမြင်နှင့်" ဟု ရေးဖွဲ့ထားပါသည်။ မှန်ကန်သောနည်းလမ်းဖြစ်သည့် ပညာဉာဏ်ဖြင့် ကြိုတင်ပြင်ဆင်ထားဖို့သာ လိုပါသည်။ စည်းလုံးခြင်းမရှိလျှင်လည်း ပျက်စီးရတတ်ကြောင်း တိရစ္ဆာနနီတိတွင် "ရှေးကငုံးအပေါင်းသည် အချင်းချင်းမညီညွတ်ဘဲ အချင်းများကြ၍ ပျက်စီးရကြောင်း" ကို ဖော်ပြထားပါသည်။ ယနေ့တွင် အမျိုးဘာသာ၊ သာသနာနှင့် အမိနိုင်ငံတော်အတွက် စည်းလုံးညီညွတ်ကြဖို့ လိုပေပြီ။ အမျိုးဘာသာ၊ သာသနာအတွက် အရေးကြီးသောအချိန်တွင် ကျွန်တော်တို့နိုင်ငံသားများသည် အသိလိမ္မာ ဉာဏ်ပညာဖြင့်တွေးဆကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားဖြင့် အမိနိုင်ငံအတွက် စည်းရိုးပြင်ထားကြရန် လိုအပ်သည့်အကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ဆောင်းပါး

# အချစ်လွန် ဗိုင်းရပ်စ်နှင့် အနာဂတ် ရင်သွေးငယ်များ

လှိုင်းလေပြေဦး(ညောင်ဦး)

ယနေ့ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ လူမှုအသိုင်းအဝိုင်း လည်ပတ်ပုံကလည်း ဆုတ်ယုတ်လို့လာတာ တွေ့ရတယ်။ ခေတ်မီအသုံးအဆောင်တွေ ပေါ်လာတာနဲ့အမျှ မိသားစုအချင်းချင်း၊မိတ်ဆွေအချင်းချင်း စုပေါင်းလုပ်ဆောင်တတ်မှုတွေ နည်းလာတာ သတိပြုမိတယ်။ စာရေးသူတို့ ငယ်ငယ်ကဆို ညဘက်ကလေးတွေစာကျက်ပြီးရင် အိမ်နီးနားချင်းတွေစုပေါင်းပြီး တီဗွီကြည့်ကြတယ်။ ဇာတ်လမ်းခွေဆိုလည်း စုပြီးငှားကြတယ်။ ဇာတ်လမ်းကြည့်ရင်း ငိုစရာရှိလည်း တူတူငို၊ ပျော်စရာရှိလည်း တူတူပျော် ဇာတ်လမ်းကပေးတဲ့ ရသကို အတူတူမျှဝေခံစားကြတာပါပဲ။ ဒါကြောင့် ထင်ပါရဲ့။ တစ်မိသားစုနဲ့ တစ်မိသားစုကြား အကြောင်းအရာတစ်ခုခုရှိရင် ဝန်းကြ ဝိုင်းကြ စည်းလုံးကြတယ်။ တချို့ညတွေဆို လူကြီးသူမတွေရဲ့ရှေးဟောင်းနှောင်းဖြစ် အကြောင်းအရာများက စိတ်ဝင်စားဖွယ်နားထောင်လို့ ကောင်းလှတယ်။ တချို့ညများကျလည်း ကလေးတစ်သိုက် လသာသာမှာ စုပေါင်းကစားကြတယ်။ ကြီးသူကငယ်သူကို စောင့်ရှောက် သူ့အရွယ်နဲ့သူ့နေရာပေးပြီး ဖွဲ့စည်းကစားကြတယ်။ ကစားနည်းတွေကလည်း စုပေါင်း လုပ်ဆောင်ကြရတော့ ကလေးတွေရဲ့ စိတ်ကလည်း ခွဲခြားဆက်ဆံတတ်မှုတွေ၊ အနိုင်ကျင့် ဗိုလ်ကျခြင်း တွေလည်းမရှိဘူး။ စုပေါင်းလုပ်ဆောင်တတ်တဲ့အလေ့အကျင့်ကောင်းတွေအပြင် "ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" တတ်တဲ့စိတ်ထားကို ကစားနည်းတွေကနေ အလိုလိုသင်ယူပြီးသား ဖြစ်နေကြတယ်။ ကလေးတွေအတွက် ကာယ၊ ဉာဏ နှစ်ခုလုံးကို အကောင်းဆုံးထောက်ပံ့ပေးပြီးသားဖြစ်နေတာပါပဲ။ နွေရာသီဆို ကာတွန်းစာအုပ်၊ ဗုဒ္ဓဝင်စာအုပ်တွေ စုဖတ်ကြတယ်။ စာထဲပါတဲ့ အကြောင်းအရာတွေကို ပြန်ပြောကြနဲ့ တကယ့်ကို ပျော်စရာကောင်းပါတယ်။အတိတ်နေ့ရက်တွေကို စာရေးသူပင် စီကာစဉ်ကာ လွမ်းမိပါတော့တယ်။

× × ×

စာရေးသူတို့ သေချာပြန်တွေးကြည့်ရင် ကျန်ခဲ့တဲ့ ခေတ်တစ်ခုမှာလည်း မိသားစုတွေ ကျပ်တည်းခဲ့တာပါပဲ။ ဒါပေမဲ့ မိသားစု အတူတကွနေထိုင်ချိန်ရတယ်။ မိဘနဲ့သားသမီးကြား အေးဆေးစကားပြောပြီး ဆုံးမချိန်ရကြတယ်။ ကလေးငယ်တွေ ပညာမလစ်ဟင်းဘဲ ဆော့ကစားချိန်ရကြတယ်။သားသမီးအပေါ် အပြည့်အဝဖြည့်ဆည်းမပေးနိုင်ခဲ့ရင်တောင် အဆိပ်အတောက်ကင်းအောင်တော့ အများဆုံးပြုစုပျိုးထောင်နိုင်ကြတယ်။ ဒီနေ့ခေတ်နဲ့တော့ အကွာကြီး ကွာဟလာတာ အားလုံးသတိထားမိမှာပါ။ ဒီနေ့ခေတ်မှာလည်း မိသားစုတွေ ကျပ်တည်းနေတုန်းပါပဲ။ မိသားစု စီးပွားရေးသာမက သားသမီးအပေါ် အုပ်ချုပ်မှုပိုင်းမှာပါ ဆုတ်ယုတ်လို့ လာတာတွေ့ရတယ်။ ခေတ်မီတိုးတက်လာတဲ့ခေတ်မှာ ပြိုင်ဆိုင်မှုတွေပါတိုးပွားလာတာကိုး။ မိဘအချင်းချင်း ပြိုင်ဆိုင်မှုကနေ သားသမီးတွေ အချင်းချင်း ပြိုင်ဆိုင်ကြရတယ်။ အချင်းချင်း စုပေါင်းလုပ်ဆောင်ပြီး မျှဝေခံစားဖို့ထက် သူ့ထက်ငါသာအောင်ဆိုတဲ့ ပြိုင်ဆိုင်လိုစိတ်တွေ မြင့်တက်လာတာတွေ့ရတယ်။ ပညာအရာမှာ ပြိုင်ဆိုင်ယှံ့သာမက ရုပ်ဝတ္ထုပစ္စည်းတွေပါ ပြိုင်ဆိုင်လာကြတယ်။ ပညာအရာမှာလည်း နည်းလမ်းတကျလားဆို မဟုတ်ပြန်ပါဘူး။ မိဘတွေ လောဘကြီးရင်ကြီးသလောက် နည်းလမ်းမျိုးစုံနဲ့ ပြိုင်နေကြတာပါပဲ။ သားသမီးအတွက် ဘယ်လောက် ဝန်ထုပ်ဝန်ပိုးဖြစ်မလဲ မစဉ်းစားကြတော့ဘူး။ မိဘတွေသတိမမူမိတာက ကိုယ်လုပ်ဆောင်သမျှက ဗိုင်းရပ်စ်ပိုးလို မိမိသားသမီးအပေါ် တိုက်ရိုက် သက်ရောက်နေတယ်၊ ကူးစက်နေတယ် ဆိုတာပါပဲ။ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဆိုတဲ့ စကားကို မမေ့လျော့သင့်ပါဘူး။ ကိစ္စတိုင်းကို လုပ်ဆောင်ရာမှာ တိုးတက်ခြင်းနှင့်အတူ တစ်ဖက်က ဆုတ်ယုတ်ခြင်းကိုပါ ထည့်တွေးကြဖို့လိုပါတယ်။

× × ×

မိဘတိုင်းက မိမိသားသမီးကို အတော်ဆုံးအကောင်းဆုံးချည်းဖြစ်ချင်ကြတယ်။ ဒါကလည်း ခေတ်တွေ ဘယ်လိုပြောင်းပြောင်း မပြောင်းလဲတဲ့ မိဘမေတ္တာကို အရင်းခံဖြစ်ပေါ်လာတဲ့ အတ္တတွေပါပဲ။ ။ ယနေ့ခေတ်မှာ လိုတာထက်ပိုလာတဲ့ အတ္တတွေက ကြောက်စရာကောင်းလာပြီ။ ကလေးတွေမှာ နားချိန်၊ ကစားချိန်မရှိတော့ဘူး။ ကျူရှင်၊ ဂိုက်၊ ညဘက် စာကြည့်အိမ်၊ အင်္ဂလိပ်စာသီးသန့် စသဖြင့် ပွေ့ဂျာရိုက်အောင် အချိန်ပြည့်သင်ယူကြရတယ်။ ခဏနားတဲ့အချိန်မှာလည်း ကာယကိုအသုံးချတဲ့ကစားနည်းထက် ဖုန်းနဲ့ ဂိမ်းပေးကစားကြပြန်တယ်။ တချို့အလယ်တန်းအရွယ် ကလေးငယ်များကို ဖုန်းပေးထားကြတယ်။ မြင်းချိုတပ်တာက တော်ချင်တော်ဦးမယ်။ အတွေးမကြွယ်တဲ့ ကလေးငယ်ကို ဖုန်းပေးကိုင်ခြင်းက အန္တရာယ်ကို လက်ယပ်ခေါ်သလိုပင်။ ကိုယ့်သားသမီးမျက်နှာမငယ်ရအောင် ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကလေးတွေရဲ့အနာဂတ်က မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေး ငေးကြည့်နေရသလိုပင်။ ဒီလိုပုံစံမျိုး ပြုစုပျိုးထောင်ခြင်းက စာရေးသူတို့နိုင်ငံရဲ့ မျိုးဆက်သစ်တွေကို ကာယ၊ ဉာဏနဲ့ပြည့်စုံတဲ့ လူတော်လူကောင်းတွေ ဖြစ်လာနိုင်သလား စဉ်းစားကြဖို့ လိုပါတယ်။ ဒီလို ပြုစုပျိုးထောင်နေကြရုံနဲ့ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်မှု စွမ်းရည်မြင့်တက်မလာနိုင်ပါဘူး။ အရာရာ စက်ယန္တရားတစ်ခု လည်ပတ်သလို စက်ရုပ်တစ်ရုပ်လိုပဲ လုပ်ကိုင်တတ်ပါလိမ့်မယ်။ မျှဝေခံစားတတ်တဲ့ စိတ်တွေလည်း ကွယ်ပျောက်သွားနိုင်တယ်။ သူ့ထက်ငါသာအောင်ဆိုတဲ့ ပြိုင်ဆိုင်လိုစိတ်တွေနဲ့ ကိစ္စတစ်ခုကို လုပ်သင့်မလုပ်သင့် မပိုင်းခြားကြဘဲ လောကကို ခြယ်မှုန်းကြရင် နိုင်ငံရဲ့အနာဂတ်က လွန်စွာကြောက်စရာကောင်းလာနိုင်တယ်။ ဒီတော့ မိဘတွေအနေနဲ့ ကလေးငယ်တွေရဲ့ အနာဂတ်ကို ဘယ်လိုလမ်းခင်းပေးသင့်သလဲ၊ လမ်းညွှန်ပြသင့်သလဲ စဉ်စားကြဖို့ လိုပါတယ်။

× × ×

ဒီအကြောင်းအရာနဲ့ ဆက်စပ်တဲ့ စာရေးသူ နှစ်သက်မိတဲ့ စာတစ်ပုဒ်ကို ပြန်လည်မျှဝေပေးချင်ပါတယ်။ဆရာ ဇန်းမော်သိန်းဖေရဲ့ ပထမအကြိမ်ထုတ်ဝေသော 'မျှဝေလိုသော အတွေးများ' စာအုပ်ထဲက 'အဖေနှင့်သား' ဆိုတဲ့စာပုဒ်လေးပါ။ 'အဖေနှင့်သား' စာပုဒ်လေးတွင် တစ်နေ့မှာ လူငယ်လေးတစ်ယောက်ဟာ မျက်စိကြည့်မကောင်းလို့ သူ့အဖေကိုပြောပြ တယ်။ အဖေက သူ့မျက်မှန်ကိုချွတ်လိုက်ပြီး သူ့သားလက်ထဲ ထည့်ပေးရင်း ပြောလိုက်တယ်။

"ငါ့မျက်မှန်တပ်ကြည့်စမ်းကွာ၊ ငါဒီမျက်မှန်တပ်ထားတာ ၁၀ နှစ်ရှိပြီ။ အရမ်းကြည့်လို့ ကောင်းတယ်ကွ၊ ငါ့မှာ အပိုတစ်လက်ရှိလို့ မင်းကိုပေးတာ၊ မင်းနဲ့အဆင်ပြေရင် ယူသွား"တဲ့။

သားဖြစ်သူကလည်း အဖေ့မျက်မှန်ကိုတပ်ကြည့်လိုက်တယ်။ အရင်ထက်တောင်ပိုမမြင်ရတော့ဘူး။

ဒါကြောင့် သူက "ပိုဆိုးသွားတယ်အဖေ၊ ဘာမှတောင်မမြင်ရတော့ဘူး" လို့ ပြောလိုက်တယ်။

အဖေက "ဘာဖြစ်လို့လဲ၊ သေသေချာချာ ကြိုးစားပြီး တပ်ကြည့်စမ်းပါကွာ၊ ငါ့အတွက်တော့ ဒီမျက်မှန်ဟာ အရမ်းကောင်း၊ အရမ်းကြည်ပဲကွ"လို့ ပြောတယ်။

သားက "ကျွန်တော်ကြိုးစားတပ်ကြည့်ပါတယ် အဖေရာ၊ အားလုံးဝါးနေတုန်းပဲ"

အဖေက "သားကလည်းကွာ၊ အကောင်းမြင်စိတ်လေး မွေးမှပေါ့"

သားက "ကျွန်တော်အကောင်းမြင်စိတ်မွေးပြီး ကြည့်ပါတယ် အဖေရာ၊ ဘာမှကို မမြင်ရလို့ပါ"

အဖေက "မင်း ငါ့စေတနာကို နားမလည်ဘူးနော်၊ ငါ့မှာ မင်းကိုချစ်လွန်းလို့ ကူညီပေးနေတာ" တဲ့။

ကဲ၊ ဘာဆက်ဖြစ်ကြမလဲ တွေးကြည့်ပေတော့။ မိဘတွေလည်း သားသမီးတွေကို ချစ်လွန်းတော့ ကိုယ်ဖြစ်ချင်တဲ့ ပုံစံရောက်အောင် အတင်းလုပ်ခိုင်းတတ်ကြတယ်။ သားသမီးဖြစ်ချင်တဲ့ဘဝ လိုချင်တဲ့ဆန္ဒနဲ့ မကိုက်ညီရင် စောစောက သားအဖဖြစ်ကြသလို နှစ်ဦးနှစ်ဖက်စလုံး အဆင်ပြေကြမှာ မဟုတ်ပါဘူး။ မိဘကလည်း ငါ့စေတနာ သဘောမပေါက်ဘူးဆိုပြီး စိတ်ဆင်းရဲလိမ့်မယ်။ သားသမီးဘက်ကလည်း သူတို့မလုပ်ချင်တာ၊ ဝါသနာမပါတာကို အတင်းလုပ်ခိုင်းတယ်ဆိုပြီး မိဘအပေါ် အပြစ်မြင်ကြလိမ့်မယ်။ အဲဒီလို မိဘမျိုးမဖြစ်ဖို့ သတိထားစေချင်ပါတယ် ။ ကိုယ့်မျက်မှန်ကို သားသမီးကို အတင်းမတပ်ခိုင်းဖို့ အရေးကြီးပါတယ်။

ဒီအကြောင်းအရာလေးထဲက မိဘမျိုးမဖြစ်ဖို့ လိုပါတယ်။ ကလေးဆိုတာ သူ့အရွယ်နဲ့ သူ့ဟန် ပြောင်းလဲတတ်တာမျိုးပါ။ ပြောင်းလဲသွားတဲ့အပေါ်ကနေပဲ လူကြီးတွေက အနည်းငယ်လိုက်ပြီး ထိန်းကွပ်ပေးကြဖို့ပဲလိုပါတယ်။ မိမိရင်သွေးရဲ့ သူ့အရွယ်သူ့စိတ်ဖြစ်ပေါ်တတ်တာတွေကို မျက်ကွယ်ပြုမထားသင့်ပါဘူး။ လူကြီးဆိုတာ ငယ်ရာကကြီးလာကြတာမို့ ကလေးတွေရဲ့ဘဝကို စာနာနားလည်ပေးနိုင်ဖို့လွယ်ပါတယ်။ သားသမီးအပေါ် အတ္တလွှမ်းကဲစွာ ချစ်လို့ကတော့ စာထဲက အဖေလို ကိုယ့်မျက်မှန်ကို အတင်းတပ်ခိုင်းသူမျိုးသာဖြစ်ပါလိမ့်မယ်။

× × ×

စာရေးသူတို့ရဲ့ အနာဂတ်ရင်သွေးငယ်တွေက ဇွန် ၁ ရက်ဆို ကျောင်းပြန်တက်ကြရပါပြီ။ ယခင် ယခင် နှစ်များကဲ့သို့ လူကြီးများရဲ့ အချစ်လွန်ဗိုင်းရပ်စ်ပိုး ဒဏ်ခံကြရမလား။ ပညာသင်စနစ်အသစ်နဲ့အတူ မိဘ၊ ဆရာပူးပေါင်းပြီး ဗိုင်းရပ်စ်ပိုးများ သေဆုံးသွားမလား။ လားပေါင်းများစွာဖြင့် မျှော်လင့်ရင်း "ဒါသင်၊ဒါကျက်၊ ဒါမေး၊ ဒါဖြေ" စနစ်ပပျောက်ဖို့သာ ဆုတောင်းမိတော့တယ်။ အနာဂတ်ရင်သွေးငယ်များက ကာယ၊ ဉာဏ အားနှစ်ဖြာနဲ့ ကြီးပြင်းလာဖို့ လိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်အတွက် လွန်စွာအရေးကြီးတဲ့ ရင်သွေးငယ်များ လမ်းမှားမရောက် လမ်းမှန်ရောက်ဖို့ လူကြီးတိုင်းမှာ တာဝန်ရှိပါတယ်။ အတ္တဖက်ပြီး သူ့ကလေး ငါ့ကလေး ခွဲခြားစိတ်မျိုးထက် ငါတို့နိုင်ငံတော်ရဲ့ မျိုးဆက်သစ်ဆိုတဲ့ စိတ်လေးသွင်းပြီး မိဘဆရာ ပူးပေါင်း လုပ်ဆောင်သွားသင့်ပါတယ်။ အချစ်လွန်ဗိုင်းရပ်စ်ပိုးနှင့် အနာဂတ်ရင်သွေးငယ်များကို လျစ်လျူမရှုဘဲ သတိပြုမိရန် အလို့ငှာ ရေးသားမိပြန်ပါတော့တယ်။ ။

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေးနှင့် ရွှေပါရမီဖောင်ဒေးရှင်းများ၏ဥက္ကဋ္ဌ) အား မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEA) ၏ [၁၈] ကြိမ်မြောက်အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆန္ဒမဲပေး၍ ရွေးချယ်ခံရခြင်းအတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါကြောင်း နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်မြင့်+ဒေါ်ခင်ဖုန်းမြင့် - A & K GEMS & JEWELLERY (ဗိုလ်ချုပ်အောင်ဆန်းဈေး)
ဦးစိုးနိုင်+ဒေါ်တင်တင်နွယ် - SHWE PHYO PHYO AUTO SERVICE CO., LTD.
ဦးသိန်းဝင်း+ဒေါ်နီလာ - DIAMOND STAR GEMS & JEWELLERY

Victoria Hospital | High Tech ENT Head & Neck Surgery ONE STOP SOLUTION

## မလေးရှားနိုင်ငံမှ

## နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း အထူးကုပါမောက္ခဆရာဝန်ကြီးက ၂၀၁၈ ခုနှစ် ၊ ဇွန်လတွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများကို မလေးရှားမှ ဝါရင့်ကျွမ်းကျင် ခွဲစိတ်ဆရာဝန်ကြီးက အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြော နိုးဆွစက် ခွဲစိတ်တပ်ဆင်ပေးခြင်း။ (Cochelar Implant)
- ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကုစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလို ခွဲစိတ်ကုသပေးခြင်း။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။

ဇွန်လ (၂၂) ရက် နေ့တွင် ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပါသည်။
ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများပြုလုပ်ရန်လိုအပ်ပါသဖြင့်
ဇွန်လ (၁၈) ရက် နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန် | Hunt Line - 01 9666141 / Hot Lines - 09 783666 141~144 } Ext - 7065

**အမည်ပြောင်း**
ဦးမိုးကျော်သူ (၆/ထဝန(နိုင်)၀၆၃၂၄၈) ၏သားဖြစ်သူ ဗိုလ်တထောင်မြို့နယ် အ. ထ. က (၅) တတိယတန်းမှ မောင်ကောင်းမင်းသူခန့်အား မောင်ကောင်းဆက်နိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။
မောင်ကောင်းဆက်နိုင်

**GRACE**
-TOEFL
အမြန်သင်သည်။
PH-09-43020728

**ဒို့ရွှေမြေ**
အိမ်ခြံမြေရောင်းဝယ်ရေး
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် /မြောက်ပိုင်းမြို့နယ်များမှ မြေကွက်များဈေးကောင်းပေးဝယ်လိုသည်။
၀၉-၇၇၆၂၃၉၉၆၄
၀၉-၄၄၃၁၃၂၉၀၂

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲမှ မန္တလေးနေ့စဉ်သတင်းစာတိုက်ရှိ သတင်းစာစက္ကူ(ရိုက်ပျက်/ဖြူပျက်)များအား အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

၂။ ရောင်းချမည့်ပစ္စည်းအမျိုးအစားများ
(က) ရိုက်ပျက် -(၁၂. ၁၄၀)တန်
(ခ) စက်မတင်မီပျက်(ဖြူ/ပျက်) -(၅. ၄၇၃)တန်
(ဂ) လိပ်ကျန်ပျက်(ဖြူ/ပျက်) -(၅. ၈၄၃)တန်

၃။ အိတ်ဖွင့်ဈေးနှုန်းလေလံပုံစံရောင်းချမည့်ရက် -၂၈-၅-၂၀၁၈ရက်
အိတ်ဖွင့်ဈေးနှုန်းလေလံပိတ်မည့်ရက်/အချိန် -၂၀-၆-၂၀၁၈ရက် ညနေ(၄)နာရီ
အိတ်ဖွင့်ဈေးနှုန်းလေလံဖွင့်မည့်ရက် - ၂၃-၆-၂၀၁၈ရက် နံနက်(၁၀)နာရီ
အိတ်ဖွင့်ဈေးနှုန်းလေလံပုံစံရောင်းချမည့်နေရာနှင့်တင်သွင်းရန်နေရာ - ၃၅×၃၆လမ်းကြား၊ ၇၀×၇၁လမ်းကြား၊ မန္တလေးနေ့စဉ်သတင်းစာတိုက်
အိတ်ဖွင့်ဈေးနှုန်းလေလံပုံစံနှင့်စည်းကမ်းချက်များ ကျသင့်တန်ဖိုး (တစ်စုံလျှင်) - ၂၀၀၀ ကျပ်

၄။ သတင်းစာစက္ကူ(ရိုက်ပျက်/ဖြူပျက်)များအား ၃၅လမ်း၊ မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒု-ဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဖုန်း-၀၉-၂၀၅၉၇၇၅၊ ဌာနခွဲမှူး၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဖုန်း-၀၉-၂၀၃၁၁၃၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချရေးအဖွဲ့**

**မဟာမြကျွန်းသာ** အကယ်ဒမစ်စင်တာ (MMAC)
သင့်ပညာရေးအတွက်အကောင်းမွန်ဆုံးသောရွေးချယ်ရာ
ကိုယ်ပိုင်အထက်တန်းကျောင်း




တိုက် ၂–B၊ ၃–လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန် - ၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၈၆၂၈၆၁၈ / ပြင်ဦးလွင် - ၀၉ ၄၇၁၂၉၁၂၄ / ၀၉ ၃၃၀၂၀၁၁၁ / ဘားအံ - ၀၉ ၇၈၅၄၉၉၀၅၅၊ ၀၉ ၇၈၅၄၉၉၀၅၆

**ဝါးဘိုး၊ သိုက်ဝါး**
ပျိုးပင်၊ (၁)နှစ်သား၊ လူ(၁)ရပ်ကျော်၊ အထူးလျှော့ဈေး၊ ဒလ၊ ကော့မှူးကားလမ်းမဘေး၊ ဆင်ခြံကျေးရွာ။
**ဦးကျော်ဆင့်-ဒေါ်တင်မြင့်**
၀၉-၇၈၂၄၉၅၉၄၅၊ ၀၉-၄၅၀၀၉၅၅၉၉

**အမည်မှန်**
ဦးဝေပိုင်ကို [၁၄/ပသန(နိုင်) ၁၅၆၅၆၄]၏သား ထက်အောင်ရှိုင်း၏အမည်မှန်မှာ ထက်အောင်သျှိုင်းဖြစ်ပါကြောင်း။
**ထက်အောင်သျှိုင်း**

**ရောင်းရန်**
မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်မှ မြေကဝက်ကျော် ဂန္ဓမာလမ်းအနီး အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
**စုံစမ်းရန် ၀၉-၂၆၃၈၃၂၅၄၂**
**Miss Call ဖြစ်လျှင် ပြန်ဆက်မည်။**

**ပျောက်ဆုံးကြောင်း**
ဦးဝင်းဦး [၁၂/ဥကတ(နိုင်)၀၃၃၀၁၃]၏ သဘော်သား ပင်လယ်ပြင်လုပ်သက်မှတ်တမ်းစာအုပ် CDC 33070 မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉ ၄၂၀၀၁၅၅၁၆**

**မိုး သတိ ပြု**

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အထက(၁)ဒသမတန်းမှ မယမင်း၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းပိုင် [၁၂/ဒဂဆ(နိုင်)၀၀၄၅၆၃]ဖြစ်ပါသည်။

## အခန်းငှားလိုပါသည်

လူကြီးမင်းတို့၏ပိုင်ဆိုင်သော
လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ငှားရမ်းလိုပါက ကျွန်ုပ်တို့၏ အိမ်ခြံမြေအကျိုးဆောင်သို့ ပိုင်ရှင်တိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။ (ထိရောက်လျင်မြန်စွာ အကျိုးဆောင်ပေးပါမည်။)
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၈၆၄၆၆၈၉၇၊ ၀၉-၄၄၁၅၇၈၇၃၈၊ ၀၉-၄၄၈၀၄၁၉၄၉**

**Yum Yum ပူဇွန်ချဉ်စပ် နှင့် Xcite စားပြီး NISSAN SUNNY Brand New 8 စီး ကံစမ်းရယူကြပါစို့...**

AE47P27P76 | AU17K07Y10

၂၀၁၈ ခုနှစ်၊ ဧပြီ (၃၀)ရက်နေ့တွင် ကားကံထူးခဲ့သည့် အထက်ပါ ပေါက်မဲနံပါတ်များသည် ဆုမဲနောက်ဆုံးထုတ်ယူရမည့်ရက် ၂၀၁၈ ခုနှစ်၊ မေ (၃၀)ရက်နေ့အထိ ကံထူးရှင်ထွက်ပေါ်လာခြင်းမရှိသည့်အတွက် ကံစမ်းမဲစည်းမျဉ်းစည်းကမ်းအရ ပျက်ပြယ်သွားခဲ့ပြီးဖြစ်ပါသည်။




ထပ်မံကံစမ်းပေးမည့်နေ့ရက်
၂၀၁၈ ခုနှစ်၊ ဇွန်လ ( ၇ ) ရက်နေ့တွင် ( ၂ ) စီး

HOTLINE 09-8635247

www.facebook.com/yumyummyanmar www.yumyummyanmar.com
ပေါက်မဲပါသည့်အိတ်ခွံဖြင့်သာဆုမဲထုတ်ယူနိုင်ပါသည်

